# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၃)


# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ဗြိတိန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီပေးရေး၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ်၊ တရားရုံးနှစ်စဉ် အစီရင်ခံစာကို ပြည်သူလူထုရှေ့မှောက်သို့ ထုတ်ပြန်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ တရားရုံး နှစ်စဉ်အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် မေ ၂**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ တရားရုံး နှစ်စဉ်အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံ တရားစီရင်ရေး ဒုတိယမြောက် အစီရင်ခံစာဖြစ်သည့် ၂၀၁၇ ခုနှစ်၊ တရားရုံးနှစ်စဉ် အစီရင်ခံစာကို ပြည်သူလူထုရှေ့မှောက်သို့ ဝမ်းမြောက်ဂုဏ်ယူစွာ ထုတ်ပြန်လိုက်ပါကြောင်း၊ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု (Judicial Reform) လုပ်ငန်းစဉ်များကို မဟာဗျူဟာစီမံကိန်းများ ချမှတ်၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယခုကဲ့သို့ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်းသည် အရေးကြီးသည့် လုပ်ငန်းတစ်ခုအဖြစ် ပါဝင်ပါကြောင်း။

အကောင်းဆုံး တရားရုံးများအတွက် အပြည်ပြည်ဆိုင်ရာ မူဘောင် (International Framework for Court Excellence)အရ *စာမျက်နှာ ၃ ကော်လံ ၁* ❇




မြန်မာ့အလင်း

# ကုန်သွယ်မှုဖြင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုနှစ်ကုန်သွယ်မှုပမာဏသည် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုသမိုင်းတွင် အမြင့်ဆုံးဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ စာရင်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏဒေါ်လာ ၂၇ ဒသမ ၇၂ ဘီလီယံနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၉ ဒသမ ၂၁ ဘီလီယံရှိခဲ့ရာ ၂၀၁၇-၂၀၁၈ သည် စံချိန်တင် အများဆုံးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယခု ပြည်ပကုန်သွယ်မှုတိုးတက်လာခြင်းတွင် နယ်စပ်ကုန်သွယ်ရေးရော ပင်လယ်ရေကြောင်းကုန်သွယ်ရေးပါ တိုးတက်လာခြင်းဖြစ်သည်။ ကုန်သွယ်မှု စုစုပေါင်း ၃၃ ဘီလီယံကျော်တွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးက ဒေါ်လာ ၂၄ ဒသမ ၈၆ ဘီလီယံနှင့် နယ်စပ်ကုန်သွယ်ရေးက ဒေါ်လာ ၈ ဒသမ ၄၆ ဘီလီယံရှိခဲ့သည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှု ပမာဏသည် ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ ၃၄၂၇ ဒသမ ၂၅ သန်း ပိုမိုခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးက ယခင်ဘဏ္ဍာနှစ်ထက် ၆၈၆ ဒသမ ၉၅ သန်း ပိုမိုခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းများအရ သိရသည်။ မြန်မာနိုင်ငံမှ ပို့ကုန်အနေဖြင့် လယ်ယာထွက်ပစ္စည်း၊ ဆန်နှင့်ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်း၊ CMP ချုပ်ပြီးအဝတ်အထည်များအပါအဝင် ယခုနှစ် ပြည်ပပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၇ ဘီလီယံ စံချိန်တင်တင်ပို့နိုင်ခဲ့သည်။ ထို့ကြောင့် ကုန်သွယ်မှုလိုငွေလည်း လျှော့ချနိုင်ခဲ့သည်။ ကုန်သွယ်မှုလိုငွေမှာ ၂၀၁၅-၂၀၁၆ တွင် ၅ ဒသမ ၄၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၃ ဒသမ ၉၇ ဘီလီယံသို့ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

ပို့ကုန်များတွင် ဆန်တင်ပို့မှုသည် အားရစရာအကောင်းဆုံးဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၅၈၄ သန်း တင်ပို့နိုင်ခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်း အများဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၃၄-၁၉၃၅ ခုနှစ်က ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ၃ ဒသမ ၅၉ သန်းဖြင့် ရပ်တည်ခဲ့ရာ ယခုထိုစံချိန်နီးပါး ရောက်ရှိလာခြင်းဖြစ်ပါသည်။ ယခုနှစ်တွင် ကမ္ဘာ့ဆန်အများဆုံးတင်ပို့နိုင်သည့် ငါးနိုင်ငံစာရင်းတွင် မြန်မာနိုင်ငံ ပါဝင်လာသည်ကို တွေ့မြင်ရသည်။ယခုမကြာသေးမီက စပါးဝယ်ယူရာတွင် အနိမ့်ဆုံးကြမ်းခင်းဈေးအဖြစ် တင်းတစ်ရာလျှင် ငါးသိန်း သတ်မှတ်ပေးခဲ့ရာ ဆန်စပါးအပေါ်မှ ဝင်ငွေဖြန့်ခွဲမှုတွင် မူရင်းထုတ်လုပ်သူလယ်သမားများထံ ဝင်ငွေပိုမိုဖြန့်ခွဲရောက်ရှိတော့မည်ဖြစ်ပါသည်။

ပို့ကုန်တွင် နယ်စပ်ကုန်သွယ်ရေးသည်လည်း အားရစရာကောင်းလာသည်ကို တွေ့ရသည်။ ယခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးမှ ဆန်တန်ချိန် ၁ သန်း ၈ သိန်းကျော် တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် ၁ သန်း ၆ သိန်းကျော် တင်ပို့ခဲ့သည်။ စုစုပေါင်း ဒေါ်လာတစ်ဘီလီယံကျော် ရရှိခဲ့သည်။ ယခင်နှစ်များက နယ်စပ်ကုန်သွယ်ရေးမှ ဆန် ၇၀ ရာခိုင်နှုန်းကျော် တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ ၃၀ ရာခိုင်နှုန်းသာ တင်ပို့နိုင်ခဲ့ရာက ဈေးကွက်သစ်များ ရှာဖွေနိုင်မှုကြောင့် ပင်လယ်ရေကြောင်းဆန်တင်ပို့မှု မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ယခင်က တရုတ်ပြည်ဈေးကွက်သို့ နယ်စပ်မှ ဆန်တင်ပို့ရာတွင် မြန်မာဘက်မှ တရားဝင်တင်ပို့ခြင်းဖြစ်သော်လည်း တရုတ်ပြည်ဘက်မှ တရားမဝင်သတ်မှတ်သောကြောင့် အဆင်မပြေမှုများရှိခဲ့သည်။ ယခုနှစ်တွင် ယူနန်ပြည်နယ်မှ ဆန်တန်ချိန် တစ်သန်း တရားဝင်ဝယ်ယူရန် ကမ်းလှမ်းမှုများ ရှိလာသောကြောင့် နယ်စပ်ကုန်သွယ်မှု ပိုမိုတည်ငြိမ်လာစရာ ရှိပါသည်။ ။



# သဘာဝဘေးဒဏ်ခံခဲ့ရသည့် အမကကျောင်း နှစ်ကျောင်းအား ပညာရေးဌာနသို့ လွှဲပြောင်း



**ပုသိမ် မေ ၂**

ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း၌ ၂၀၁၅ ခုနှစ်က သဘာဝဘေးဒဏ်ခံခဲ့ရသော စာသင်ကျောင်းများအနက် ဂျပန်နိုင်ငံ ပြည်သူများကိုယ်စားပြု JICA မှ ဆောက်လုပ်လှူဒါန်းသော ပန်းပင်ဆိပ် အမကနှင့် ကညင်ကုန်း အမက စာသင်ကျောင်းနှစ်ကျောင်းကို စာသင်ချိန်အမီ ဆောက်လုပ်ခဲ့ရာ ပြီးစီးသဖြင့် ဧပြီ ၂၉ ရက်တွင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် ပန်းပင်ဆိပ်အမကနှင့် ကညင်ကုန်းအမက စာသင်ကျောင်းနှစ်ကျောင်းကို တစ်ပြိုင်တည်း ပူးပေါင်းဖွင့်လှစ်ရာ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး ဒေါ်ရင်ရင်မေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းတင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဓာတ်ပုံ)

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းတင်ထံသို့ ဂျပန်ပြည်သူများကိုယ်စား JICA ကိုယ်စားလှယ် ဦးစောမျိုးဝင်းသိန်းက ပန်းပင်ဆိပ် အမက ကျောင်း အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေရှိ တန်ဖိုးငွေကျပ်သိန်း ၁၇၀၀ ကုန်ကျမှု စာရွက်စာတမ်းများကို လည်းကောင်း၊ ကညင်ကုန်း အမကကျောင်း အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေရှိ စာသင်ဆောင်ကို ငွေကျပ် သိန်း ၁၃၀၀ ကုန်ကျမှု စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့်လည်းကောင်း လွှဲပြောင်းအပ်နှံခဲ့ကြသည်။

**ပုသိမ်-လှကြည်**

**ထင်သာမြင်သာပြုပြင်စရာ**

# ပြင်ဦးလွင်ရှိ လမ်းဘေးကျူးကျော်ဈေးဆိုင်များ ဖယ်ရှားပေးစေလို

ပြင်ဦးလွင်မြို့သည် တောင်ပေါ်အပန်းဖြေစခန်းမြို့တစ်မြို့ဖြစ်သည်နှင့်အညီ ပြည်တွင်း ပြည်ပမှ လာရောက်လည်ပတ်ကြသော ဧည့်သည်များနှင့် နေ့စဉ် မြို့တွင်း၊ မြို့ပြင်တို့၌ အထူးစည်ကားလျက်ရှိသည်။

သို့သော်လည်း မြို့တွင်းလူစည်ကားသောနေရာတချို့ရှိ ဈေးဆိုင်များသည် လမ်းမများအနီးရောက်သည်အထိ ကျူးကျော်၍ ကုန်ပစ္စည်းများကို တည်ခင်းရောင်းချလျက်ရှိနေသောကြောင့် လမ်းသွားလမ်းလာ အများပြည်သူတို့ စိတ်အနှောင့်အယှက်ဖြစ်ရပြီး ယာဉ်မတော်တဆမှု အန္တရာယ်များလည်း မကြာခဏကြုံတွေ့နေရကြောင်း သိရသည်။



"ဈေးဆိုင်တွေက လူသွားလမ်းပလက်ဖောင်းကိုကျော်ပြီး လမ်းမပေါ်နားအထိ တည်ခင်းရောင်းချနေကြတယ်၊ လူတွေလမ်းမကြီးဘေးကနေ အန္တရာယ်ကင်းရှင်းစွာနဲ့ လမ်းလျှောက်သွားရမယ့် လမ်းဘေးပလက်ဖောင်းတွေက ဈေးဆိုင်တွေရဲ့အတွင်းထဲကို ရောက်ကုန်ပြီဆိုတော့ ဘယ်လိုလုပ် လမ်းလျှောက်လို့ရတော့မလဲ၊ ဈေးဆိုင်တွေက သူတို့ရဲ့ကုန်ပစ္စည်းတွေကို လူသွားလမ်းပလက်ဖောင်းကျော်တဲ့အထိ ခင်းကျင်းလိုက်ကြပြီး ဘေးကနေလည်း အကာအရံတွေလုပ်လိုက်ကြတော့ ပလက်ဖောင်းတွေ ပျောက်ကုန်တယ်၊ ပြည်သူတွေ စိတ်အေးချမ်းသာစွာ သွားလာနိုင်ဖို့နဲ့ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းဘေးကျူးကျော်ဈေးဆိုင်တွေကို သက်ဆိုင်ရာက အမြန်ဆုံးအရေးယူဖယ်ရှားသင့်ပါတယ်" ဟု မြို့နေပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၅/၈၄၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၅/၈၇၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ . ၃ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၀ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ . ၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီငွေ၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)




**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ တရားရုံး နှစ်စဉ်အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနား တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

*❉ ရှေ့စာမျက်နှာမှ*

တိုင်းတာသော အညွှန်းကိန်းများတွင်လည်း တရားရုံး နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေး ပါဝင်သဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ တရားစီရင်ရေးဆိုင်ရာ တာဝန်သိမှု၊ တာဝန်ခံယူမှု (Judicial Accountability)အပေါ် တရားရုံးနှင့် ပတ်သက် နေသူများသာမက အများပြည်သူကပါ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန်ဖြစ်ကြောင်း၊ အစီရင်ခံစာပါ ကိန်းဂဏန်း အချက်အလက်များဖြင့် ညွှန်ပြသည့် (Quantity Justice) မှသည် တရားစီရင်ရေးဆိုင်ရာ အရည်အသွေး (Quality Justice)ကို သိမြင်နိုင်မည်ဖြစ်ကြောင်း၊ အသစ်သစ်သော ပြောင်းလဲမှု၊ စိန်ခေါ်မှုများ ကြုံတွေ့နေရသည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် တရားရုံးအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

နစ်နာဆုံးရှုံးသူများအတွက် တရားမျှတသည့် ကုစားမှုများ သွက်လက်မြန်ဆန်စွာ ဆောင်ကြဉ်းပေးနိုင်ရန်၊ ကျူးလွန်သူများကို ထိရောက်စွာ အရေးယူနိုင်ရန်ဆိုသည်မှာ တရားမျှတမှု ကဏ္ဍအတွင်းရှိ တရားစွဲအဖွဲ့အစည်းများ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေအထောက်အကူပေးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ တရားရုံးအသုံးပြုသူများ အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

တရားစီရင်ရေးစံနှုန်းများနှင့် တရားရုံးဆောင်ရွက်ချက်များအပေါ် အများပြည်သူက သိရှိနားလည်ပြီးမှန်ကန်စွာ ပါဝင်လာရေးအတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ထို့အတွက် အားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ယခုကဲ့သို့ နှစ်စဉ်အစီရင်ခံစာ အောင်မြင်စွာ ထုတ်ပြန်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ တရားမျှတမှု လိုလားသူများအတွက် တိုးတက်ကောင်းမွန်သည့် တရားမျှတမှုကို ဖော်ဆောင်နိုင်ရန် အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်၊ တရားရုံး နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ မိတ်ဆက်ခြင်းနှင့် ရှင်းလင်းခြင်းတို့ကို ဆက်လက်ပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ကော်မရှင်နှင့် ရေးရာကော်မတီများဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အစိုးရဌာနများ၊ တရားမျှတမှုကဏ္ဍနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်သူများကို ၂၀၁၇ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်ကို ဖြန့်ဝေခဲ့ပြီး အဆိုပါ အစီရင်ခံစာ စာအုပ်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ Website: www.unionsupreme-court.gov.mm တွင် ရယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်းကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂**

(၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ International Association of School Librarianship မှ ပါမောက္ခ ဒေါက်တာ ဒေးလ်ဂျစ်ဆင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်မှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၁ ရာစုတွင် လိုအပ်မည့် ကျောင်းစာကြည့်တိုက်မှူးများ၏ အရည်အချင်းတိုးတက်ရေးနှင့် စိန်ခေါ်မှုအခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ နှစ်စဉ်ကျင်းပပြီး အဖြေရှာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းအနေဖြင့် ကျောင်းစာကြည့်တိုက်နှင့် ပတ်သက်၍ ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်ဟု သိရှိရပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် နှစ်နှစ်တာကာလအတွင်း ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကိုဦးတည်ကာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀ တွင် ပါရှိသည့် လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းများကို ကဏ္ဍ ၉ ရပ် သတ်မှတ်ဖော်ထုတ်ပြီး ဦးစားပေးလုပ်ငန်း ၁၂ ရပ် ချမှတ်ကာ ကြိုးပမ်းပြုပြင် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နေထိုင်ရာကမ္ဘာကြီး၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့သည် ပညာရေးရေချိန်ပေါ်တွင် များစွာတည်မှီလျက်ရှိသည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ ပညာရေး ရေချိန်မြင့်မားရေးသည်လည်း စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး ချိန်ခွင်လျှာအနိမ့်အမြင့်နှင့် သက်ဆိုင်နေပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများကျင်းပပြီး စာကြည့်တိုက်မှူးများ အတွေ့အကြုံဖလှယ်ကာ စာကြည့်တိုက်များအတွက် ပိုမိုတိုးတက် ကောင်းမွန်သော ရလဒ်ကောင်းများကို ကျင့်သုံးခြင်းဖြင့် မိမိတို့မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သော အနာဂတ်များကို ဖော်ဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ အသင်းနာယက ဦးတင်မောင်လွင်နှင့် International Association of School Librarianship မှ ပါမောက္ခ ဒေါက်တာ ဒေးလ်ဂျစ်ဆင်းတို့က အမှာစကားပြောကြားကြပြီး အခြေခံပညာဦးစီးဌာန အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခ ဒေါက်တာဒေးလ်ဂျစ်ဆင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်မှူးများ၊ ကပြဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများလေးများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါစာကြည့်တိုက်၌ ဆက်လက်ကျင်းပရာ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ နိုင်ငံကိုယ်စားပြု စာကြည့်တိုက်မှူးများက နိုင်ငံအလိုက် စာတမ်းများဖတ်ကြားခြင်း၊ အစုအဖွဲ့သုံးစုခွဲ၍ Connect and collaborate၊ Reenergizing School Libraries၊ Planning Library Period Activities စသည့်ခေါင်းစဉ်များကို ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဝင် ဆရာမကြီး ဒေါ်တင်ဖုန်းနွယ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံနိုင်ငံများမှ ကျောင်းစာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိရသည့်အတွက် မြန်မာနိုင်ငံတွင် အခြေခံပညာကဏ္ဍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကူညီပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့(BNI) မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် တိုင်းရင်းသားမီဒီယာများ အနေဖြင့် လက်ရှိ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကူညီပေးရေးကိစ္စရပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွေးနွေး

**မန္တလေး မေ ၂**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်နှင့် တရားစီရင်ရေးနှင့် ဆက်စပ်သော ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများနှင့် ဥပဒေအရာရှိများပါဝင်သော တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားတို့၏ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပြီး ဌာနအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေများသည် ပြည်သူ့အကျိုးစီးပွားအတွက် ဖြစ်ရမည်ဖြစ်ပြီး လိုအပ်သလို ဥပဒေများကို ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် တရားဥပဒေစိုးမိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ပြည်သူ့အကျိုးစီးပွားအတွက်မူတည်ပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပေါင်းစပ်ညှိနှိုင်းရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကြီးကြပ်ဆောင်ရွက်သွားမည့်ကိစ္စများ၊ နိုင်ငံတော်၏ ဘဏ္ဍာကို ဆုံးရှုံးစေသည့် သက်သေခံပစ္စည်းများ ပျက်စီးမှုများကို ပြုပြင်ကြပ်မတ်ပေးရန်ကိစ္စ၊ တရားခွင်များတွင် တရားသူကြီးများအနေနှင့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ထုံးများနှင့်အညီ တိတိကျကျမြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန် ဆွေးနွေးတင်ပြခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်းတို့က တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများက တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆွေးနွေး မေးမြန်းခဲ့ကြသည့်အပေါ် သက်ဆိုင်ရာဌာနများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သံအမတ်ကြီး ဦးမျိုးတင့် ဘာရာဇီးနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၃**

ဘာရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ်၊ ဧပြီ ၂၅ ရက်တွင် ဘာရာဇီးလျားမြို့၌ ဘာရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ မီရှယ်ယ်တီမာထံ ပေးအပ်ပြီးဖြစ်သည်။

# မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ရိုနယ်ဂီလာအား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၃**

မစ္စတာ ရိုနယ်ဂီလာအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အစ္စရေးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရိုနယ်ဂီလာသည် ၂၀၁၇ ခုနှစ်တွင် အစ္စရေးနိုင်ငံ၊ Bar-Ilan တက္ကသိုလ်မှ ပဋိပက္ခဖြေရှင်းရေးနှင့် စေ့စပ်ညှိနှိုင်းမှုအတတ်ပညာ မဟာဘွဲ့ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် တဲလ်အဗီးတက္ကသိုလ်မှ ဥပဒေပညာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပြည်သူ့ရေးရာနှင့် သံတမန်ရေးရာဥပဒေဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဥပဒေနှင့် ဥရောပဥပဒေဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစ၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ကရာကတ်စ်မြို့၊ အော့တာဝါမြို့နှင့် ဘရပ်ဆဲလ်မြို့ရှိ အစ္စရေးသံရုံးအသီးသီးတွင် သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။

# မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဧလ**

# ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးတွင် မြန်မာအသင်း ကမ္ဘောဒီးယားကို ရှုံးနိမ့်

**ရန်ကုန် မေ ၂**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညပိုင်းက ဘရူနိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ ယင်းပွဲကို မူလက မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ည ၈ နာရီ မိနစ် ၂၀ မှ စတင်ယှဉ်ပြိုင်နိုင်ခဲ့သည်။

မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲ သုံးပွဲတွင် ရှုံးပွဲမရှိဘဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေကစားနိုင်ခဲ့သော်လည်း ယခုပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ရောက် လေးသင်းအနက် အတောင့်တင်းဆုံးအသင်းအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း ဗိုလ်လုပွဲတက်ရန် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။

မြန်မာ ယူ-၂၁ အသင်းသည် ပုံမှန်ပွဲထွက်နေသည့် ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး တိုက်စစ်တွင် ဝင်းနိုင်ထွန်းနှင့် ပြည့်စုံနိုင်ကို တွဲပေးခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ခံစစ်အမှားများခဲ့ပြီး မိနစ် ၃၀ အတွင်း နှစ်ဂိုးပေးခဲ့ရသည်။ ကမ္ဘောဒီးယားအသင်းအတွက် ဂိုးများကို တိုက်စစ်မှူး ကာကာဒါ တစ်ဦးတည်းက ၁၂၊ ၃၀ မိနစ်တွင် သွင်းယူခဲ့သည်။ မြန်မာအသင်းသည် နှစ်ဂိုးပေးလိုက်ရသောကြောင့် ကစားပုံပျက်သွားပြီး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနောက်ခံလူ ဗီဆယ်က ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့သောကြောင့် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးပြန်ရရန် ဒုတိယပိုင်းတွင် အောင်ကောင်းမာန်၊ ဇင်မင်းထွန်းတို့ကို ထည့်ကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ကမ္ဘောဒီးယားနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ကမ္ဘောဒီးယားအသင်းသည် မြန်မာတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သလို တိုက်စစ်ကလည်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အခြားဆီမီးဖိုင်နယ်ပွဲတွင် တီမောအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တီမောနှင့် ကမ္ဘောဒီးယားအသင်းတို့၏ ဗိုလ်လုပွဲကို မေ ၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် စင်ကာပူအသင်းသည် ပူးတွဲတတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

**ရဲရင့်ရှိုင်း**

# မိုးရာသီ လမ်းမပေါ် ရေကြီးရေလျှံမှုမဖြစ်စေရေး မြန်မာ့ဂုဏ်ရည်လမ်း ရေမြောင်းဖော်

**ရန်ကုန် မေ ၂**

မိုးတွင်းကာလ မိုးရွာသွန်းပြီဆိုလျှင် မြောင်းများ၌ ရေများပြည့်လျှံပြီး ကားလမ်းပေါ်ရေ နှစ်ပေ၊ သုံးပေခန့်အထိပင် ရေကြီးရေလျှံမှု အမြဲဖြစ်ပေါ်လျက်ရှိကာ လူရောကားပါ သွားလာခက်ခဲမှုရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းတစ်လျှောက် ရေမြောင်း အဟောင်းရှော အသစ်ပါ နှစ်မြောင်းစလုံး မေ ၂ ရက် နံနက် ၇ နာရီမှစတင်ပြီး စက်အား လူအားတို့ဖြင့် အမှိုက်သရိုက်များ ဆယ်ထုတ်ကာ မြောင်းဖော်ဆောင်ရွက်နေကြောင်း သိရသည်။

ရေမြောင်းအဟောင်း အသစ်နှစ်ခုစလုံး၌ စွန့်ပစ်အမှိုက်များ ပိတ်ဆို့နေ၍ ရေစီးအား မကောင်းခြင်းကြောင့် ရေကြီးရေလျှံရခြင်းဖြစ်ရာ ဘက်ဟိုးယာဉ်တစ်စီး၊ အမှိုက်သယ်ယာဉ် လေးစီး၊ အမှိုက်သယ်သန့်ရှင်းရေး စည်ပင်လုပ်သား ၅၀ တို့ဖြင့် သိမ်ဖြူလမ်းမကြီးထိပ်မှ မန္တလေးလမ်းအထိ၊ မြန်မာ့ဂုဏ်ရည်လမ်း ပေအရှည် ၈၀၀ကျော်ကို မြောင်းဖုံးများဖယ်ရှားကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တောင်ပိုင်းခရိုင် စည်ပင်သာယာ စီမံအုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွန်းက ပြောသည်။

ရေမြောင်းဖော် ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းလှိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်တို့ပါဝင်ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

“မြောင်းအကျယ်ကြီး အနက်ကြီးတွေ တူးပေးထားတာတောင် ရေက မစီးဘူး၊ တချို့လူတွေကလည်း ဆိုးတယ်၊ စည်းကမ်းမဲ့ပစ်တဲ့ အမှိုက်တွေက များနေတယ်၊ မြန်မာ့ဂုဏ်ရည်လမ်းက ဈေးသည်အပြည့်နဲ့ ညဈေးတန်းလမ်းဖြစ်နေပြီလေ၊ မိုးရွာလို့ရေကြီးရင် လှေစီးရမလိုဖြစ်နေတာ”ဟု မြန်မာ့ဂုဏ်ရည်လမ်း နေထိုင်သူတစ်ဦးက ပြောသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ ရမည်းသင်းမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံနှင့်သာယာဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဧလ**

# နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗြိတိန်နိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr.Andrew Patrick အား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက “ ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ” ကို မေ ၅ ရက် (စနေနေ့)နှင့် မေ ၆ ရက်(တနင်္ဂနွေနေ့)တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့သတင်းမီဒီယာသမိုင်းအား သတင်းမီဒီယာသမားများနှင့် ပြည်သူများ လေ့လာသိရှိနိုင်စေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် “မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်း” စာတမ်းဖတ်ပွဲကို ၂၀၁၇ ခုနှစ် မတ်လတွင် ပထမအကြိမ်အဖြစ် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက “ ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲ”တွင် စာတမ်း ၁၂ စောင် ဖတ်ကြားရန် လျာထားဆောင်ရွက်ထားပြီး အတည်ပြုဖတ်ကြားမည့် စာတမ်းများစာရင်းကို မကြာမီထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သတင်းမီဒီယာလုပ်ငန်းများအား လည်းကောင်း၊ စာအုပ်ဆိုင်များအားလည်းကောင်း၊ ခင်းကျင်းပြသနိုင်ရေးအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်တွင် ဆိုင်ခန်းငယ်များ ထားရှိဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး မေးခွန်းများ မေးမြန်းဆွေးနွေးနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်ပသတင်းမီဒီယာသမားများထံမှလည်း စာတမ်းများကို ဖိတ်ကြားသွားမည်ဖြစ်သည်။

“ဒုတိယအကြိမ်မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ” ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တာဝန်ယူကျင်းပခြင်းဖြစ်ပြီ ပြန်ကြားရေးဝန်ကြီးဌာနက စာတမ်းဖတ်ပွဲ ကျင်းပနိုင်ရန် ရန်ကုန်မြို့သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ အသုံးပြုခွင့်အား ပံ့ပိုးကူညီပေးထားကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သိရသည်။

**သတင်းစဉ်**

# ငွေဆောင်၊ ပုဂံနှင့် အင်းလေးဒေသများသို့ ရောက်ရှိနေသော လူရည်ချွန်များ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၂**

ငွေဆောင်၊ ပုဂံနှင့် အင်းလေး၌ ရောက်ရှိနေသော လူရည်ချွန်လူငယ်များသည် ယနေ့တွင် သက်ဆိုင်ရာဒေသများရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်းမှ ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ငွေဆောင်မြို့မှ ပုသိမ်မြို့သို့ သွားရောက်ကာ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်အား ဖူးမြော်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။



ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်း၊ ရွှေစာပုသိမ်ထီးလုပ်ငန်း **(ယာပုံ)** တို့သို့ ရောက်ရှိလေ့လာကြပြီး Royal Lake ပန်းခြံအတွင်း လှည့်လည်ကြည့်ရှုအပန်းဖြေကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုသိမ်မြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တွေ့ဆုံကြရာ တိုင်းဒေသကြီးဝန်ကြီးများက နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူမျာ ကိုယ်စား သုံးထပ်ကွမ်းလူရည်ချွန် မောင်မြတ်ဘုန်းဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ဒေါင်းလောင်းအထည်ချုပ်စက်ရုံသို့ ရောက်ရှိကြပြီး အထည်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုသိမ်မြို့နှင့် ငွေဆောင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ပညာအလင်္ကာတေးဂီတအဖွဲ့မှ တေးသံရှင်များ၏ တေးသီချင်းသီဆိုမှုများ၊ အကအလှုများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းမှ နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် နံနက်ပိုင်းတွင် စိန်သမာဓိငွေထည်လုပ်ငန်းနှင့် ပိုးထည်လုပ်ငန်း၊ အင်းပေါခုံကျေးရွာရှိ ပိုးထည်၊ ကြာထည်နှင့် ချည်ထည်လုပ်ငန်းများကို သွားရောက်လေ့လာခဲ့ကြပြီး အလိုတော်ပေါက်ဘုရားနှင့် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကာ ညောင်ရွှေမြို့ပေါ်ရှိ ညောင်ရွှေဟော်နန်းကို သွားရောက်လေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် ညောင်ရွှေမြို့နယ် ဗောရိသကျေးရွာ ငါးရှဉ့်ဖြူတံတားအနီးရှိ စံပြစိုက်ခင်းအား သွားရောက်လေ့လာခဲ့ကြသည်။

အလားတူ ပုဂံမြို့၌ ရောက်ရှိနေကြသည့် အဋ္ဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိကာ တောင်ကလပ်ပေါ်ရှိ ဘုရားများအား ဖူးမြော်လေ့လာကြသည်။ ယင်းနောက် ပုပ္ပားတောင်ဘေးမဲ့တော ဥယျာဉ်အတွင်း ပြသထားသော ပြခန်းများအား လေ့လာခြင်း၊ ဥယျာဉ်အတွင်းရှိ ပရဆေးပင်များအား လေ့လာခြင်းနှင့် ပုပ္ပားတောင်ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ ပုပ္ပားတောင်ဘေးမဲ့တော ဥယျာဉ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆွေနှင့် သစ်တောဝန်ထမ်းများက ရှင်းလင်းပြောကြားကြသည်။

လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် အဆိုပါဘေးမဲ့တောဥယျာဉ်ကို လေ့လာကြပြီး Popa Mountain Resort သို့ ရောက်ရှိလေ့လာကြပြီး မွန်းလွဲပိုင်းတွင် ပုဂံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**မျိုးဇင်နိုင်**



အင်းလေးခေါင်တိုင်အပန်းဖြေစခန်းမှ နဝမတန်းလူရည်ချွန် ကျောင်းသားကျောင်းသူများ စိန်သမာဓိ ငွေထည်လုပ်ငန်းအား ကြည့်ရှုစဉ်။




ပုဂံလူရည်ချွန်အပန်းဖြေစခန်း အဋ္ဌမတန်းမှ လူရည်ချွန်များ ပုပ္ပားတောင်ဆေးဖက်ဝင်အပင်များစိုက်ခင်း လေ့လာစဉ်။

# ၂၀၁၉ ခုနှစ်တွင် ပြောင်းလဲအသုံးပြုမည့် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းပုံစံသစ်နှင့် ပတ်သက်သည့် ရှင်းလင်းတင်ပြချက်

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအင်္ဂလိပ်စာဘာသာရပ် မေးခွန်းကို ကျောင်းသား၊ ကျောင်းသူများ ပြဋ္ဌာန်းစာအုပ်ကို အလွတ်ကျက်မှတ် ဖြေဆိုမှု လျော့နည်းစေပြီး ကျောင်းသား၊ ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုနှင့် ဆက်သွယ်ရေးသားနိုင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ၎င်းတို့၏ အမှန်တကယ်တတ်ကျွမ်းမှုကို စစ်ဆေးသော မေးခွန်းများဖြစ်စေရန် ရည်ရွယ်၍ ပြောင်းလဲခြင်းဖြစ်ပါသည်။

ပြဋ္ဌာန်းစာအုပ်နှင့် သင်ခန်းစာ (၁၄) ခုကို ပြောင်းလဲမည် မဟုတ်ပါ။ မေးခွန်းအားလုံးကိုလည်း ပြောင်းလဲမည် မဟုတ်ပါ။ သင်ကြားမည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူတို့အတွက် အခက်အခဲမဖြစ်စေဘဲ ကျောင်းသား၊ ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် အကျိုးကျေးဇူးကို ရှေးရှု၍ မေးခွန်းအချို့ကို မွမ်းမံပြင်ဆင်၊ ဖြည့်စွက်ခြင်းသာဖြစ်ပါသည်။ မေးခွန်းအများစုသည် ဒသမတန်း အင်္ဂလိပ်စာဖတ်စာအုပ်တွင် ပါရှိသော သင်ခန်းစာ ၁၄ ခုကို အခြေခံ၍ မေးမည်ဖြစ်ပြီး ကျောင်းသားအများစုဖြေဆိုနိုင်မည့် လွယ်၊ သင့်၊ ခက် မေးခွန်းများပါဝင်မည်ဖြစ်သဖြင့် သင်ခန်းစာများကို ကျေညက်စွာ လေ့လာထားသော ကျောင်းသား၊ ကျောင်းသူအများစု ဖြေဆိုနိုင်မည့် မေးခွန်းပုံစံဖြစ်ပါသည်။

**ပြောင်းလဲမည်မဟုတ်ပါ**

လက်ရှိ မေးခွန်းပုံစံတွင် မေးခွန်း(၉)ပုဒ်ပါရှိသကဲ့သို့ ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံတွင်လည်း မေးခွန်း(၉) ပုဒ်ပါရှိမည် ဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်စီအတွက် ပေးထားသော အမှတ်များကိုလည်း ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်း နံပါတ်(၁)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ်(၂)** ကို ပြောင်းလဲမည်မဟုတ်ပါ။ သို့သော် ဖတ်စာအုပ်ပါ စာပိုဒ်တွင်ပါရှိသည့် ကွက်လပ်ဖြည့်ရာတွင် အသုံးပြုရမည့် စကားလုံး အလုံး ၂၀ အစား စကားလုံး ၂၅ လုံး ပေးထားပါမည်။ စကားလုံးအရေအတွက် ပိုပေးထားသဖြင့် ယခင်ကထက် ပိုမိုစဉ်းစားပြီးမှ မှန်ကန်သော စကားလုံးများကို ရွေးချယ်နိုင်မည် ဖြစ်ပါသည်။

**ပြောင်းလဲမှုရှိပါသည်**

**မေးခွန်းနံပါတ်(၃)** တွင် ပြောင်းလဲမှုရှိပါသည်။ ယခင်က ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသော အကြောင်းအရာကို မေးသည့် မေးခွန်းငါးခုနှင့် ကဗျာများမှ မေးခွန်း(၅)ခုပါသည့် ကွက်လပ်ဖြည့် မေးခွန်း (၁၀)ခု မေးပါသည်။ ယခုမေးခွန်းတွင် မေးခွန်းနံပါတ် (၃)(က)နှင့် ၃(ခ) ဟုခွဲ၍ မေးပါမည်။ မေးခွန်းနံပါတ် (၃)(က)တွင် မေးခွန်း(၅)ပုဒ် မေးပါမည်။ ပြဋ္ဌာန်း စာအုပ်တွင် ပါသော စကားလုံးများကို မှန်ကန်စွာ သုံးတတ်မှုကို စစ်ဆေးရန် မေးခွန်းတစ်ပုဒ်စီတွင် ပြဋ္ဌာန်းစာအုပ်မှ မဟုတ်သော ဝါကျတစ်ကြောင်းနှင့် ရွေးချယ်ရန် စကားလုံး(၃)လုံးကို ပေး၍ မှန်ကန်သော စကားလုံးကို ရွေးချယ်စေပါမည်။ အလွတ်ကျက်မှတ်မှုလျော့နည်းစေရန်နှင့် ဖတ်စာအုပ်ထဲရှိသော Vocabulary Section နှင့် စာပိုဒ်များရှိ စကားလုံးများကို နားလည်ပြီး ပြန်လည်အသုံးပြုတတ်စေရန်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃)(ခ)တွင် ယခင်မေးခွန်းတွင်မေးသကဲ့သို့ ကဗျာစာကြောင်းများကို ကွက်လပ်ဖြည့်သည့် မေးခွန်း(၅)ပုဒ် မေးပါမည်။

**မေးခွန်းနံပါတ်(၄)** တွင် ပြောင်းလဲမှု အနည်းငယ်ရှိပါသည်။ မေးခွန်းအရေအတွက်(၅)ပုဒ်မှာ ပြောင်းလဲမှုမရှိပါ။ ယခင်မေးခွန်းများတွင်ကဲ့သို့ နံပါတ်(၁)နှင့် (၂)တွင် ရွေးချယ်ရန် ပေးမထားပါ။ နံပါတ်(၃)နှင့် (၄)တွင်လည်း Who said these words and to whom were they said? What does the underlined word refer to? From which unit are the following lines taken? စသည့် တစ်သမတ်တည်း မေးသည့် မေးခွန်းပုံစံမျိုး မေးမည်မဟုတ်ပါ။ ကျောင်းသား၊ ကျောင်းသူများ သင်ခန်းစာများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီး မေးခွန်းအမျိုးမျိုးကို ဖြေဆိုတတ်စေရန် မေးခွန်း(၄)ခု မေးမည်ဖြစ်ပါသည်။ နံပါတ်(၅)တွင် ယခင်အတိုင်း ကဗျာဆိုလိုရင်းကို မေးမည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၅)** တွင် ဖတ်စာအုပ်ထဲမှ မဟုတ်သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူတို့၏ အဆင့်နှင့်ကိုက်ညီသော စာပိုဒ်တစ်ပိုဒ် (Unseen passage) ကို ပေးထားပြီး မေးခွန်း(၅)ခု ဖြေဆိုစေပါမည်။ ကျောင်းသား၊ ကျောင်းသူတို့၏ စာဖတ်ပြီး နားလည်နိုင်စွမ်းကို အမှန်တကယ် စစ်ဆေးသည့် မေးခွန်းများဖြစ်ပါမည်။

**မေးခွန်း နံပါတ်(၆)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ်(၇)(က)နှင့် (၇)(ခ)** ပုံစံကို ပြောင်းလဲမည် မဟုတ်ပါ။

**ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ရေးသားနိုင်စေရန်**

**မေးခွန်းနံပါတ်(၈)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။ သို့သော် ကျောင်းသား၊ ကျောင်းသူများ ပေးစာရေးသူနှင့် လက်ခံသူတို့ကို ရောထွေးမှုမရှိစေရန် ပေးစာ(၃)ပုဒ်အစား ပေးစာ (၂)ပုဒ်ပေးထားပြီး မိမိနှစ်သက်ရာ တစ်ပုဒ်ကို ရေးသားရပါမည်။ စာလုံးရေ (၃၀၀) ထက် ပိုမရေးရန် ကန့်သတ်ထားပါမည်။ သို့သော် စာလုံးရေ အတိအကျရေးရန် မလိုပါ။ ကျောင်းသား၊ ကျောင်းသူများ မေးခွန်းနှင့် ဆီလျော်သော အကြောင်းအရာများကို လိုရင်းတိုရှင်း ကျစ်လျစ်တိကျစွာ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ရေးသားနိုင်စေရန် ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၉)** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။ ယခင်မေးခွန်းများအတိုင်း စာစီစာကုံး ခေါင်းစဉ်(၃)ခု ပေးထားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူတို့က မိမိတို့ကြိုက်နှစ်သက်သည့် ခေါင်းစဉ်တစ်ခုရွေး၍ စာစီစာကုံးရေးသားရပါမည်။ စာလုံးရေ (၅၀၀)ထက် ပိုမရေးရန် ကန့်သတ်ထားပါမည်။ သို့သော် စာလုံးရေ အတိမကျရေးရန် မလိုပါ။ ကျောင်းသား၊ ကျောင်းသူများ ပေးထားသော ခေါင်းစဉ်နှင့် ကိုက်ညီသော အကြောင်းအရာများကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ ရေးသားတတ်စေရန်နှင့် အလွတ်ကျက်မှတ်ပြီး မဆီလျော်သော အကြောင်းအရာများ ထည့်သွင်းရေးသားမှုကို လျော့နည်းစေရန် စာလုံးရေကန့်သတ်ခြင်း ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၈)နှင့်(၉)**သည် ကျောင်းသား၊ ကျောင်းသူတို့၏ စိတ်ကူးစိတ်သန်းဖြင့် တွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ စဉ်းစားဝေဖန်နိုင်မှု၊ ဆုံးဖြတ်နိုင်မှုနှင့် မိမိတို့အမြင်ကို ထုတ်ဖော်ရေးသားနိုင်မှုတို့ကို အမှန်တကယ် စစ်ဆေးသော မေးခွန်းမျိုးဖြစ်ပါမည်။

**ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်**

ယခု ပြောင်းလဲမည့် မေးခွန်းပုံစံကို ခြုံ၍ ကြည့်မည်ဆိုပါက ကျောင်းသား၊ ကျောင်းသူတို့၏ အလွတ်ကျက်မှတ်မှုကို အားပေးသော မေးခွန်းပုံစံအစား၊ ၎င်းတို့၏ စဉ်းစားဆင်ခြင် တွေးခေါ်နိုင်မှုနှင့် ကိုယ်ပိုင်အတွေးအခေါ်၊ အယူအဆများကို တင်ပြနိုင်မှုကို ဦးစားပေးသော မေးခွန်းပုံစံဖြစ်စေရန် ပြောင်းလဲခြင်းသာဖြစ်ပါသည်။ အင်္ဂလိပ်စာ တတ်ကျွမ်းမှုကို အမှန်တကယ် စစ်ဆေးသည့် မေးခွန်းပုံစံသို့ မေးခွန်းအားလုံးကို တစ်ပြိုင်နက်တည်း ပြောင်းလဲရန် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်သင့်မဖြစ်သေးသဖြင့် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဤမေးခွန်းပုံစံကို ပြောင်းလဲခြင်း ဖြစ်ပါသည်။ အမှတ်ပေး စည်းမျဉ်းများကိုလည်း ကျောင်းသား၊ ကျောင်းသူတို့၏ ဖြေဆိုချက်များ ဆီလျော်မှုရှိ၊ မရှိကို ဦးစားပေးစစ်ဆေးသော စည်းမျဉ်းများအဖြစ် တဖြည်းဖြည်းချင်း ပြောင်းလဲမည်ဖြစ်ပါသည်။ ထို့သို့ ပြောင်းလဲခြင်းဖြင့် ၂၀၂၃ ခုနှစ်တွင် ပြဋ္ဌာန်းစာအုပ်အသစ်ကို စတင်အသုံးပြုသည့်အချိန်၌ ကျောင်းသား၊ ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ကြံဆနိုင်မှုနှင့် ကျွမ်းကျင်စွာ ရေးသား ပြောဆိုနိုင်မှုတို့ကို အပြည့်အဝစစ်ဆေးသော မေးခွန်းများဖြစ်လာမည် ဖြစ်ပါသည်။ အင်္ဂလိပ်စာနမူနာ မေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀-၅-၂၀၁၈) ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ နမူနာမေးခွန်းတည်ဆောက်ပုံကို လေ့လာနိုင်ရန် ပူးတွဲဖော်ပြထားပါသည်။

**“ယခုပြောင်းလဲမည့် မေးခွန်းပုံစံကို ခြုံ၍ ကြည့်မည်ဆိုပါက ကျောင်းသား၊ ကျောင်းသူတို့၏ အလွတ်ကျက်မှတ်မှုကို အားပေးသော မေးခွန်းပုံစံအစား၊ ၎င်းတို့၏ စဉ်းစားဆင်ခြင် တွေးခေါ်နိုင်မှုနှင့် ကိုယ်ပိုင်အတွေးအခေါ်၊ အယူအဆများကို တင်ပြနိုင်မှုကို ဦးစားပေးသော မေးခွန်းပုံစံဖြစ်စေရန် ပြောင်းလဲခြင်းသာဖြစ်ပါသည်။ အင်္ဂလိပ်စာတတ်ကျွမ်းမှုကို အမှန်တကယ်စစ်ဆေးသည့် မေးခွန်းပုံစံသို့ မေးခွန်းအားလုံးကို တစ်ပြိုင်နက်တည်း ပြောင်းလဲရန် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်သင့် မဖြစ်သေးသဖြင့် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဤမေးခွန်းပုံစံကို ပြောင်းလဲခြင်းဖြစ်ပါသည်”**

**(နမူနာမေးခွန်းတည်ဆောက်ပုံ)**

**2019**

**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**

**ENGLISH Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**
**ANSWER ALL QUESTIONS.**

**I. Read the passage.**

ပြဋ္ဌာန်းစာအုပ်တွင် ပါရှိသော သင်ခန်းစာ (၁၄)ခုထဲမှ စာပိုဒ်တစ်ပိုဒ်ပေးထားပါမည်။

**(A) Write the correct word or words to complete each sentence. (5 marks)**

ဝါကျ (၁)ခုစီတွင် ကွက်လပ်(၁)ခုစီပါသော ဝါကျ (၅)ကြောင်း ပေးထားပြီး ကွက်လပ်များကို စာပိုဒ်ပါ အချက်အလက်များဖြင့် မှန်ကန်စွာ ဖြည့်ပေးရပါမည်။

**(B) Answer each question in one sentence. (5 marks)**

စာပိုဒ်ပေါ် အခြေခံသော မေးခွန်း(၅)ခုမေးထားပြီး တစ်ခုစီကို ဖြေဆိုရာတွင် စာကြောင်း တစ်ကြောင်းဖြင့် ပြည့်စုံစွာ ဖြေဆိုရပါမည်။

**II. Fill in each numbered blank with a word from the list given. There are five extra words. (10 marks)**

**Write down only the number of the blank and the word that fills it.**

ကွက်လပ် (၂၀)ပါသော ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ် (၁)ပိုဒ်ပေးထားပြီး ဖြည့်ရမည့် စကားလုံး (၂၅) လုံးပေးထားပါမည်။ မှန်ကန်သော စကားလုံး (၂၀)ဖြင့် ကွက်လပ်ကို ဖြည့်ပေးရပါမည်။

**III.(A) Choose the appropriate word(s) to complete the sentences. (5 marks)**

ပြဋ္ဌာန်းစာအုပ်ရှိ **Vocabulary Section** နှင့် စာပိုဒ်များတွင် ပါဝင်သော စကားလုံးများဖြင့် တည်ဆောက်ထားသော ဝါကျ (၅)ကြောင်း ပေးထားပါမည်။ ဝါကျတစ်ကြောင်းစီတွင် ရွေးချယ်စရာ (၃)ခုကို **A, B, C** ဖြင့်ပေးထားပြီး ဝါကျကို အဓိပ္ပာယ်ပြည့်စုံစေသည့် မှန်ကန်သော စကားလုံး (သို့မဟုတ်) စကားစုကို ရွေးချယ်ပေးရပါမည်။

**III.(B) Write the appropriate words or groups of words to complete the lines of verse. (5 marks)**

ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာများထဲမှ ကွက်လပ်(၁)ခုစီပါဝင်သော မေးခွန်း(၅)ခု မေးပါမည်။ ကဗျာစာကြောင်းများကို ပြည့်စုံအောင် မှန်ကန်သော စကားလုံးများဖြင့် ဖြည့်ပေးရပါမည်။

**IV. Give complete answers to these questions. (10 marks)**

ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာ(၁၄)ခုတွင်ပါရှိသော စာပိုဒ်များအပေါ် အခြေခံ၍ မေးခွန်း (၄)ပုဒ်ကို မေးပါမည်။ မေးခွန်းနံပါတ်(၅)တွင် ကဗျာများမှ ကောက်နုတ်ထားသော စာကြောင်း (၂)ကြောင်း၊ (၃)ကြောင်း ပေးထားပြီး **What do these lines mean?** ဟု မေးပါမည်။ ကဗျာ၏ ဆိုလိုရင်းကို တိကျမှန်ကန်စွာ ဖြေဆိုရပါမည်။

**V. Read the passage.**

ပြဋ္ဌာန်းစာအုပ်တွင် မပါဝင်သော တက္ကသိုလ်ဝင် ကျောင်းသား၊ ကျောင်းသူတို့ အဆင့်နှင့် ကိုက်ညီသည့် စာပိုဒ်တစ်ပိုဒ် ပေးထားပါမည်။

**Answer these questions. Give complete answers. (10 marks)**

မေးခွန်း(၅)ခုမေးပါမည်။ စာပိုဒ်ကို ဖတ်ပြီး မေးခွန်းများကို ပြည့်စုံစွာ ဖြေဆိုရပါမည်။

**VI. Punctuate the following. (5 marks)**

ပြဋ္ဌာန်းစာအုပ်တွင် မပါသော စာကြောင်း(၅) ကြောင်းပေးထားပြီး ၎င်းစာကြောင်းများကို သင့်လျော်သော **Punctuation Mark** များ သုံး၍ ပြန်ရေးပေးရပါမည်။

**VII.(A) Finish each sentence in such a way that it means exactly the same as the sentence that is given. (10 marks)**

ဝါကျ(၁၀)ကြောင်းပေးထားပြီး ၎င်းဝါကျများကို အဓိပ္ပာယ်မပြောင်းစေဘဲ ပေးထားသော ဝါကျအစ စကားလုံးများဖြင့် ပြည့်စုံစွာ ပြန်လည်ရေးသား ဖြေဆိုရပါမည်။

**(B) Using the prompts given, write a very short paragraph on ONE of the following. (10 marks)**

ဖတ်စာအုပ်ပါ သင်ခန်းစာများကို အခြေခံသော ခေါင်းစဉ်(၂)ခုပေးထားပါမည်။ မိမိနှစ်သက်ရာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ ပေးထားသော အချက်အလက်များကို အသုံးပြု၍ စာပိုဒ် တစ်ပိုဒ် ရေးသားရပါမည်။

**VIII. Letter Writing (10 marks)**

ရွေးချယ်ရန် ပေးစာ (၂)ခုပေးထားပါမည်။ မိမိနှစ်သက်ရာ ပေးစာတစ်စောင်ကို ရွေး၍ စာလုံးရေ (၃၀၀)ထက် မပိုသော ပေးစာတစ်စောင် ရေးသားရပါမည်။

**IX. Essay Writing (15 marks)**

ရွေးချယ်ရန် စာစီစာကုံးခေါင်းစဉ် (၃)ခု ပေးထားပါမည်။ မိမိနှစ်သက်ရာ တစ်ခုကို ရွေး၍ စာလုံးရေ (၅၀၀) ထက် မပိုသော စာစီစာကုံးတစ်ပုဒ် ရေးသားရပါမည်။

# နာဂစ်မုန်တိုင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ် မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်းနှင့် ပြည်သူလူထုအသိပညာပေးအစီအစဉ် ပြုလုပ်

**နေပြည်တော်  မေ ၂**

၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် အသက် ဆုံးရှုံးခဲ့ရသည့် ရဟန်းရှင်လူပြည်သူများကို ရည်စူး၍ အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရွှေမုဌောစေတီတော်မြတ်ကြီးနှင့် မြောင်းမြ ဘုန်းတော်ကြီးကျောင်းတို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်တို့ တက်ရောက်၍ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝိသာခါ (ဒေါ်လှယဉ်) ဓမ္မာရုံတွင် ကျင်းပသည့် နာဂစ်မုန်တိုင်းတိုက်ခတ်ခံရပြီး (၁၀)နှစ်ပြည့်အထိမ်းအမှတ် မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်း အခမ်းအနားသို့ တက်ရောက်ပြီး သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် နာဂစ်အလွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာရေးကို ရှေးရှု၍ ပြည်သူလူထု အသိပညာပြန့်ပွားရေး အစီအစဉ်အား ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နာဂစ်မုန်တိုင်းကျရောက်ခဲ့မှုဖြစ်စဉ်သည် သမိုင်းတွင် မေ့ပျောက်မရနိုင်သည့် ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းသည် နိုင်ငံအတွက် ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပွားစေခဲ့သည့်အတွက် ဝမ်းနည်းစရာနေ့အဖြစ် သတိရနေမည်ဖြစ်ကြောင်း၊ ယနေ့ (၁၀)နှစ်ပြည့် သတိတရအခမ်းအနား ကျင်းပရခြင်းသည် သင်ခန်းစာရယူရန်နှင့် သဘာဝဘေးတုံ့ပြန်ရန်အတွက် ပြန်လည်ဆန်းစစ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သတိရှိစေရန်အတွက်ဖြစ်ကြောင်း၊ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်ပေါင်း ၃၇ မြို့နယ်တွင် စုစုပေါင်း ၁၁ ဒသမ ၇ ထရီလီယံကျပ်ခန့် ဆုံးရှုံးမှုများခဲ့ပြီး လူပေါင်းတစ်သိန်းလေးသောင်းခန့် သေကျေပျက်စီး ပျောက်ဆုံးခဲ့ရပါကြောင်း၊ ဘေးလွန်ကာလတွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရဦးဆောင်မှုဖြင့် အဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတို့ကို ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၂ ဖွဲ့ကိုလည်း ဖွဲ့စည်းပြီး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အဆင့်တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို နှစ်စဉ်ငွေကျပ်ဘီလီယံ ၂၀ ခွဲဝေသတ်မှတ် ဆောင်ရွက်ထားပါကြောင်း၊ အဆိုပါ ရန်ပုံငွေမှ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် ဘေးလျော့ပါးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပေးလျက်ရှိပါကြောင်း၊ နာဂစ်လွန်ကာလတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကျောင်း၊ နေပြည်တော်တွင်အရေးပေါ် အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် လပွတ္တာမြို့တွင်လည်း နာဂစ်မုန်တိုင်းအတွင်း မိဘမဲ့ဖြစ်သွားကြသည့် ကလေးသူငယ်များအတွက် လူငယ့်အားမာန် သင်တန်းကျောင်းတို့ကို တည်ထောင်ပေးနိုင်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ခိုင်ခံ့သည့် အခြေခံအဆောက်အအုံများ အားနည်းသည့်အတွက် ဘေးဖြစ်ချိန်တွင် ခိုလှုံနိုင်ရန် မုန်တိုင်းဒဏ်ခံအဆောက်အအုံ အလုံး ၇၀၊ အခြားမုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ယခုနှစ်အတွင်းမှာလည်း ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၅၇ လုံး ထပ်မံဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း၊ ထိုနည်းတူစွာ အသိပညာပေးလုပ်ငန်းများနှင့် သရုပ်ပြလေ့ကျင့်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများလျော့ကျစေရေးအတွက် လူတိုင်းလူတိုင်းမှ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများရှိရန် လိုအပ်သကဲ့သို့ အဆိုပါ အသိတရားအပေါ်တွင် သတိဖြင့် တုံ့ပြန်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်အတိုင်း ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်သည့် လူ့အဖွဲ့အစည်းဖြစ်လာစေရေးနှင့် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင် အဆင်သင့်ဖြစ်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံမှုပြုလျက်ရှိပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီက ဦးဆောင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ပိုမိုကောင်းမွန်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုပုံစံအသစ်ဖြင့် ပြည်သူလူထုအပါအဝင် အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူကာ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က နာဂစ်မုန်တိုင်းလွန်ကာလတွင် တိုင်းဒေသကြီးအဆင့် တုံ့ပြန်ဆောင်ရွက်မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှ ရရှိသည့် သင်ခန်းစာများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူအားလုံးက ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ မေတ္တာပို့ ဆုတောင်းမှုပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့လူငယ့်အားမာန်သင်တန်းကျောင်းမှ နာဂစ်မုန်တိုင်းအတွင်း မိဘမဲ့ဖြစ်သွားသည့် ကလေးသူငယ်များအတွက် ပညာဒါနသင်ကြားပေးသည့် လူငယ်များအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီး၏ နာဂစ်အလွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာရေးဆီသို့ ဦးတည်ပြသထားသော လူထုပညာပေးပြခန်းများကိုလှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကျရောက်လွယ်မှုများနှင့် စပ်လျဉ်းသည့် သုတေသန တွေ့ရှိချက်များ၊ လေ့လာဆန်းစစ်မှုများကို ဘာသာရပ်ခေါင်းစဉ်အလိုက် တင်ပြဆွေးနွေးခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်းသည့် အတွေ့အကြုံ၊ အသိအမြင်များကို စကားဝိုင်းဆွေးနွေးမှုများ၊ သရုပ်ပြတင်ဆက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ကာမိုင်းမြို့ မီးဘေးသင့်မိသားစုဝင်များအား ထောက်ပံ့ငွေနှင့် ရိက္ခာများ ထောက်ပံ့

**ကာမိုင်း  မေ ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့ မီးဘေးသင့်မိသားစုဝင်များ၏ နေအိမ်များကို ရှင်းလင်းရေးဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေနှင့် ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကာမိုင်းမြို့ မြို့မရပ်ကွက်၌ ဧပြီ ၂၇ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဖယောင်းတိုင် မီးထွန်းထားရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ရာ လူနေအိမ်နှစ်လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး အဆိုပါ မီးလောင်ကျွမ်းသွားသည့် နေအိမ်များကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက မြို့ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကာ မီးဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



အဆိုပါ မီးဘေးသင့်ပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေစေရန် ကာမိုင်းနည်းဗျူဟာမှ ဆန်လေးအိတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးက တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းစီ၊ ကာမိုင်းပြည်ခိုင်ဖြိုးပါတီမှ တစ်အိမ်ထောင်လျှင် ငွေကျပ်ငါးသောင်းစီ၊ မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခေါက်ဆွဲခြောက်ရိက္ခာလေးဖာ၊ ပြည်သူ့စစ်မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသောင်းစီနှင့် ဆန်အိတ်နှစ်အိတ်၊ စေတနာအလှူရှင် ဒေသခံ ဦးခင်မောင်လင်းက ဆန်နှစ်အိတ်နှင့် ဆီ၊ ဆားနှစ်ပိဿာ၊ ဇီးကျွန်းရပ်ကွက်နေ မိသားစုများမှ အိုး၊ ခွက်၊ ပန်းကန်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **မင်းမင်းဦး**



# ရေးမြို့၌ ကျင်းပသည့် နွေရာသီမွန်စာပေနှင့် ဗုဒ္ဓဘာသာသင်တန်း ဖွင့်ပွဲ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်ချီးမြှင့်

**နေပြည်တော်  မေ ၂**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ဧပြီ ၃၀ ရက်က ထားဝယ်မြို့ဆန်းချီရပ်ကွက် မြို့နယ်စုပေါင်းရုံး၌ ကျင်းပသည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**အခမ်းအနားသို့တက်ရောက်**

ပြည်ထောင်စုဝန်ကြီးသည် မေ ၁ ရက်က မွန်ပြည်နယ် ရေးမြို့သို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် သီရိမင်္ဂလာကျောင်းတိုက်၌ ကျင်းပသည့် နွေရာသီမွန်စာပေနှင့် ဗုဒ္ဓဘာသာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ပြလျှောက်ထား**

အခမ်းအနားတွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝီရိယက အမှာစကားမြွက်ကြားပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို တင်ပြလျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**မေ ၅ ရက်တွင် ကျရောက်သည့် (၇၂) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနမှ အလုပ်တိုက်နယ်ဆေးရုံအပါအဝင် ရေအခက်အခဲဖြစ်နေသော ကျေးရွာ ခုနစ်ရွာသို့ မေ ၂ ရက်က သောက်ရေသန့်နှင့် သုံးရေဂါလန် ၇၀၀၀ အား မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် သွားရောက်လှူဒါန်းစဉ်။** ၁၃၈

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သုတေသနလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အားပေး

နေပြည်တော် မေ ၂

**သုတေသနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ တက်ရောက်အမှာစကား ပြောကြားသည်။**



သုတေသနလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ သုတေသနခြံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သုတေသနလုပ်ငန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး သုတေသနအောင်မြင်မှု မှတ်တမ်းတင်ဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ခုနှစ် သုတေသနလုပ်ငန်း တိုးတက်ဆောင်ရွက်နိုင်မှုထူးချွန်ဆုများကို ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပေးအပ်ချီးမြှင့်ရာ ထူးချွန်ဝန်ထမ်းများက ဂုဏ်ပြုဆုများ လက်ခံရယူကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းစပါးသီးနှံ၊ နှံစားသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံနှင့် စက်မှုသီးနှံ စုစုပေါင်းသီးနှံမျိုးသစ် ၂၅ မျိုး၊ စိုက်ပျိုးနည်းပညာငါးမျိုး ဖော်ထုတ်နိုင်ခဲ့ပြီး နည်းပညာပေးဆွေးနွေးပွဲ ၂၉ ကြိမ်၊ နည်းပညာပေးသင်တန်း ၄၆ ကြိမ်နှင့် ကွင်းပြပွဲ ၂၆ ကြိမ်အပါအဝင် လေ့လာရေး ၁၂၈ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလားတူ ပြည်တွင်းပြည်ပနည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာဖလှယ်ရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းဆိုင်ရာ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ပညာရပ်အတွက် ၇၃ ဦး လေ့လာသင်ယူရေးဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၆)ကြိမ်မြောက် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းဝေး




**နေပြည်တော် မေ ၂**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနတို့အကြား (၆) ကြိမ်မြောက် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို နေပြည်တော်ရှိ Royal ACE Hotel ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ၁၅ ဦး၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Bui Van Nam နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး ဦးဆောင်၍ အဆင့်မြင့်အရာရှိကြီးများ ၁၀ ဦး စုစုပေါင်း ကိုယ်စားလှယ် ၂၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသည် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည့် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးယန္တရား အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ သဘောတူချက်အရ အိမ်ရှင်အဖြစ် အလှည့်ကျပြုလုပ်ခဲ့ရာ ယခု (၆) ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

(၆)ကြိမ်မြောက် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးယန္တရားအကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးတွင် (၅)ကြိမ်မြောက် အစည်းအဝေး၌ ဆွေးနွေးခဲ့သောလုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနတို့အကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အနှိပ်ခန်းလိုင်စင်များကို ခွင့်ပြုထားခြင်းမရှိဟုဆို

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အနှိပ်ခန်းလိုင်စင်များကို ခွင့်ပြုထားခြင်းမရှိကြောင်း ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

**ထည့်သွင်းပြောကြား**

မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကေတီဗွီ၊ အနှိပ်ခန်းအစရှိသည်တို့ကို မည်သည့်ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ မည်သည့်စည်းကမ်းချက်များဖြင့် ခွင့်ပြုမိန့်လိုင်စင်များထုတ်ပေးနေပါသလဲ၊ ထိုသို့ထုတ်ပေးရာတွင် ပတ်ဝန်းကျင်ပြည်သူများ၏ သဘောတူညီကြောင်း လက်မှတ်ရေးထိုးမှုကို ထည့်သွင်းစဉ်းစားမှု ရှိ၊ မရှိကို သိရှိလိုပါကြောင်း မေးခွန်းမေးမြန်းမှုနှင့်ပတ်သက်၍ ဖြေကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**သိက္ခာမဲ့လုပ်ရပ်များ လုပ်ကိုင်နေသည်ကို တွေ့ရ**

လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက အနှိပ်ခန်းများသည် ကျန်းမာရေးအရ အပန်းဖြေလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွားမြှင့်တင်ရေးကို ဆောင်ရွက်နေသောအချိန်အခါတွင် ကျန်းမာရေးအရ အနှိပ်ခန်းများသည် တစ်နေကုန်လျှောက်လည်ပြီး ညောင်းညာနေသော ဧည့်သည်များအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း၊ မြန်မာဘုရင်များ လက်ထက်ကတည်းက အနှိပ်ကျွမ်းကျင်သူများကို ပညာရှင်များအဖြစ် သတ်မှတ်ပြီး ချီးမြှင့်မြှောက်စားခဲ့သည်ကို ယနေ့တိုင် အနှိပ်တော်ရပ်အဖြစ် မန္တလေးမြို့၌ တွေ့ရှိနိုင်ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသွားဖွံ့ဖြိုးသောနိုင်ငံများ၌ Massage Industry များကို အားပေးဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအခါ မျက်မမြင်အနှိပ်ခန်းများ တရားဝင်ဖွင့်လှစ်ဆောင်ရွက်နေကြသည်ကို ပတ်ဝန်းကျင်အနေဖြင့် အားပေးလက်ခံကြသော်လည်း အချို့အနှိပ်ခန်းများတွင် သိက္ခာမဲ့လုပ်ရပ်များကို လုပ်ကိုင်နေသည်ကို တွေ့ရှိရသည့်အတွက် ပတ်ဝန်းကျင်မှ လက်မခံနိုင်ကြသည်ကို ကြားသိနေရပါကြောင်း လွှတ်တော်တွင် ပြောကြားခဲ့သည်။

**ညှိနှိုင်းသတ်မှတ်ပေးဖို့ လိုအပ်နေ**

၎င်းက ဆက်လက်၍ "ပြည်သူလူထုအတော်များများဟာ အချို့သောကိစ္စရပ်တွေမှာ သဘောမတူချင်သော်လည်းပဲ ရန်ပြုမှာစိုးလို့ဆိုပြီးတော့ လက်မှတ်ထိုးပေးလိုက်ရတာတွေကိုလည်း ကြားသိနေရပါတယ်၊ အဲဒီလိုအခက်အခဲတွေကြောင့် လုပ်ငန်းလုပ်ကိုင်လိုသူများအနေဖြင့် လုပ်ငန်းလိုင်စင်ရရှိဖို့ ဆောင်ရွက်ရာမှာ မလိုလားအပ်တဲ့ ငွေကြေးကုန်ကျမှုများရှိတာကိုလည်း ကြားသိရပါတယ်၊ အထူးသဖြင့် ဆိတ်ငြိမ်ရပ်ကွက်တွေမှာ ပတ်ဝန်းကျင်အနေဖြင့် မလိုလားကြတာကို ကြားသိရပါတယ်၊ အဲဒီအတွက် လုပ်ငန်းဖွင့်လှစ်သင့်တဲ့နေရာများ၊ ဇုန်များ သတ်မှတ်အကောင်အထည်ဖော်ပေးမယ်ဆိုရင်လည်း လုပ်ငန်းလုပ်ကိုင်သူများအတွက် ငွေကြေးသက်သာစွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်သလို ပြည်သူလူထုအနေဖြင့်လည်း ငြိုငြင်စရာများ ပေါ်ပေါက်လာတော့မှာ မဟုတ်ပါဘူး၊ ရန်ကုန်မြို့တော်အတွင်းမှာ ပြည်သူလူထုကို အနှောင့်အယှက်မဖြစ်စေတဲ့ သီးခြားနေရာတွေမှာ အပန်းဖြေလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့ ညှိနှိုင်းသတ်မှတ်ပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်"ဟု ပြောသည်။

**ကျူးကျော်ခြင်းရှိ၊ မရှိ စိစစ်ပြီး ခွင့်ပြုပေးလျက်ရှိ**

ထိုသို့မေးမြန်းခဲ့မှုကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးကိုယ်စား တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြန်လည်ဖြေကြားရာတွင် ကေတီဗွီလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ရေးကြီးကြပ်မှုကော်မတီမှ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် Foot Massage၊ Oil Massage၊ Body Massage၊ ဟိုတယ်၊ မိုတယ်နှင့် အချို့နေရာများတွင် အနှိပ်ခန်းများ ဖွင့်လှစ်ထားမှုကို လုပ်ငန်းလိုင်စင်တရားဝင်ခွင့်ပြုပေးခြင်း မရှိပါကြောင်းနှင့် ဆံပင်ညှပ်နှင့် မျက်နှာအလှပြင်ဆိုင်များ၊ ကျန်းမာရေးနှင့် ခြေထောက်ဆေးစိမ်လုပ်ငန်းများနှင့် မျက်မမြင်အကြောပြင်လုပ်ငန်းများကိုသာ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဆံပင်ညှပ်နှင့် အလှပြင်ဆိုင်များကို ပတ်ဝန်းကျင်ကန့်ကွက်မှု ရှိ မရှိ၊ သီးသန့်အခန်းများ ဖွင့်ထားခြင်း ရှိ မရှိ၊ ဆံပင်ညှပ်နှင့် မျက်နှာအလှပြင်လုပ်ငန်းများဖြစ်သော ခွဲစိတ်မှု၊ အလှပြုပြင်ခြင်း၊ ရေချိုးခန်းဖွင့်ခြင်း၊ နင်းနှိပ်ခြင်းများ မပြုလုပ်ကြောင်း ခံဝန်ချက်ပေါ်မှ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ၊ လျှပ်စစ်နှင့် မီးသတ်ဌာန ထောက်ခံချက် ရှိ မရှိ၊ စည်ပင်မြေပေါ်၌ ကျူးကျော်ခြင်း ရှိ မရှိကို စိစစ်ပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ကျန်းမာရေးခြေထောက် ဆေးစိမ်သောလုပ်ငန်းနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်မှ ကန့်ကွက်မှု ရှိ မရှိ၊ စည်ပင် ကျန်းမာရေးဌာန၏ ထောက်ခံချက် ရှိ မရှိ၊ သီးသန့်အခန်းဖွဲ့ဆောင်ရွက်ခြင်း ရှိ မရှိ၊ ကျန်းမာရေးခြေထောက်ဆေးစိမ်လုပ်ငန်းမှလွဲ၍ ခွဲစိတ်ခြင်း၊ ခန္ဓာကိုယ်အလှပြုပြင်ခြင်း၊ ရေချိုးခန်းဖွင့်လှစ်ခြင်း၊ နင်းနှိပ်ခြင်း မပြုလုပ်ကြောင်းကို ခံဝန်ချက်အတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ၊ လျှပ်စစ်၊ မီးသတ်ဌာနမှ ထောက်ခံချက် ရှိ မရှိ၊ စည်ပင်မြေပေါ်၌ ကျူးကျော်ခြင်း ရှိ မရှိ အစရှိသည်များကို စိစစ်ပြီးမှ ခွင့်ပြုပေးကြောင်း၊ အနှိပ်ခန်းတွေအနေဖြင့် ခွင့်ပြုပေးခဲ့ခြင်း မရှိသော်လည်း မျက်မမြင်များ အလုပ်အကိုင်ရရှိစေရန် မျက်မမြင်အကြောပြင်လုပ်ငန်းများကို ပတ်ဝန်းကျင်မှ ကန့်ကွက်မှု ရှိ မရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းများ၏ ထောက်ခံချက်လက်မှတ်ရရှိသော မျက်မမြင်ပုဂ္ဂိုလ်တွေရဲ့ လုပ်ငန်းဆောင်တာဆောင်ရွက်မှု ရှိ မရှိ၊ အကြောပြင်ဆေးခန်းများအဖြစ် တင်ပြလျှောက်ထားလာပါက ကျန်းမာရေးဦးစီးဌာန တိုင်းရင်းဆေးမှတ်ပုံတင်လက်မှတ်ရရှိခြင်း ရှိ မရှိ၊ လျှပ်စစ်၊ မီးသတ်ဌာန၏ ထောက်ခံချက်ရှိ မရှိ၊ စည်ပင်မြေပေါ်ကျူးကျော်ထားခြင်း ရှိ မရှိကို ကြည့်ပြီး စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် Foot Massage၊ Oil Massage၊ Body Massage တို့ကို ခွင့်ပြုထားခြင်းမရှိပါကြောင်း၊ ဟိုတယ်၊ မိုတယ်လုပ်ငန်းများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လိုင်စင်ဖြင့် ခွင့်ပြုထားခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အနှိပ်ခန်းလိုင်စင်များကို ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် အလှပြင်ဆိုင်ကြော်ငြာများတွင်လည်း မသင့်တော်သည့် စာသားများမပါစေဖို့၊ ခွင့်ပြုချက်မဲ့လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေဖို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ တိုက်ရိုက်ထုတ်လွှင့်သွားမည်

**နေပြည်တော်  မေ ၂**

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် မေ ၂ ရက်မှ ၅ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ ညီလာခံပိတ်ပွဲအခမ်းအနားကို မေ ၄ ရက် ညနေ ၄နာရီတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ယင်းအခမ်းအနားဖွင့်ပွဲကို မေ ၃ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှ စတင်၍လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို မေ ၄ ရက် ညနေ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MOI Webportal Myanmar Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**



**ထိန်ပင်အမှိုက်ပုံမီးလောင်နေမှု ကျန်ရှိသည့် နောက်ဆုံး D ဇုန်အား  ပူးပေါင်းအင်အားဖြင့် မီးငြိမ်းသတ်နေစဉ်။**

❑ *ကျောဖုံးမှ*

အပါအဝင် တပ်မတော်သားတွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စတဲ့ ပူးပေါင်းပါဝင်တဲ့ အဖွဲ့အသီးသီးရဲ့လုပ်ဆောင်ချက်တွေကြောင့် အခုလို မြန်မြန်ဆန်ဆန်ငြိမ်းသတ်နိုင်ခဲ့တာပါ''ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောသည်။

ဆက်လက်၍ ၎င်းက ''ဒီမီးလောင်မှုဟာ ရေိယာကျယ်ပြန့်ပြီး ဘယ်နေ့ပြီးဆုံးမှာလဲဆိုတာကို ခန့်မှန်းမရတော့ ငြိမ်းသတ်ရတဲ့သူတွေအတွက် စိတ်ဓာတ်ပိုင်းအရ တည်ဆောက်ရမှာ နည်းနည်းတော့ခက်ခဲကြပါတယ်၊ အဓိက မီးများတာကတော့ ၂၃ ရက်နေ့မှာဖြစ်သွားတာပါ၊ အဲဒီနေ့ကစတင်ပြီး ၂၆ ရက်နေ့အထိ တပ်ဖွဲ့ဝင်တွေက နေရာအစုံကနေပြီးလုပ်ခဲ့ရတယ်၊ နောက်ရက်မှာတော့ မီးလောင်ပြင်ရဲ့အခြေအနေကိုကြည့်ပြီး အခုလို ဇုန်လေးဇုန် သတ်မှတ်ပြီး ငြိမ်းသတ်ခဲ့တာပါ၊ သတ်မှတ်ထားတဲ့အတိုင်းပဲ တစ်ရက်ကို တစ်ဇုန်နှုန်းပြီးဆုံးအောင် ငြိမ်းသတ်နိုင်ခဲ့ပါတယ်''ဟု ပြောသည်။

### မီးငြိမ်းသွားပြီဖြစ်

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ အပါအဝင် အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားပြီး ၁၂ ရက်အကြာ ယနေ့ ညပိုင်းတွင် မီးငြိမ်းသွားပြီဖြစ်ကြောင်း သိရသည်။

မီးငြိမ်းသတ်ရာတွင်ပါဝင်သည့် မရမ်းကုန်းမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ''မီးလောင်ပြင်က တော်တော်ကျယ်တော့ ငြိမ်းသာငြိမ်းနေရတယ် ထိရောက်မှုမရှိသလိုမျိုး ခံစားရတယ်၊ အဲဒီလိုနဲ့ပဲ တစ်နေရာပြီး တစ်နေရာ တဖြည်းဖြည်းငြိမ်းသတ်နိုင်ခဲ့တယ်၊ ဒါပေမယ့် ဘယ်နေ့မှာ ပြီးဆုံးမယ်ဆိုတာကိုတော့ ခန့်မှန်းလို့ မရခဲ့ပါဘူး၊ အဲဒီနောက်မှာတော့ ဇုန်တွေသတ်မှတ်ပြီး တစ်ရက်ကိုတစ်ဇုန်နှုန်းနဲ့ သတ်မှတ်လိုက်ပြီး ငြိမ်းသတ်တဲ့အခါမှာတော့ ပိုပြီးထိရောက်တယ်လို့ထင်ပါတယ်၊ တစ်နေ့တာလုပ်ခဲ့တဲ့ လုပ်ကွက်တွေကိုလည်း သိလာပါတယ်၊ ဒါကြောင့် သတ်မှတ်ထားတဲ့အတိုင်းအားလုံး ဝိုင်းဝန်းကြိုးစားပြီး ငြိမ်းသတ်ရင် ဘယ်နေ့ပြီးမယ်ဆိုတာကို သိရတဲ့အတွက် အလုပ်လုပ်တဲ့ အခါမှာလည်း စိတ်ဓာတ်တွေ တက်ကြွလာပါတယ်၊ ဒါကြောင့်လည်း အခုလို မြန်မြန်ငြိမ်းသွားအောင် လုပ်နိုင်ခဲ့တယ်လို့ထင်ပါတယ်''ဟု ပြောသည်။

မီးလောင်မှုကိုငြိမ်းသတ်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ အပါအဝင် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် အကဲဖြတ်အဖွဲ့ Asean ERAT Team နှင့်ချိတ်ဆက်ကာ လိုအပ်သော အကြံပြုချက်များကိုလည်း ဆောင်ရွက်ခဲ့ပြီး အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှစတင်၍ (A,B,C,D) ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့သည်။

### တပ်မတော်သားများ ပူးပေါင်းဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် စစ်ဆင်ရေးဧရိယာတွင် မီးသတ်တပ်ဖွဲ့အင်အား ၄၅၀ ခန့်ကို အဓိကထားကာ သတ်မှတ်အဆိုင်းများအလိုက် ခွဲဝေအသုံးပြုခဲ့သည့်အပြင် တပ်မတော်သားများအပါအဝင် ပူးပေါင်းအင်အားများဖြင့်လည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားနေစဉ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့်လည်း မီးခိုးဒဏ်ကို ခံစားရသော ပြည်သူများနှင့် မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ''မီးသတ်တပ်ဖွဲ့အပါအဝင် ဝိုင်းဝန်းမီးငြိမ်းသတ်တဲ့အဖွဲ့ ပေါင်း ၂၈ ဖွဲ့ရှိပါတယ်၊ အဲဒီအဖွဲ့တွေ အားလုံးကို နေ့စဉ် တစ်ဖွဲ့ချင်းအလိုက် ကြိုတင်စာရင်းယူထားပြီး အချိန်အလိုက် ထမင်းထုပ်တွေကို စီစဉ်ကာ အချိန်မီခွဲဝေပေးပါတယ်၊ ဒ့ါအပြင် စာရင်းထဲမပါဘဲ ကျန်ခဲ့တဲ့သူတွေအတွက် ထမင်းနဲ့လိုအပ်တဲ့ အစားအသောက်တွေကိုလည်း စီစဉ်ပြီးပို့ပေးပါတယ်၊ အဲဒီလိုပို့ဆောင်ပေးတဲ့အခါမှာတော့ ကျွန်တော်တို့အနေနဲ့ လူအင်အားနဲ့ အချိန် အခက်အခဲရှိတဲ့အတွက် ကြက်ခြေနီအဖွဲ့တွေနဲ့ အခြားသော ပရဟိတအဖွဲ့တွေက မီးလောင်ပြင်အထိပို့ဆောင်ပြီး လိုက်လံဝေငှပေးခဲ့ကြပါတယ်''ဟု ပြောသည်။

အလားတူ မီးလောင်ပြင်သို့ သူငယ်ချင်းများနှင့် လာရောက်လှူဒါန်းသူတစ်ဦးက ''မီးလောင်တဲ့နေရာကို လာရောက်ပြီး အစားအသောက်နဲ့ ဆေးဝါးတွေ လှူဒါန်းတာ ခြောက်ခေါက်ရှိပါပြီ၊ မီးသတ်ရဲဘော်တွေနဲ့တပ်မတော်သားတွေ အများကြီး ပင်ပန်းနေတာကိုတွေ့ရတဲ့အတွက် အခုလိုလာရောက် လှူဒါန်းဖြစ်တာပါ၊ ကျွန်တော်တို့ ကိုယ်တိုင်လှူချင်တဲ့အပြင် အဓိကကတော့ သူတို့ပင်ပန်းနေတာကို အားပေးမယ်ဆိုတဲ့ သဘောနဲ့ မီးငြိမ်းသတ်နေတဲ့ နေရာအထိ အခုလို လာရောက်လှူဒါန်းတာပါ''ဟု ပြောသည်။

မီးလောင်မှုဖြစ်ပွားနေစဉ်အချိန်တွင် မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများကြောင့် ဆေးရုံသို့လာရောက်၍ ဆေးဝါးကုသမှုခံယူသူ ၃၈ ဦးရှိကြောင်း၊ ယင်းတို့အနက် ယနေ့တွင် လေးဦးသာ ဆေးရုံတွင်ကျန်ရှိတော့ကြောင်း၊ အဆိုပါကျန်ရှိသူများမှာလည်း မီးခိုးမွှန်မှုကြောင့် အဆိပ်သင့်သည့် လက္ခဏာမျိုးမရှိတော့သော်လည်း နှလုံး၊ သွေးတိုး၊ ပန်းနာရင်ကျပ်စသည့် မူလရောဂါအခံများကို ဆက်လက်ကုသပေးနေခြင်းဖြစ်ကြောင်း၊ လက်ရှိကာလတွင် မီးလောင်မှုမှထွက်ရှိသည့် မီးခိုးမွှန်မှုကြောင့် ဆေးရုံသို့ လာရောက်၍ ဆေးကုသသည့် လူနာမရှိတော့ကြောင်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံမှ သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ လေထုတိုင်းတာမှုများ ပြုလုပ်ခဲ့သည့်အပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ''မီးလောင်ပြင်ထဲမှာ ထိုင်းနိုင်ငံက ပညာရှင်အဖွဲ့တွေနဲ့အတူ လေထုညစ်ညမ်းမှုကို တိုင်းတာခဲ့ပါတယ်၊ $H_2S$၊ $NH_3$၊ HCN၊ $NO_2$ တို့ကိုတိုင်းတဲ့အခါမှာ သာမန်ပဲရှိပါတယ်၊ ဒါကြောင့် မီးလောင်မှုနဲ့ အနီးဆုံးရပ်ကွက်တွေမှာ မတိုင်းတော့ဘဲ အပေါ်ဘက်မှာရှိတဲ့ ထန်းတပင် (ထိန်းကုန်း)မှာ သွားရောက်တိုင်းတာခဲ့ပါတယ်၊ အဲဒီမှာလည်း လေထုဟာ သူ့ရဲ့ စံချိန်စံညွှန်းအတိုင်းရှိနေပါတယ်၊ အောက်စီဂျင်ပါဝင်မှုလည်း ကောင်းမွန်ပါတယ်၊ ဒါကြောင့် ဒီအမှိုက်ပုံကနေပြီး အဆိပ်သင့်တဲ့ အငွေ့တွေ မထွက်ဘူးလို့ သတ်မှတ်လို့ရပါတယ်'' ဟု ပြောသည်။

### စစ်ဆေးမှုများ ပြုလုပ်မည်

မီးလောင်မှုဖြစ်စဉ်တွင် ပါဝင်ငြိမ်းသတ်ခဲ့ကြသည့် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို တပ်မတော်အနေဖြင့် ကျန်းမာရေးစစ်ဆေးမှုများကို မေ ၃ ရက်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးမှုများကို တပ်မတော်စစ်ဆေးရုံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး လိုအပ်ပါက အဆိုပါဆေးရုံတွင် တက်ရောက်ကုသနိုင်ရန်အထိ တပ်မတော်ဘက်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၏ ပြောပြချက်အရ သိရသည်။

အဆိုပါမီးလောင်မှုကို အပြီးသတ်ငြိမ်းသတ်ရာတွင် ရေဖြင့် အဓိကပက်ဖျန်းကာ ငြိမ်းသတ်ခဲ့ပြီး လိုအပ်သည့် နေရာများတွင်သာ Bio Foam (အမြှုပ်ဆေးရည်)ကို အသုံးပြု ငြိမ်းသတ်ခဲ့သည်။ ထိုသို့ငြိမ်းသတ်ရာတွင် မီးငြိမ်းသတ်မှုအင်အား ၉၀၀ ကျော်တို့၏ အလှည့်ကျဆောင်ရွက်မှုနှင့်အတူ မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်၊ ရေသယ်ယာဉ်အစီးစုစုပေါင်း ၃၈၀၊ ရေတင်စက်အလုံး ၄၀၊ ဘက်ဟိုးယာဉ်ကိုးစီးတို့ဖြင့် တစ်ရက်လျှင် ရေဂါလန်တစ်သန်းခန့်ကို အသုံးပြုကာ ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



**ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်နေသည့် တပ်မတော်သားများအား ပရဟိတအဖွဲ့များက စားသောက်ဖွယ်ရာများ လိုက်လံဝေငှပေးစဉ်။**

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအား အာရှ၏ ရင်းနှီးမြှုပ်နှံမှုဗဟိုချက်မ ဖြစ်လာရန် ကြိုးပမ်းမည်ဟု တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ပြောကြား

ရန်ကုန် မေ ၂

**မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဗဟိုချက်မ ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအား အာရှ၏ ရင်းနှီးမြှုပ်နှံမှုဗဟိုချက်မ ဖြစ်လာရန် ကြိုးပမ်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။**



ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ပထမဆုံးအကြိမ်ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆရာစံလမ်းထောင့်နှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ CB Bank ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ မေ ၉ ရက်တွင် ပထမဆုံးအကြိမ် ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်နှင့် ပတ်သက်၍ မီဒီယာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တစ်ရပ်ကို ၂၀၁၇ ခုနှစ်က ပြဋ္ဌာန်းခဲ့ပါတယ်၊ အဲဒီဥပဒေသစ်မှာ အမေရိကန်ဒေါ်လာ ငါးသန်းအောက်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီတွေက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်ထုတ်ပေးလို့ရပါတယ်၊ ငါးသန်းအထက်ကိုတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ ခွင့်ပြုမိန့်ထုတ်ပေးရပါတယ်၊ အဲဒီတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအောက်မှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွေ ပေါ်လာတယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဘယ်လိုလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံသင့်သလဲ၊ ပြည်တွင်းရော၊ ပြည်ပပါ သိဖို့အချက်တွေ ဖိုရမ်ထဲမှာ ထည့်သွင်းဆွေးနွေးသွားမှာပါ၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမယ့်သူတွေ အနေနဲ့ ဘယ်လိုလျှောက်ထားရမယ်၊ အခွန်ကင်းလွတ်ခွင့်ကအစ သိထားဖို့လိုပါတယ်၊ ဒါကြောင့် ဒီဖိုရမ်မှာ အားလုံးထည့်ထားတာ ဖြစ်ပါတယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလိုအပ်နေတဲ့ အချက်တွေကို ဒီဖိုရမ်မှာ ချပြသွားမှာဖြစ်သလို ရလဒ်အနေနဲ့လည်း ရန်ကုန်တိုင်းဒေသကြီးကို အာရှရဲ့ရင်းနှီးမြှုပ်နှံမှုဗဟိုချက်မ ဖြစ်လာရန် ကြိုးပမ်းသွားမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

ယခုလာမည့် မေ ၉ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်၌ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့က ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပထမဆုံးသော ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပမည်ဖြစ်သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြည်ပမှလုပ်ငန်းရှင် ၃၀၀ ကျော်နှင့် ၃၅၀ ကြား၊ ပြည်တွင်းမှလုပ်ငန်းရှင် ၂၀၀ ဝန်းကျင်တို့ဖြင့် ကျင်းပသွားရန် မျှော်လင့်ထားသော်လည်း လျှာထားချက်ထက် ကျော်လွန်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် ပထမဆုံးအကြိမ် ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်နှင့်ပတ်သက်၍ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက "ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်က မြန်မာနိုင်ငံရဲ့စီးပွားရေးကို ဦးမော့လာစေမယ့် ရည်ရွယ်ချက်နဲ့ ကျင်းပမှာဖြစ်ပါတယ်၊ အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ တစ်လ၊ တစ်လခွဲလောက် လုပ်ငန်းရှင်တွေကို အပြီးထုတ်ပေးနေပါတယ်၊ ဒီဖိုရမ်မှာ အခုလိုမသိသေးတဲ့ အချက်တွေ ထည့်သွင်းဆွေးနွေးသွားမှာဖြစ်သလို နောင်လာမယ့်နှစ်မှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာဖို့လည်း ရည်ရွယ်ပါတယ်၊ ဒီဖိုရမ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ ပထမဆုံးလုပ်တဲ့ ဖိုရမ်ပါ၊ ဒီဖိုရမ်ကနေ အများကြီးမျှော်လင့်ထားပါတယ်၊ ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှ ရှေ့ဆက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေ၊ နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေ တတ်နိုင်သမျှ မြင့်တင်လုပ်ဆောင်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၈၅ ခုမှ မတည်ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်ဘီလီယံ ၆၉၉၀ ဒသမ ၂၁၃၄ နှင့် ၁၉၈၈ - ၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၄၅ ခုတို့မှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ဒသမ ၂၇၆ အသီးသီးရှိပြီး ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်ကြီးကို အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိပြီး လာမည့် အနာဂတ်ကာလ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ အာရှ၏ဗဟိုချက်မ ဖြစ်လာရန်အထိ မျှော်မှန်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

၁။ တိရစ္ဆာန်များအား အပူချိန်မြင့်သောအချိန်တွင် အရိပ်ရရှိသောနေရာများ၌ ထားရှိရန်နှင့် နံနက်၊ ညနေမှသာ လွှတ်ကွင်းသို့လွှတ်ရန်၊
၂။ မိမိမွေးမြူထားသောတိရစ္ဆာန်များအတွက် သောက်သုံးရေများလုံလောက်စွာ ရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊
၃။ ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
၄။ တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊
၅။ ကျေးလက်ဒေသအတွင်း ကျွဲ၊ နွားများအတွက် အစာဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုစသည့် တိရစ္ဆာန်အစာများအား အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် စနစ်တကျ ကြိုတင်သိမ်းဆည်းထားရန်၊
၆။ တိရစ္ဆာန်များအား ကူးစက်ရောဂါမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်ဆေးများထိုးနှံထားရန်၊
၇။ ယခုအချိန်တွင် ဒေသအလိုက် ထွက်ရှိသော တိရစ္ဆာန်အစာအဖြစ် အသုံးပြု၍ရသည့် ပစ္စည်းများအား စုဆောင်းသိုလှောင်ထားကြရန် (ဥပမာ-ထန်းသီးခွံ၊ ကြံသကာ၊ ကြိတ်ဖတ်များ၊ ထန်းလျက်၊ ကြံရည်ချက်ရာမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများ)၊
၈။ တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊
၉။ ထူးခြားသောဖြစ်စဉ်များရှိပါက သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဆည်တာတမံကျိုးပေါက်မှုနှင့် ရေငန်ဝင်ရောက်မှုကြောင့် စပါးစိုက်ခင်းများ ပျက်စီး

**ရေး မေ ၂**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးစပါးနှင့် နွေစပါးစိုက်ပျိုးဧကပေါင်း ၆၈၀၀၀ ကျော်ရှိပြီး ဆည်တာတမံ ကျိုးပေါက်မှုများ၊ ရေငန်ဝင်ရောက်မှုများကြောင့် စိုက်ဧက ရာဂဏန်းခန့် ပျက်စီးမှုများ ရှိကြောင်း စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှလှဝင်းထံမှ သိရသည်။

"မိုးစပါး၊ နွေစပါး အထွက်နှုန်းတိုးဖို့အတွက် တောင်သူတွေကို နည်းပညာပိုင်းဘက်ကိုသာ အဓိကကူညီပံ့ပိုးပေးနေတာပါ၊ တောင်သူတွေရဲ့ အခက်အခဲတွေကို တခြား သက်ဆိုင်တဲ့ဌာနနဲ့ ပေါင်းစပ်ပြီး လိုအပ်သလို ချိတ်ဆက်ပေးတာတွေလည်း ရှိပါတယ်" ဟု စိုက်ပျိုးရေး ဦးစီးမှူးက ပြောသည်။

"လယ်လုပ် သမားတွေက မိုးစပါးမှာ လုပ်တဲ့သူတွေ ရှိနေပေမယ့် ပွင့်လင်းရာသီလည်းရောက်တော့ တခြားအလုပ်တွေမှာ ဝင်ရောက်လုပ်ကိုင်သလို လုပ်အားခပါ မြင့်တက်လာလို့ တောင်သူတွေ အခက်အခဲကြုံနေရပါတယ် " ဟု တောင်သူတစ်ဦးက ပြောသည်။



မြို့နယ်ဆည်မြောင်းဦးစီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်မှာ ရင်းရယ်ရေငန် တာတမံနှင့် ရေထွက်ပေါက် သုံးခု ဖောက်လုပ်ရန်နှင့် ကော့လှိုင်ဒေးပန္နဲ ကျေးရွာမှ ရေငန်တာတမံနှင့် ရေထွက်ပေါက်တစ်ခု တည်ဆောက်ပေးရန်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၃ ဒသမ ၈၂ လက်မ၊ ပျဉ်းမနားမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ဝ၇ လက်မ၊ နေပြည်တော် လေဆိပ် (ဇလော)တွင် ၃ ဒသမ ဝ၃ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ နေပြည်တော်တွင် ၁ ဒသမ ၈၉ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၈၅ လက်မ ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ လယ်ဝေးမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**



**မေ ၅ ရက်တွင် ကျရောက်မည့် (၇၂) ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မေ ၁ ရက်က ဇမ္ဗူသီရိမြို့နယ် "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာတွင် နေပြည်တော်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ တို့ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။**
မင်းမင်းလတ် (ရုပ်ဗေဒ)

# မြေပုံမြို့နယ် တောင်ပေါ်စခန်း (IDP) အား ပိတ်သိမ်း၍ အိမ်ထောင်စုအချို့ နေအိမ်အသစ်များသို့ ပြောင်းရွှေ့နေထိုင်

**စစ်တွေ မေ ၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီသည် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

**ပြောင်းရွှေ့နေထိုင်**

မြေပုံမြို့နယ် တောင်ပေါ်စခန်းအား ပိတ်သိမ်းနိုင်ရေး ပထမအဆင့်အနေဖြင့် နေအိမ်အလုံး ၅၀ ဆောက်လုပ်ပြီးစီးပြီဖြစ်သည့်အတွက် အိမ်ထောင်စုအချို့မှာ နေအိမ်အသစ်များသို့ ပြောင်းရွှေ့နေထိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စခန်းပိတ်သိမ်းရေးလုပ်ငန်းများအား ညှိနှိုင်းကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်သူရိန်သည် ယနေ့တွင် အဆိုပါစခန်းသို့သွားရောက်ပြီး တာဝန်ရှိသူများနှင့် စခန်းအတွင်း နေထိုင်သူများအား သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့သည်။ **(ယာပုံ)**

**နေအိမ်များ ဆက်လက်ဆောက်လုပ်**

အဆိုပါစခန်းတွင် မိသားစု ၆၄၂စု လူဦးရေ ၃၀၆၇ ဦးရှိကာ နေအိမ်အသစ်များအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံချက်ဖြင့် ဆောက်လုပ်ပေးခြင်းဖြစ်ပြီး ရေထွက်မြောင်း၊ ရေအိမ်၊ လမ်းများနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နေအိမ်များကိုလည်း ဆက်လက်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**မျိုးမြင့်၊ ဟန်လင်းနိုင်**





# တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန်စီ မေ ၂**

ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းရှိ IDPs စခန်းများ၌ နေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်အိမ်ထောင်စု ၆၅ စုတို့အား ယနေ့ မွန်းလွဲပိုင်းတွင် မန်စီမြို့နယ် ရေခူးမံခံကျေးရွာရှိ တန်ဖိုးနည်းအိမ်ရာသို့ ပြန်လည်နေရာချထားပေးခြင်းနှင့် မိသားစုများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးတို့အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများ ပြောင်းရွှေ့နေရာချထားပေးရေးအတွက် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်က ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ခဲ့ကြပြီး ပြောင်းရွှေ့မိသားစုမှ အိမ်ထောင်စု ၆၅ စုတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန်အိတ် တစ်အိတ်နှုန်းဖြင့် ဆန်အိတ် ၆၅ အိတ်၊ အနွေးထည် ၈၅ ထည်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၄၈ စုအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၄၅၂၀၀ နှင့် အိမ်ထောင်စု ၆၅ စုအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ဆေးဝါးပစ္စည်း ၂၉ မျိုးနှင့် ကြက်ခြေနီအသင်းမှ အိမ်ထောင်စုများအတွက် မိုးကာ၊ ခြံစောင်၊ Sanitary Kit ၊ Kitchen Set ၆၅ စုံစီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် UN အဖွဲ့ဝင်များသည် ပြောင်းရွှေ့မိသားစုများ၏ နေအိမ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**

# လှော်ကားသဘာဝဉယျာဉ်နှင့် ဆင်စခန်း၌ အပန်းဖြေအနားယူနိုင်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့အနီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကားဖြင့် မိနစ် ၃၀ ခန့်အကွာ ရန်ကုန်မြို့၏ မြောက်ဘက် ၂၂ မိုင်၊ ရန်ကုန်-ပြည်လမ်း၏ အရှေ့ဘက်တွင်ရှိသော လှော်ကားသဘာဝဥယျာဉ်နှင့် ဆင်စခန်းကို ၁၉၈၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ လှော်ကားသဘာဝဥယျာဉ်နှင့် ဆင်စခန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရန်ကုန်မြို့နေ လူထုကို ရေဖြန့်ဝေသည့် လှော်ကားကန်၏ ရေဝေရေလဲ ဧရိယာကိုထိန်းသိမ်းရန်၊ မြန်မာနိုင်ငံ၏ ဒေသမျိုးရင်းအပင်များနှင့် တိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ အများပြည်သူ ဗဟုသုတရရှိစေရန်နှင့် အပန်းဖြေအနားယူရန်၊ သုတေသနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ဆင်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို အများပြည်သူနှင့် ကမ္ဘာတစ်လွှားမှ လက်တွေ့သိမြင်လာပြီး ဆင်များကို ပူးပေါင်းပါဝင် ထိန်းသိမ်းလာစေကာ ဆင်အခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး အနီးပတ်ဝန်းကျင်မှ ကျေးရွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေကာ ဆင်နှင့်ပတ်သက်သော ဗဟုသုတများ၊ ဆင်များကို ချစ်မြတ်နိုးလာစေရန်နှင့် ခရီးသွားလုပ်ငန်းဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးသောလုပ်ငန်းများတွင် ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်အပန်းဖြေအနားယူလည်ပတ်စရာနေရာတစ်ခု ဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

လှော်ကားသဘာဝဥယျာဉ်သည် ၁၅၄၀ ဧကကျယ်ဝန်းပြီး အပိုင်း (၄) ပိုင်းခွဲခြားသတ်မှတ်ထားပြီး နို့တိုက်သတ္တဝါမျိုးစိတ် ၂၅ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ကိုးမျိုး၊ ကျေးငှက်သတ္တဝါမျိုးစိတ် ၁၉၂ မျိုး၊ ကုန်းနေ ရေနေ သတ္တဝါမျိုးစိတ် ၅၄ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၀၃ မျိုးနှင့် ငါးမျိုးစိတ် ၂၃ မျိုးရှိပါသည်။

ဆင်စခန်း၌ ဆင်အမ သုံးကောင်၊ ဆင်အထီး သုံးကောင် စုစုပေါင်း ခြောက်ကောင်ရှိပြီး အသက်ငါးနှစ်နှင့် ခြောက်နှစ် ဆင်ကလေး နှစ်ကောင် ပါဝင်သည်။ ဆင်များကို ဆင်ဦးစီး ၁၀ ယောက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားကာ အပျော်စီးရန် ဆင်သုံးကောင်ရှိကြောင်း သိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် နေ့စဉ်ကြည့်ရှုစောင့်ရှောက်ပြီး လိုအပ်ပါက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ကျွမ်းကျင်သော တိရစ္ဆာန်ကုသရေးပညာရှင်များဖြင့် ပြသလျက်ရှိကြောင်း သိရသည်။ ဆင်စခန်းရှိ ဆင်များကို အပျော်စီးနိုင်ရန် စနေ၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များတွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီ အထိ အပိုင်း(၁)တွင် စီးနင်းခွင့်ပြုကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**





# လေဘေးသင့်အိမ်ထောင်စုများအတွက် အသုံးအဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်

**ကလေး မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် စော်ဘွားရေရှင်ကျေးရွာအုပ်စု ကံအောင်ကျေးရွာ၌ ဧပြီ ၂၉ ရက် ညနေ ၅ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် အမိုးသွပ်များလေလှန်ခြင်းနှင့် သွပ်တန်းလေလှန်ခြင်းတို့ဖြစ်ပွားခဲ့သော လေဘေးသင့် အိမ်ထောင်စုနှစ်စုမှ လူဦးရေ ရှစ်ဦးတို့အတွက် အသုံးအဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၂ ရက် မွန်းလွဲပိုင်းက ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနရုံးခန်း၌ ပြုလုပ်သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် စော်ဘွားရေရှင်အုပ်စု ကံအောင်ကျေးရွာနေ ဒေါ်ခင်ပြုံး၏ နေအိမ် သွပ် အချပ် ၂၀ အတွက် အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၃၀၀၀၀ နှင့် အသုံးအဆောင်ပစ္စည်း ၁၀ မျိုးတို့ကို လည်းကောင်း၊ ဦးအောင်ဆန်းထွေး၏ နေအိမ် သွပ်ခုနစ်ချပ်အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၀၀၀၀ နှင့် အသုံးအဆောင်ပစ္စည်း ၁၀ မျိုးတို့ကို လည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါလေဘေးသင့်အိမ်ထောင်စုများအား ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်ဇော်ထွန်းက ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ယင်းသို့ထောက်ပံ့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ခြင်းမရှိကြောင်း သိရသည်။ **ချင်းတွင်းသား**

# ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တိမ်းမှောက်

**သဃ်န်းညီနောင် မေ ၂**

ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီး မေ ၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က ကော့ကရိတ်-မြဝတီလမ်းပိုင်း ဒေသအခေါ် ကွမ်းခြံကုန်းကွေ့၌ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သဃ်န်းညီနောင် နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ထက်အောင်(၂၆ နှစ်) တမူးမြို့နေသူ (ယာဉ်မောင်းလိုင်စင်မရှိ) မောင်းနှင်လာပြီး ယာဉ်နောက်လိုက် ရွှေထူး(၂၈ နှစ်) မော်လမြိုင်မြို့နေသူနှင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၁ ဦး လိုက်ပါလာသော YGN 4N/---- ခရီးသည်တင်ယာဉ်သည် ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့သို့ မောင်းနှင်လာစဉ် သဃ်န်းညီနောင် နယ်မြေ ရဲစခန်းအပိုင် ကွမ်းခြံကုန်းကွေ့တွင် ဘရိတ်အုပ်စဉ် မိုးရွာသွန်းမှုကြောင့် လမ်းချော်ပြီး လမ်းယာဘက်ခြမ်းသို့ ထိုးကျသွားကြောင်း သိရသည်။



အခင်းဖြစ်ရာနေရာသို့ သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်သုမောင်၊ ဒုရဲအုပ်မောင်မောင်လှ၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုး ဦးစီးအဖွဲ့တို့ သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်တို့တွင် ဒဏ်ရာရရှိခြင်း မရှိသော်လည်း မော်တော်ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ဝဲဘက်ခြမ်း တံခါး ပိန်ချိုင့်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ထက်အောင်အား ဥပဒေအရ အရေးယူပေးပါရန် တာဝန်မှူး ဒုရဲအုပ်သုမောင်က တရားလို ပြုလုပ်တိုင်တန်းသဖြင့် သဃ်န်းညီနောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ဝိုင်းမော်မြို့နယ်၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်နှင့်စပါးကျီ မီးလောင်

**ဝိုင်းမော် မေ ၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင် ကျေးရွာတွင် မေ၂ ရက် နံနက် ၁၁ နာရီခွဲက မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်သို့ မီးကူးစက် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝိုင်းမော်မြို့နယ် ရွှေညောင်ပင် ကျေးရွာ ရပ်ကွက် ၃ နေ မခင်မေဝင်း(ခ)မေဝင်း (၃၂ နှစ်) သည် နေအိမ်မီးဖိုဆောင်ရှိ ထမင်းဟင်းချက်ပြုတ်ပြီး မီးကြွင်းမီးကျန်အား သေချာစွာမငြှိမ်းသတ်ခဲ့ခြင်းကြောင့် နေအိမ်မှတစ်ဆင့် အနီးရှိစပါးကျီအား မီးကူးစက်လောင်ကျွမ်းခဲ့၍ ၁၄ ပေပတ်လည် သွပ်မိုး၊ ထရံကာ၊ နေအိမ် တစ်လုံး၊ ၁၂ ပေ ပတ်လည် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း စပါးကျီတစ်လုံး မီးလောင်ခဲ့သည်။ **(ဓါတ်ပုံ)**



မီးလောင်ရာသို့ ဝိုင်းမော်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်း ငြှိမ်းသတ်မှုကြောင့် နံနက် ၁၁ နာရီ မိနစ်၅၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မခင်မေဝင်း(ခ)မေဝင်း အား ဝိုင်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ညောင်ပင်ပြိုလဲမှုကြောင့် လျှောင်းတော်မူဘုရားကျောင်းဆောင် ပျက်စီး

**မိုးနဲ မေ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ကတ်နောက်ကျေးရွာ ဦးသီလဘုန်းတော်ကြီးကျောင်း၌ မေ ၂ ရက် နံနက် ၇ နာရီ ၁၃ မိနစ်ခန့်က သက်တမ်းရင့်ညောင်ပင်ကြီးတစ်ပင်ပြိုလဲမှုကြောင့် ကျောင်းဝင်း အတွင်းရှိ အလျား ၄၈ ပေ၊ အနံ ၃၁ ပေ လျှောင်းတော်မူဘုရားကျောင်းဆောင် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်ပြိုလဲရာသို့ မြို့နယ်သာသနာရေးဦးစီးမှူး ဦးပြည့်ဖြိုးကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နမ့်မော်ဆွမ့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအုန်းကျော်နှင့် ပြည်သူများက ဝိုင်းဝန်း ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းဆောင်အတွင်းရှိ လျှောင်းတော်မူဘုရား နှင့် ကျန်ဆင်းတုတော်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကျောင်းကုန်း၌ လေပြင်းတိုက်ခတ်၍ နေအိမ်များ အမိုးလန်

**ကျောင်းကုန်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရှမ်းရွာအရှေ့ကျေးရွာတွင် မေ ၂ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်၍ ရှမ်းရွာအရှေ့ မူလွန်ကျောင်း၏ ၆ တန်း၊ ၇ တန်း နှစ်ခန်းတွဲ အဆောက်အအုံ အလျား ပေ ၆၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ဝါးတိုင်၊ သွပ်မိုး၊ ထရံကာ၊ ကျောင်းဆောင် ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၇ နာရီခန့်တွင် ကျောင်းကုန်းမြို့နယ်အတွင်း မိုးအနည်းငယ်ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဇရပ်ဆိပ်ကျေးရွာ၌ အိမ်ခြေ ၂၀ ခန့် အမိုးလန်၍ နေအိမ် ခြောက်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသဖြင့် ဒေါ်ဂျီကြီး နယ်မြေရဲစခန်းမှ စခန်းမှူးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ ကွင်းဆင်းကာ ရပ်/ကျေး အုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများနှင့် ပူးပေါင်းလျက် ပျက်စီးမှုစာရင်း ကောက်ယူနေကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ နေအိမ်လိုင်းခန်းအတွင်း အမျိုးသမီးအလောင်းတွေ့

**တာချီလိတ် မေ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ရန်အောင်မြေရပ်ကွက် ပါလှံ့ ၁ နေအိမ် အိပ်ခန်း အတွင်း ပုပ်ပွနေသည့် အမျိုးသမီးအလောင်းကို မေ ၁ ရက် ညက တွေ့ရကြောင်း သိရသည်။

မေ ၁ ရက် ည ၈ နာရီခွဲခန့်တွင် နေအိမ်အခန်းအတွင်း အမျိုးသမီး တစ်ဦး သေဆုံး နေကြောင်း သတင်းအရ တာချီလိတ်မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးခိုင်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရန်အောင်မြေရပ်ကွက် ပါလှံ့ ၁ နေအိမ်လိုင်းခန်းအတွင်း ခုတင်အောက်၌ သေဆုံးနေသော အမျိုးသမီးရုပ်အလောင်းအား တွေ့ရသည်။ ဆက်လက်စစ်ဆေးရာ လွန်ခဲ့သော လေးရက်ခန့်က သေဆုံးနေပြီး ပုပ်ပွကာ အနံ့များထွက်နေသဖြင့် ပြင်ပဒဏ်ရာ ကြည့်ရှုမရသည့်အနေအထား တွေ့ရှိရပြီး လိုင်းခန်းတာဝန်ခံ ပြောပြချက်အရ နေအိမ်လိုင်းခန်းခ သွားရောက်ကောက်ခံစဉ် အခန်းအတွင်းမှ အပုပ်နံ့များရသဖြင့် တာဝန်ရှိသူများထံ အကြောင်းကြားခဲ့ကြောင်း၊ သေဆုံးသူမှာ မသော်(၄၀ နှစ်)ရောဂါအခံရှိသူ ဖြစ်ပြီး နေအိမ်လိုင်းခန်းအတွင်း တစ်ဦးတည်းနေထိုင်သူဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။ မသော် သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် နှစ်ဦး ရုံးထုတ်စစ်ဆေး

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီး ခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး(ခ) မိုးအောင်တို့ နှစ်ဦး ယနေ့ နံနက် ၁၀ နာရီက မြောက်ပိုင်း ခရိုင်တရားရုံးသို့ ရုံးထုတ်စစ်ဆေးရန် ရောက်ရှိခဲ့သည်။

အမှုနှင့်ပတ်သက်၍ ယခင်အပတ် ရုံးချိန်းတွင် တရားလိုပြ သက်သေ ဒုတိယရဲမှူး မိုးရန်နိုင်၏ သက်သေခံထွက်ဆိုချက် အပေါ် တရားလို ဒုတိယခရိုင်ဥပဒေအရာရှိဦးကျော်မင်းအောင် က မယုံကြည်ထိုက်သော သက်သေအဖြစ် ကြေညာပေးရန် လျှောက်လဲချက်အား မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်က ယနေ့ ပယ်ကြောင်း အမိန့်ချမှတ်ခြင်း ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြား ရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ဒီကနေ့ ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ်- ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေပုဒ်မ ၃(၁) (ဂ) အရ စွဲဆိုမှုဟာ ယခင်အပတ်ရုံးချိန်းမှာ သက်သေခံ အက်ဥပဒေပုဒ်မ ၁၅၅(၃)အရ တရားလိုပြသက်သေ ဒုတိယ ရဲမှူး မိုးရန်နိုင်ကို မယုံကြည်ထိုက်သော သက်သေအဖြစ် ကြေညာခွင့်ပြုပေးရန် လျှောက်ထားခြင်းနဲ့ ပတ်သက်ပြီး နှစ်ဖက်ရှေ့နေများ ကျယ်ကျယ်ပြန့်ပြန့် လျှောက်လဲချက်ကို ကြားနာခဲ့ပြီးတဲ့အတွက် အခုရုံးချိန်းမှာ ပယ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့တာပါ၊ တရားလိုပြသက်သေ ဒုတိယရဲမှူး မိုးရန်နိုင်ဟာ မှုခင်းမှတ်တမ်းက ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၆(ခ)/၂၂ အရ တရားရုံးကနေ ပြစ်ဒဏ် တစ်နှစ် ချမှတ်ခံရပြီးတော့ အင်းစိန်အချုပ်ထောင်မှာ အကျဉ်းကျခံ နေရတဲ့အတွက်လည်း ဒီနေ့ရုံးချိန်း မလာရောက်နိုင်တာလည်း ဖြစ်ပါမယ်၊ နောက်ရုံးချိန်းကို တရားရုံးလာရောက်နိုင်ဖို့ ထောင်ထုတ်အမိန့်နဲ့ ထုတ်ဆင့်ပေးပြီး မေ ၉ ရက် ဗုဒ္ဓဟူး နေ့ကို ချိန်းဆိုထားပါတယ်၊ ဆက်စစ်ဆေးသွားဖို့ရှိပါတယ်" ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တန့်ဆည်မြို့နယ်၌ တရားမဝင် တမလန်းသစ်များနှင့် သစ်မာများ ဖမ်းဆီးရမိ

**တန့်ဆည် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် နန္ဒင်းတောကျေးရွာအုပ်စု စည်းသာ ကျေးရွာအနီး၌ မေ ၁ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က တရားမဝင် တမလန်းသစ် များနှင့် သစ်မာဆိုက်စုံ ဖမ်းဆီးရမိ ကြောင်း သိရသည်။



ကျွန်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးကိုကို၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်သင်နှင့် ပူးပေါင်းအဖွဲ့သည် နှစ်မြို့နယ်အစပ်တွင် တရားမဝင်သစ်များ စုပုံထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ စည်းသာကျေးရွာအနီး ပျဉ်းကတိုးခွဲသား ၂ ဒသမ ၃၃၃၂ တန်၊ သစ်ရာခွဲသား ၀ ဒသမ ၃၂၁၀ တန်၊ တမလန်းခားရှေတုံး ဆိုက်စုံ ၁၀ ဒသမ ၄၁၅၉ တန် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။

အလားတူ မေ ၂ ရက် နံနက် ၄ နာရီ ခွဲခန့်က တန့်ဆည်မြို့နယ် စည်းသာ-နန္ဒင်း တော ကားလမ်းပေါ်တွင် ယာဉ်မောင်း မောင်သူ(ခ)သူရမင်းထွဋ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးထွန်းဖေ လိုက်ပါ လာသော ခြောက်ဘီးယာဉ်ပေါ်မှ တမလန်းခားရှေတုံး ၀ ဒသမ ၉၉၉၀ တန် နှင့် ပျဉ်းကတိုးခွဲသား ၀ ဒသမ ၈၃၃၂ တန် ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါသစ်များအား တန့်ဆည် မြို့နယ် နဘက်ကြီး သစ်တောဘိနယ် စခန်းသို့ လွှဲပြောင်းပေးအပ်ပြီး တရားမဝင်သစ်များ သယ်ဆောင်လာသူ မောင်သူ(ခ)သူရမင်းထွဋ် သရက်ကုန်း ကျေးရွာနှင့် ဦးထွန်းဖေ ပေါက်ကုန်း ကျေးရွာ တန့်ဆည်မြို့နယ်နေသူတို့ကို နဘက်ကြီးရဲကင်းစခန်းမှူး ရဲအုပ် ကျော်ဇင်ထွန်းက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂** - မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ သည် မေ ၁ ရက် နံနက် ၆ နာရီခွဲက ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်နေ လှမောင်(ခ)ထွန်းဝင်း၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ပုဏ္ဏားကျွန်းမြို့သို့ စက်လှေဖြင့်ရောက်ရှိလာသည့် စစ်တွေမြို့နေ ဖြူသီးနှင့် ဆန်းဝင်းမောင်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၄၇၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ် ၁၂ ရပ်ကွက်နေ တာပုန်(ခ)တာဆန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိ ခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြန်မာ့ရုပ်မြင်သံကြား

၃-၅-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - **သဘာဝသယံဇာတရဲ့ လက်ဆောင်မွန် မွန်ပြည်နယ်ရဲ့ကျောက်သင်ပုန်း**
- ၈း၂၀ - **၁၇ ကြိမ်မြောက်အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက် မှူးများညီလာခံဖွင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၁၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ရှမ်းပြည်နယ်) (တောင်ကြီး)
- ၁၁း၀၅ - **နာဂစ်လွန်ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာရေးဆီသို့**
- ၁၁း၁၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၄၀ - လုပစုံလင်အာဆီယံတစ်ခွင်
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၁၇) (မင်းဦး၊ဖိုးသောကြာ၊စုလှိုင်နှင်း၊စိုးစန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
- ၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1) (ဘားအံမြို့) (ဒုတိယပိုင်း)
- ၁၄း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (မိုးနတ်မင်းရဲ့ ဒေါသမာန်) (အပိုင်း-၃)

**ညပိုင်း**

- ၁၆း၃၅ - **ရင်နှစ်ပန်းတို့ လန်းစေချင်**
- ၁၇း၀၅ - NHK အစီအစဉ် "Mathematica" (Think Big) (မြင့်မြင့်မားမားစဉ်းစားတွေးခေါ်ကြ)
- ၁၇း၂၀ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၅၀)
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကချင်ပြည်နယ် (မြစ်ကြီးနား))
- \- America's Got Talent
- \- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၃) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီ-ဆွေဇင်ထိုက်)

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# MNL ပွဲကျန်တွင် GFA နှင့် ရှမ်းယူနိုက်တက် သရေကျ

**ရန်ကုန် မေ ၂**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) မှ ရွှေ့ဆိုင်းထားသည့် GFA နှင့် ရှမ်းယူနိုက်တက်ပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ တစ်ဂိုးစီ သရေကျခဲ့သည်။

**တစ်မှတ်သာ ကွာဟ**

ထိပ်ဆုံးမှ ရန်ကုန်အသင်းကို အမီလိုက်ရန် အမှတ်လိုနေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပွဲကျန်တွင် နိုင်ပွဲမယူနိုင်သောကြောင့် ငါးမှတ်အထိ ကွာဟသွားခဲ့သည်။ နည်းပြချုပ်သစ် မာဂျန်၏ ပထမဆုံးပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နည်းပြအပြောင်းအလဲများဖြစ်သော်လည်း ရလဒ်နှင့် ကစားပုံမှာ ကျေနပ်စရာဖြစ်မလာသေးပေ။ တန်းဆင်းဇုန်အတွင်းမှ GFA အသင်းမှာမူ ရှမ်းအသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သောကြောင့် အဆင့် (၁၀) နေရာမှ စစ်ကိုင်းအသင်းနှင့် တစ်မှတ်သာ ကွာဟတော့သည်။

**ဦးဆောင်ဂိုးရခဲ့**

ရှမ်းယူနိုက်တက် အသင်းသည် ဂိုးသမားသီဟစည်သူကို အသင်းခေါင်းဆောင်အဖြစ် ပြန်လည်တာဝန်ပေးပြီး နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ GFA အသင်းမှာလည်း နိုင်ငံခြားသားကစားသမားနှစ်ဦးကို အမာခံထားကာ လူစုံထုတ်ခဲ့ပြီး ရှမ်းအသင်းကို အပြန်အလှန်ကစားခဲ့သည်။ GFA အသင်းသည် ပွဲစကတည်းက ရှမ်းအသင်းကို အပြန်အလှန်ကစားခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်နေရသည်။ ၂၃ မိနစ်တွင် GFA အသင်း ဦးဆောင်ဂိုးရခဲ့ပြီး စိုးမင်းထွန်းက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရှမ်း ယူနိုက်တက်အသင်း ချေပဂိုးပြန်ရရန် ကြိုးစားလာပြီး စိုးမင်းဦးနှင့် ဇင်မင်းထွန်းကို ထည့်ကာ တိုက်စစ်အပြောင်းအလဲ လုပ်ခဲ့သည်။ ၆၂ မိနစ်တွင် ရှမ်းအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူး ခရစ္စတိုဖာက သွင်းယူခဲ့ခြင်းဖြစ်သည်။

သို့သော် ခရစ္စတိုဖာသည် ၆၅ မိနစ်တွင် ပြိုင်ဘက်ကစားသမားကို ဥပဒေပကစားခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရရာ ရှမ်းတိုက်စစ် အားပျော့ခဲ့ပြီး အနိုင်ဂိုးထပ်မသွင်းနိုင်ဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ကိုးမှတ်ရထားသည်။

ပထမအကျော့ပွဲ အားလုံးပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး မေ ၁၃ ရက်တွင် ရခိုင်အသင်းနှင့် မကွေးအသင်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



**GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-စိုးညွန့်

✳ *ကျောဖုံးမှ*

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (ခ) တွင် လက်ရှိ ချန်ပီယံ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ခြေစစ်ပွဲအောင် အသင်းတို့ ပါဝင်နေသည်။ ယခုပြိုင်ပွဲအတွက် မဲခွဲရာတွင် ပြီးခဲ့သည့် ၂၀၁၆ ပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့်အသင်းများ အတိုင်း ပြန်လည်ကျရောက်ခဲ့ပြီး အသင်းအရေအတွက် တိုးခဲ့၍သာ လာအိုနှင့် ခြေစစ်ပွဲအောင်အသင်းတို့ အုပ်စုတစ်ခုစီတွင် ပါဝင်လာခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲပုံစံပြောင်းလဲကျင်းပမည်ဖြစ်ပြီး အသင်းအရေအတွက်တိုးမြင့်ကာ အုပ်စုပွဲများကို အိမ်ရှင်နိုင်ငံ မရွေးချယ်ဘဲ ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲအား အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို နိုဝင်ဘာ ၈ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် နှစ်ကျော့ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် ၂၀၁၆ ပြိုင်ပွဲတွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အဖွင့်ပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကမ္ဘောဒီးယားကို သုံးဂိုး-တစ်ဂိုး၊ မလေးရှားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် ယင်းသုံးသင်းစလုံးနှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိနေသော်လည်း အိမ်ကွင်း၊ အဝေးကွင်းကျင်းပမည့်ပုံစံအရ ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။

မြန်မာအသင်းသည် အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲနှစ်ကြိမ်သာ တက်ရောက်ဖူးပြီး ထိုင်းအသင်းက ချန်ပီယံဆု ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**


**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်သန္တာမင်း ၈/ရနခ(နိုင်)၀၁၁၂၄၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **သန္တာမင်း** ဖုန်း-၀၉-၄၃၁၇၅၃၁၆

**ဖခင်အမည်မှန်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့ 'စံ' ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မနှင်းနုဝေ ၁၁/မအန(နိုင်)၀၇၄၅၈၃၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းအောင် ၁၁/မအန(နိုင်)၀၄၂၀၃၅ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းအောင်**

**ခြံရောင်းမည်**

အလျား ၆၉ ပေ × အနံ ၆၈ ပေ၊ သီရိသုခလမ်း၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မင်လာဒုံမြို့နယ်။ ဖုန်း-၀၉ ၂၅၂၅၆၈၆၈၆၊ ၀၉ ၄၂၀၀၆၂၄၂၆

**ကန့်ကွက်နိုင်ပါသည်။**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၁၆၈)၊ အကျယ်အဝန်း (၄၂×၆၀)ပေ၏ မြေချပါမစ်အမည်ပေါက်မှာ ဦးကျော်မြင့် (စီဂျီ ၀၈၀၄၈၈) ဖြစ်ပြီး ဦးကျော်မြင့်ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ယခုလက်ရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဦးတင်ဦး (၁၄/ကလန(နိုင်)၀၃၀၆၈၃) မှ ၄င်းအိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမြတ်ထွန်း (၁၂/လမန (နိုင်) ၁၂၄၆၆၇)က ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။
အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရီရီသန့် (စဉ်-၉၉၃၉)
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၀၆၆၁၆၄၊ ၀၉ ၇၉၆၆၀၀၂၁၇


**ပြည်နယ်ပညာရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကျောင်း/ရုံး အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန် ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း/ရုံးများ(၂၃၁)ဆောင် အသစ်ဆောက်လုပ်ရန်အတွက် တိုင်းရင်း သားလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၁၀-၅-၂၀၁၈ရက် |
| | **တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** | - ရုံးချိန်အတွင်း |
| | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၄-၆-၂၀၁၈ရက် ညနေ ၄ နာရီ |
| | **တင်ဒါတင်သွင်းရမည့်နေရာ** | - ပြည်နယ်ပညာရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ |

၃။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသည် မိမိတာဝန်ယူဆောက်လုပ်သည့် ကျောင်းများအတွက် အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော စာသင်ခုံ အရေအတွက်အား ဌာနမှသတ်မှတ်ထားသောဈေးနှုန်းဖြင့် ပြုလုပ်ပေးရမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန - ဖုန်း-၀၄၃-၂၀၂၂၆၄၉
ရခိုင်ပြည်နယ်ပညာရေးမှူးရုံး၊ စစ်တွေမြို့ - ဖုန်း-၀၄၃-၂၀၂၁၀၄၆

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**


**ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်**

- FMI CITY ပေ၄၀×၆၀ RC နှစ်ထပ်တိုက် အဆင့်မြင့်ပြင်ဆင်ပြီး၊ အဆောင်ချဲ့၊ ပေါ်တီကိုပါ၊ 2MBR, 2BR, 2AC နေရာအကောင်းဆုံး
- WISH 2004 MODEL Pearl White, km 90000 ကျော်၊ အလယ်လျှောက်လမ်းပါ Z Grate ကားသန့်, 1N ----

ဖုန်း-၀၉-၄၉၂၇၇၈၈၆၊ ၀၉-၅၁၁၂၅၀၉၊ ၀၉-၄၂၀၀၃၃၃၀၅


**ယာဉ်နှင့်ပတ်သက်သောပစ္စည်းများလက်ဝယ်ရှိကြောင်း အသိပေးကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ဆေးရုံလမ်းသစ်၊ အပိုင်း(၂)၊ အမှတ် ၁၁၀နေဦးတင်ဝင်း(ခ)ဦးသူတော် (PME-၀၀၆၄၈၂)နှင့် ဒေါ်တင်တင်ဝင်း ၇/ပမန(နိုင်)၂၁၄၀၂၈နှစ်ဦးပိုင်ဆိုင်သော TOYOTA IPSUM ACM 2I STATION WAGON (9G-6308) နှင့် KIA YGN (4F-3317)ကားနှစ်စီး၏ ကားလိုင်စင်စာအုပ်မူရင်းမှာ ပျောက်ဆုံးခြင်းမဟုတ်ဘဲ ကျွန်တော် ဦးတင်ဝင်း(ခ)ဦးသူတော်၏လက်ဝယ်တွင်ရှိပါကြောင်းနှင့် ယာဉ်နှင့်ပတ်သက်၍ လိုင်စင်အသစ်ပြုလုပ်ခြင်း၊ ပေါင်နှံရောင်းချခြင်း ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးတင်ဝင်း(ခ)ဦးသူတော်**
**ဖုန်း-၀၉-၄၂၃၆၉၃၇၉၅**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိင်္ဂီလမ်း၊ အမှတ် ၅၂၈/၅၂၉-မြေညီနေ ဦးဗိုလ်သက် ၇/ပခန(နိုင်)၂၃၄၁၁၂၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၁)လမ်း-မြောက်၊ အမှတ်(၆၁)နေ ဦးမောင်မောင်မြင့် ၁၁/စတန(နိုင်)၀၅၈၄၂၁တို့၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အကွက်အမှတ်(၁၁၇)၊ အကွက်အမည်-ဓမ္မ သုခကျောင်းရပ်၊ ဦးပိုင်အမှတ်(F-၁၆/၈၄)၊ မြေကွက်အမှတ်(၁၆/၈၄)၊ ဧရိယာ ၀.၁၁မ၀၇၆ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်နန်းတန်အမည်ဖြင့် ဂရန်အမှုတွဲအမှတ်(၆၂/၂၀၁၁)အရ အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၁၀၃/၂၀၁၇)အရ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် ဒေါ်နန်းမေခလာ ၁၃/တကန(နိုင်)၁၈၅၂၈၅၊ ဒေါ်နန်းကြည်ပြာ ၁၃/တကန(နိုင်)၁၉၂၅၄၇တို့ထံ မှ ကျွန်ုပ်၏မိတ်ဆွေ ဦးဗိုလ်သက်နှင့် ဦးမောင်မောင်မြင့်တို့က ဝယ်ယူရန်အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း လာရောက်မကန့်ကွက်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၅၆/၂၀၁၃)**
**စ/၂၈၉၊ သပြေလမ်း၊ စဝ်စံထွန်းရပ်၊ တောင်ကြီးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မြေကွက်အမှတ် ၅၂၉/ခ၊ မြေကွက်တည်နေရာအမှတ်(၅၂၉/ခ)၊ ဇေယျာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးနော်တင်)(AC-၀၅၀၆၉၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးနော်တင်နှင့်ဇနီး၊ ဒေါ်မြသွယ်တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သူ ဦးရဲမြင့်၊ ဒေါ်စန်းစန်းအေး၊ ဒေါ်သန်းသန်းဌေး၊ ဦးစိုးစိုးဝင်း၊ ဦးမြင့်သန်းတို့အား တရားပြိုင်ထား၍ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် ဒေါ်ချိုချိုဝင်းမှ တရားလိုပြုစွဲဆိုသော တရားမကြီးမှုအမှတ် ၈၁/၂၀၁၅၊ တရားမဇာရီမှုအမှတ် ၅၁/၂၀၁၇ တို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဒု-ဦးစီးအရာရှိ ဒေါ်ရွှေရည်ခိုင် ၁၂/သကတ(နိုင်)၁၆၇၃၆၅မှ ဦးနော်တင် အမည်ပေါက် ဂရန်မူရင်း (၂၄-၇-၂၀၁၇)ရက်စွဲပါ တရားရုံး၏ ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် အမည်ပေါက် ဦးနော်တင်၏သားဖြစ်သူ ဦးရဲမြင့်(တရားရှုံး)မိသားစု နေထိုင်ကြောင်း တွေ့ရှိရပြီး ဦးရဲမြင့်၏ဇနီး ဒေါ်အေးအေးမြင့်နှင့် တရားနိုင် ဒေါ်ချိုချိုဝင်းတို့မှ ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ မြေရာဇဝင်မှတ်ချက်ပါ (၂၀၁၃)ခုနှစ်တွင် ဦးရဲမြင့်+၄မှ (ပိုင်ဆိုင်/ စွန့်လွှတ်)မြေပုံကူးလျှောက်ထားခြင်း (၂၀၁၅)ခုနှစ်တွင် ဒေါ်သန်းသန်းဌေးမှ ကန့်ကွက်စာတင်သွင်းခဲ့ခြင်းတို့ကို ရှင်းလင်းရန်အကြောင်းကြားခဲ့ခြင်းကိုလည်း တရားနိုင် ဒေါ်ချိုချိုဝင်းမှ တရားရုံး၏ အနိုင်ဒီကရီ၊ ဇာရီမှုတို့ဖြင့် အနိုင်ရရှိပြီးကြောင်း တင်ပြလာသဖြင့် ဒုတိယဦးစီးအရာရှိ ဒေါ်ရွှေရည်ခိုင် ၁၂/သကတ(နိုင်)၁၆၇၃၆၅၏ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကောင်းမွန်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မြောက်ကိုရီးယားသို့ ဝမ်ယိ ရောက်ရှိ

**ပေကျင်း မေ ၂**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် မေ ၂ ရက်က မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း တရုတ်အဆင့်မြင့်အရာရှိတစ်ဦးအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ ကြံုတောင့်ကြံုခဲ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ မြောက်ကိုရီးယားခရီးစဉ်သည် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် အိမ်နီးချင်းနိုင်ငံနှင့် ကောင်းမွန်သည့် ပြုပြင်ပြောင်းလဲမှုများကို လိုလားကြောင်း ဖော်ပြရာ ရောက်သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဆက်လက်ဖော်ပြထားသည်။

ကိုရီးယားနှစ်ပြည်ထောင်ခေါင်းဆောင်များ တွေ့ဆုံအပြီး အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ တွေ့ဆုံလုဆဲဆဲအခြေအနေတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ၎င်းနှင့် အဆင့်တူ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့သော တရုတ်နိုင်ငံခြားရေးဝန်ကြီးကို မြောက်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရီကီလ်ဆောင်နှင့် အခြားအဆင့်မြင့် အရာရှိများက ပြုံယမ်းလေဆိပ်၌ တွေ့ဆုံကြိုဆိုခဲ့ကြောင်း သတင်းရရှိသည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် နှစ်နိုင်ငံထိပ်တန်းခေါင်းဆောင်များအနေဖြင့် လွန်ခဲ့သောလက ပေကျင်း၌ တွေ့ဆုံခဲ့သေးကြောင်း သိရသည်။

ဝမ်ယိသည် ၂၀၀၇ ခုနှစ်မှစကာ မြောက်ကိုရီးယားသို့ လာရောက်လည်ပတ်သည့် ပထမဆုံး တရုတ်နိုင်ငံခြားရေးဝန်ကြီးဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုသည် ပြီးခဲ့သည့် ရက်သတ္တပတ်က တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် ပြုလုပ်ခဲ့သည့် သမိုင်းဝင်ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့်အတူ လိုက်ပါခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ကိုရီးယားစစ်ပွဲ ပြီးဆုံးရေး ညှိနှိုင်းဆွေးနွေးရန်နှင့် အပစ်အခတ်ရပ်စဲရေးမှ ငြိမ်းချမ်းရေးသဘောတူစာချုပ်သို့ ပြောင်းလဲရန်အတွက် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့နှင့်အတူ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ကြိုးပမ်းသွားရန် သဘောတူညီခဲ့သည်။

တရုတ်နိုင်ငံသည် စစ်ရပ်ဆိုင်းရေးတွင် ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်သွားရန် လိုလိုလားလားရှိမှုကို ဖော်ပြသွားမည်ဟု မျှော်လင့်ရသည်။ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ခေါင်းဆောင်ကင်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ၊ အေအက်ဖ်ပီ**

# နေတန်ယာဟုသည် အီရန်၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ လိမ်ညာပြောဆိုခဲ့ကြောင်း အီရန်ပြောကြား



**တီဟီရန် မေ ၂**

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် နျူကလီးယားအစီအစဉ်များကို လျှို့ဝှက်စွာ ဆောင်ရွက်ရန်ကြိုးပမ်းခဲ့သည်ဟူသော စွပ်စွဲချက်များကို ငြင်းဆန်ခဲ့ပြီး အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် အီရန်နျူကလီးယား သဘောတူ စာချုပ်နှင့်ပတ်သက်၍ မကြာမီ ဆုံးဖြတ်ချက်ချမှတ်မည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို လှုံ့ဆော်မိုးရန် ရည်ရွယ်လျက် လိမ်ညာပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရမ်ကွာစီမီက အစ္စရေး ဝန်ကြီးချုပ်၏ ရယ်စရာကောင်းသည့် လုပ်ကြံပြောဆိုစွပ်စွဲမှုများသည် အီရန်၏ နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်၍ ရှက်ဖွယ်ကောင်းပြီး တန်ဖိုးမရှိသော လုပ်ရပ်တစ်ခုအဖြစ် ဖော်ပြနေကြောင်း ပြောကြားခဲ့သည်။

စွပ်စွဲချက်များသည် အလိမ်အညာများကို ဖြန့်ဖြူးရန် လုံးဝရည်ရွယ်ထားကြောင်း ကွာစီမီက ပြောသည်။ တနင်္လာနေ့က ရုပ်သံမှထုတ်လွှင့်ခဲ့သည့် ဖော်ပြချက်တွင် နေတန်ယာဟုသည် အီရန်၏ လျှို့ဝှက်နျူကလီးယားတိုက်မှ အစ္စရေး ထောက်လှမ်းရေးအေဂျင်စီက ရရှိခဲ့သည့် ဖိုင်များကို ထုတ်ဖော်ပြသခဲ့သည်။ ယင်းဖိုင်များသည် အီရန်က နျူကလီးယားလက်နက်များကို ပိုင်ဆိုင်ရန် လျှို့ဝှက်စွာကြိုးစားနေသည်ကို ဖော်ထုတ်ပြသနေကြောင်း အစ္စရေးက ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လက လက်မှတ်ရေးထိုးခဲ့သည့် အီရန်နျူကလီးယားသဘောတူစာချုပ်သည် နိုင်ငံတကာက အီရန်အပေါ် ချမှတ်သည့် အရေးယူပိတ်ဆို့မှုကို ဖယ်ရှားရန်အတွက် အလဲအလှယ်အနေဖြင့် အီရန်၏ နျူကလီးယားအစီအစဉ်များကို ကန့်သတ်ရန် ပုံစံရေးဆွဲခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**

# ခွဲထွက်ရေးအုပ်စုများကို ထောက်ပံ့ပေးသည်ဟုဆိုကာ အီရန်နှင့် ဆက်ဆံရေးကို မော်ရိုကို ဖြတ်တောက်

**ရာဘတ် မေ ၂**

အနောက်ဆာဟာရရှိ ခွဲထွက်ရေးအုပ်စုများကို အီရန်က ကူညီထောက်ပံ့ပေးသည်ဟုဆိုကာ အီရန်နှင့် ဆက်ဆံရေးကို မော်ရိုကိုက အင်္ဂါနေ့တွင် ဖြတ်တောက်လိုက်ကြောင်း သိရသည်။ အီရန်နှင့် မော်ရိုကိုတို့၏ သံတမန်ဆက်ဆံရေး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး နှစ်အနည်းငယ်မျှအကြာတွင် ယခုကဲ့သို့ ဆက်ဆံရေး ပြန်လည်ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။

မော်ရိုကိုနိုင်ငံခြားရေးဝန်ကြီး နာဆာဘူရီတာက ၎င်း၏နိုင်ငံသည် အီရန်သံအမတ်ကို မော်ရိုကိုသို့ နှင်ထုတ်မည်ဖြစ်ပြီး တီဟီရန်ရှိ မော်ရိုကိုသံရုံးကိုလည်း ပိတ်သိမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခွဲထွက်ရေးအုပ်စုများကို အီရန်က ကူညီထောက်ပံ့ပေးနေကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားရှိသည်ဟု မော်ရိုကိုနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

**ဆင်ဟွာ**

# ဘဏ်စားပြတိုက်မှုဖြင့် ထောင်ကျသူ ထောင်ကလွတ်ပြီး တစ်ရက်အကြာ ဘဏ်ကို ထပ်မံစားပြတိုက်

**ဝါရှင်တန် မေ ၂**

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုး ပြည်နယ်ရှိ လူတစ်ဦးသည် ဘဏ်စားပြတိုက်မှုဖြင့် စွပ်စွဲခံခဲ့ရကြောင်း၊ ပို၍အံ့သြစရာကောင်းသည်မှာ အဆိုပါစွပ်စွဲခံရသူသည် လွန်ခဲ့သည့် နှစ်နှစ်ခန့်က ဘဏ်စားပြတိုက်မှုဖြင့် ထောင်ကျခဲ့ဖူးသူဖြစ်ပြီး ထောင်ကပြန်လွတ်ပြီး တစ်ရက်အကြာတွင် ဘဏ်စားပြတိုက်မှုဖြင့် စွပ်စွဲခံရခြင်း ဖြစ်ကြောင်း အမေရိကန် အစိုးရရှေ့နေများက မေ ၂ ရက်က ပြောခဲ့သည်။

မာကီကိုဆွန်နီလူးဝစ်သည် ကလိမ်လန်း မြို့ရှိ ဘဏ်ခွဲတစ်ခုကို ဧပြီ ၁၂ ရက်က စားပြတိုက်မှုဖြင့် စွပ်စွဲခံရခြင်းဖြစ်ပြီး ထောင်ကလွတ်ပြီး တစ်ရက်အကြာတွင် ထိုသို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက် ၄၀ နှစ်ရှိ လူးဝစ်သည် ယခုအခါတွင် အင်အားသုံးခြင်း၊ အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းစသည့် ပြစ်မှုဆိုင်ရာ ပုဒ်မများဖြင့် တရားစွဲဆိုခြင်းများကို ရင်ဆိုင်နေရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အလုပ်သမားနေ့တွင် ဆူပူရမ်းကားသူများအား ပြင်သစ်ရဲ ဖမ်းဆီး

**ပါရီ မေ ၂**

အလုပ်သမားနေ့က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖြစ်ပွားသော အကြမ်းဖက်မှုများကြောင့် စုစုပေါင်း လူ ၁၀၉ ဦးအား ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြင်သစ်ရဲများက ပြောခဲ့သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကနဦးသတင်းဖော်ပြချက်များအရ အလုပ်သမားနေ့ ဆန္ဒပြမှုနှင့်ပတ်သက်ပြီး ဖမ်းဆီးခံရသူ စုစုပေါင်း ၂၀၉ ဦးရှိခဲ့ကြောင်း သိရသည်။

အလုပ်သမားအခွင့်အရေးနှင့် ပတ်သက်ပြီး ဆန္ဒပြခဲ့သော မျက်နှာဖုံးစွပ်လူငယ်များသည် မက်ဒေါ်နယ် စားသောက်ဆိုင်တစ်ဆိုင်နှင့် မော်တော်ကားများကို မီးရှို့ခဲ့ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

နောက်တစ်ခါ ယခုကဲ့သို့ ဆန္ဒပြမှုများ မပြုလုပ်နိုင်အောင် လုံခြုံရေးအင်အားကို တိုးမြှင့်ချထားမည်ဖြစ်ကြောင်း ရုပ်သံလိုင်း တစ်လိုင်း၏ အင်တာဗျူးတွင် အမည်မဖော်လိုသူတစ်ဦးက ပြောခဲ့သည်။

ဆစ်ဒနီသို့ ရောက်ရှိလာသော ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က အဆိုပါအကြမ်းဖက်ကိစ္စများအား ကန့်ကွက်ရှုတ်ချခဲ့ကြောင်း သိရသည်။

မေ ၁ ရက်နေ့သည် အလုပ်သမားနေ့ဖြစ်ကြောင်း၊ လူရမ်းကားများ သောင်းကျန်းသည့်နေ့ မဟုတ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### အလီဘာဘာ ဥက္ကဋ္ဌ အစ္စရေးသို့ ရောက်ရှိ

**ပေကျင်း မေ ၂**

တရုတ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် အလီဘာဘာ အုပ်စု၏ ဥက္ကဋ္ဌနှင့် တည်ထောင်သူ ဂျက်မားသည် မြေ ၃၀ ရက်က အစ္စရေးသို့ စီးပွားရေးဆိုင်ရာများ ဆောင်ရွက်ရန် ရောက်ရှိခဲ့သည်။

ဂျက်မားသည် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် ဘင်ဂျမန်နေတန်ယာဟုနှင့် အစ္စရေးနိုင်ငံ စီးပွားရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး အလီကိုဟန်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

အလီဘာဘာသည် မေ ၃ ရက်တွင် တဲလ်အဗစ်တက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ ဘွဲ့ရများနှင့် တွေ့ဆုံပြီး သိလိုသည့် မေးခွန်းများကို ဖြေကြားပေးသွားမည်ဖြစ်ကြောင်း၊ ထို့နောက် ယင်းတက္ကသိုလ်မှ ပေးအပ်သော ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကိုလည်း လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အလီဘာဘာသည် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အစ္စရေးနိုင်ငံအခြေစိုက် ကျူအာကုဒ်များအသုံးပြုရန် သဘောတူညီမှုတစ်ရပ် ရယူခဲ့ကြောင်း၊ ယင်းမှာ အစ္စရေးနိုင်ငံ၏ အကြီးမားဆုံးနည်းပညာကုမ္ပဏီဖြစ်သော တက်ချ်ဟက်ဘ် တဲလ်အဗစ်တွင် အာရ်အင်န်ဒီစခန်းများကို တည်ထောင်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### အီရန်က နျူလက်နက်အစီအစဉ်ကို ဖုံးကွယ်ထားသည်ဟု အစ္စရေးစွပ်စွဲ

**တီဟီရန် မေ ၂**

အီရန်သည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ရန် လျှို့ဝှက်စွာ ကြိုးစားခဲ့ဖူးကြောင်း အထောက်အထားများကို ရရှိခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် တနင်္လာနေ့က အရေးပေါ်သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ပြီး အစ္စရေးထောက်လှမ်းရေးအေဂျင်စီသည် လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အကြာက အီရန်မြို့တော် တီဟီရန်ရှိ လျှို့ဝှက်ကုန်လှောင်ရုံတစ်ခုမှ အထောက်အထားများ ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အထောက်အထားရရှိခဲ့သည့် ဖိုင်များတွင် အီရန်သည် နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်၏ညွှန်ကြားမှုအောက်တွင် နျူကလီးယားလက်နက်အစီအစဉ်တစ်ခုကို လျှို့ဝှက်စွာ ဆောင်ရွက်နေကြောင်း တွေ့ရသည်ဟု ဖော်ပြသည်။

ယင်းအစီအစဉ်အရ အီရန်သည် ယူရေနီယံသန့်စင်မှုများ လုပ်ဆောင်ကာ နျူကလီးယားလက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ရေးဆွဲခဲ့ပြီး တိုက်ချင်းပစ်ဒုံးကျည်များ တိုးပွားလာအောင် ဆောင်ရွက်ရန်စီစဉ်နေကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာဒေသ ဆန္ဒပြပွဲတွေမှာ အစ္စရေးဘက်ကသာ ရပ်တည်နေတဲ့ အမေရိကန်

**ချူးစန္ဒီမွေး**



ဂါဇာဒေသက လူငယ်တွေဟာ ဆယ်စုနှစ်တစ်ခုကျော်မျှ ဆင်းရဲချို့တဲ့မှုတွေနဲ့ ကြုံတွေ့ခဲ့ရပြီး ဆင်းရဲဒုက္ခက လွတ်မြောက်မယ့် မျှော်လင့်ချက်အလင်းရောင်ဟာ အနည်းငယ်ပဲရှိတဲ့အခါမှာတော့ ဆန္ဒပြပွဲတွေမှာ ပါဝင်လာကြပါတော့တယ်။ အစ္စရေးနယ်စပ်မှာ ဒီလိုကြီးမားတဲ့ ဆန္ဒပြပွဲကြီးပြုလုပ်ခဲ့တာ အခုဆိုရင် ငါးပတ်မြောက်ရောက်လာပြီပဲ ဖြစ်တယ်။ ၄၆ ယောက် အသတ်ခံရပြီး ရာပေါင်းများစွာ ဒဏ်ရာရခဲ့ပါတယ်။

**မျှော်လင့်ချက်မဲ့နေကြ**

အစ္စရေးနဲ့ အီဂျစ်တို့ပိတ်ဆို့ထားတဲ့ ဂါဇာဒေသက လူငယ်တွေထဲမှ ၆၄ ရာခိုင်နှုန်းဟာ အလုပ်လက်မဲ့တွေပါ။ ဒီဒေသက လူငယ်တွေထဲက အချို့ကတော့ ပညာကောင်းကောင်းသင် အလုပ်ရှာပြီးတော့ ဂါဇာဒေသကနေ ပြောင်းရွှေ့ဖို့အတွက် အခွင့်အလမ်းတွေ မျှော်လင့်နိုင်သလို အချို့ကတော့ ဟားမားစ်အဖွဲ့ ဒါမှမဟုတ် အခြားသော အစွန်းရောက်အဖွဲ့ထဲကိုဝင်ပြီး အစ္စရေးကိုတိုက်ခိုက်မယ့်လမ်းကိုလည်း ရွေးချယ်နိုင်ပါတယ်။ လူငယ်အများစုကတော့ မျှော်လင့်ချက်မဲ့နေကြတာတော့ အမှန်ပါပဲ။

**တရားမျှတတဲ့ စုံစမ်းစစ်ဆေးရေးကို တောင်းဆို**

ဂါဇာဒေသမှာ ပိတ်မိနေတဲ့ ပါလက်စတိုင်းတွေအဖို့ သန့်ရှင်းသောရေ၊ လွတ်လပ်စွာ လှုပ်ရှားခွင့်နဲ့ လျှပ်စစ်မီး လုံလုံလောက်လောက်ရဖို့ဆိုတာ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်ပါပဲ။ အိမ်ပြန်ကြမယ်ဆိုတဲ့ ကြွေးကြော်မှုနဲ့ အခုပေါ်ပေါက်နေတဲ့ ပါလက်စတိုင်း ဆန္ဒပြပွဲကြီးမှာ သေဆုံးမှုတွေ မြင့်တက်လာတဲ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တရားမျှတတဲ့ စုံစမ်းစစ်ဆေးရေးဖြစ်လာစေရေးကို တောင်းဆိုခဲ့တယ်။ ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်ကတော့ ဒီအကြမ်းဖက်မှုအတွက် အစ္စရေးမှာ အပြည့်အဝတာဝန်ရှိတယ်လို့ ပြောပါတယ်။ ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကတော့ ဒါဟာ ငြိမ်းချမ်းစွာ ဆန္ဒပြနေတာ မဟုတ်ဘူး။ သေချာစုစည်းထားတဲ့ အကြမ်းဖက်အုပ်စုသာ ဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

**နေရပ်စွန့်ခွာလာတဲ့ ဒေသခံတွေဖြစ်**

ဗီတမာနက်စိဆက်လို့ ခေါ်တဲ့ အသက် ၆၅ နှစ်အရွယ် အမျိုးသမီးကြီးကတော့ သူ့မှာ ကလေးခုနစ်ယောက်ရှိတယ်။ ခုနစ်ယောက်လုံး အလုပ်လက်မဲ့။ ချို့ချို့တဲ့တဲ့နဲ့ သေရတာထက် ဂုဏ်သိက္ခာရှိရှိ သေရတာက ပိုကောင်းတယ်။ ငါတို့ဟာ ကိုယ့်မြေ ကိုယ့်တိုင်းပြည်ကို ပြန်မှာပဲ ဖြစ်တယ်။ ဒီလိုမှမဟုတ်ရင်လည်း အစ္စရေးတွေက တစ်နည်းမဟုတ်တစ်နည်းနဲ့ တို့ကိုသတ်နေတာပဲ။ ပစ်သတ်မခံရလည်း ပိတ်လှောင်ထားတာနဲ့ သေမှာပဲလို့ သူ့ရဲ့ ခံစားချက်တွေကို ပြောပြခဲ့ပါတယ်။ ဂါဇာဒေသမှာရှိတဲ့ လူနှစ်သန်းခန့်ဟာ နေရပ်ကို စွန့်ခွာလာရတဲ့ ဒုက္ခသည်တွေသာဖြစ်တယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။ ၁၉၄၈ ခုနှစ် အစ္စရေး-အာရပ်စစ်ပွဲကြောင့် ပါလက်စတိုင်းပြည်သူ ထောင်ပေါင်းများစွာဟာ နေရပ်ဒေသကနေ စွန့်ခွာခဲ့ရပြီး ဒုက္ခသည်တွေ ဖြစ်လာခဲ့ရပါတယ်။

**နှစ်ဖက်စလုံးအတွက် ကြားဝင်စေ့စပ်သူ**

အခုလိုမျိုး အစ္စရေးနဲ့ ပါလက်စတိုင်းတို့ကြား ပဋိပက္ခအဆိုးရွားဆုံးဖြစ်ပွားနေချိန်မှာ မကြာသေးခင်ကမှ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူထားတဲ့ မိုက်ပွန်ပီအိုဟာ အစ္စရေးကို ရောက်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း သူဟာ ပါလက်စတိုင်းကိုယ်စားလှယ်တစ်ဦးတစ်ယောက်ကိုမျှ တွေ့ဆုံခြင်း မရှိပါဘူး။ ဟိုအရင်ကာလတွေကတည်းက အမေရိကန်သံတမန်တွေဟာ သူတို့ကိုယ်သူတို့ နှစ်ဖက်စလုံးအတွက် ကြားဝင်စေ့စပ်သူတွေလို့ ထင်ကြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သူဟာ အစ္စရေးဘက်ကသာမက ပါလက်စတိုင်းဘက်က ကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဆုံရပါတယ်။ နှစ်ဖက်စလုံးက ဆက်ဆံရေးတွေ ဆိုးရွားလာပြီဆိုရင် အမေရိကန်ဘက်က ပြေလည်မယ့်နည်းလမ်းကို ရှာဖွေပေးပါတယ်။

**ပါလက်စတိုင်းနဲ့ ဆက်ဆံရေး တင်းမာလာ**

အခုတစ်ကြိမ် မိုက်ပွန်ပီအိုရဲ့ ခရီးစဉ်ဟာ အရင်တုန်းက ပုံစံလိုမဟုတ်ပါဘူး။ မစ္စတာပွန်ပီအိုနဲ့ တွေ့ဆုံဖို့ ပါလက်စတိုင်းခေါင်းဆောင်တစ်ဦးတစ်လေမျှ ဖိတ်ခေါ်ခြင်းမခံရဘူးလို့ ပါလက်စတိုင်းအာဏာပိုင်တွေက ပြောပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာ အမေရိကန်သမ္မတ ထရန့်ဟာ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ တဲအဗစ်မြို့မှာရှိတဲ့ အမေရိကန်သံရုံးကို ဂျေရုဆလင်ကို ပြောင်းရွှေ့ဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ပါလက်စတိုင်းခေါင်းဆောင်တွေဟာ အမေရိကန်သမ္မတ ထရန့်ရဲ့ အစိုးရအဖွဲ့နဲ့ နိုင်ငံရေးအရ ဆက်သွယ်မှုတွေကို ဖြတ်တောက်လိုက်ပါတော့တယ်။ အမေရိကန်ဟာ ပါလက်စတိုင်းနဲ့ အစ္စရေးကြားမှာ ရိုးသားတဲ့ ဝင်ရောက်စေ့စပ်သူတစ်ဦး မဟုတ်တော့ဘူးလို့လည်း ပါလက်စတိုင်းတို့က ပြောကြပါတယ်။

**ပါလက်စတိုင်းတို့အပေါ် ကရုဏာသက်လာကြ**

ဂါဇာနဲ့ အစ္စရေးနယ်စပ်ကြားမှာ ဆန္ဒပြပွဲတွေ အရှိန်မြင့်တက်နေပြီး ဒဏ်ရာရသူတွေ၊ သေဆုံးသူအရေအတွက်ဟာ များပြားလာတဲ့အတွက် အများစုက ပါလက်စတိုင်းအပေါ် ကရုဏာသက်မှုတွေ ဖြစ်ပေါ်လာနေပါတယ်။ မစ္စတာ ပွန်ပီအိုဟာ သူ့ရဲ့ ပထမဦးဆုံး ခရီးစဉ်မှာတောင် ပါလက်စတိုင်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးမှု လုပ်မသွားဘူးလို့ အိုဘားမားအစိုးရအဖွဲ့တုန်းက အစ္စရေးဆိုင်ရာ အမေရိကန်သံအမတ် ဒင်နီရယ် ဘီရှပ်ပီရိုက ပြောပါတယ်။ ဂါဇာဒေသမှာ ပေါ်ပေါက်နေတဲ့ ဆန္ဒပြပွဲတွေနဲ့ ပတ်သက်လို့ကတော့ "အစ္စရေးဟာ သူတို့ကိုယ်သူတို့ ကာကွယ်ပိုင်ခွင့် အပြည့်အဝရှိတယ်၊ အဲဒီအတွက်လည်း အပြည့်အဝထောက်ခံတယ်" လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့တယ်။

**အစ္စရေးဝန်ကြီးချုပ်နဲ့ တွေ့ဆုံ**

လတ်တလောမှာ ပေါ်ပေါက်နေတဲ့ ပါလက်စတိုင်းအရေးကိစ္စ ဆွေးနွေးရမယ့်အစား မစ္စတာပွန်ပီအိုဟာ ဒီဒေသမှာ အီရန်ရဲ့ နျူကလီးယားအန္တရာယ်ကင်းစင်ရေးကိုသာ အလေးပေးပြောကြားသွားခဲ့ပါတယ်။ သူဟာ ဆော်ဒီခေါင်းဆောင်တွေနဲ့ နှစ်ရက်လုံး တွေ့ဆုံခဲ့ပြီး အီရန်ဟာ အရှေ့အလယ်ပိုင်းဒေသကို မတည်မငြိမ်ဖြစ်စေတဲ့ နိုင်ငံလို့ သတ်မှတ်ခဲ့ကြပါတယ်။ ဆော်ဒီခေါင်းဆောင်တွေနဲ့ တွေ့ဆုံအပြီးမှာတော့ မစ္စတာ ပွန်ပီအိုဟာ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနဲ့ တွေ့ဆုံခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မစ္စတာပွန်ပီအိုဟာ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနဲ့ တွေ့ဆုံဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီအခါမှာလည်း သူတို့အဓိကထားဆွေးနွေးမယ့်အကြောင်းအရာဟာ အီရန်အကြောင်းပဲ ဖြစ်နိုင်ပါတယ်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု နဲ့ တွေ့ဆုံစဉ်မှာတော့ အီရန်ရဲ့ အရှေ့အလယ်ပိုင်းဒေသနဲ့ အစ္စရေးအပေါ် ခြိမ်းခြောက်မှုကို စိုးရိမ်မိတယ်။ အစ္စရေးရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ပိုင်ခွင့်ကိုလည်း အစဉ်အလေးထားပါတယ်လို့ မစ္စတာပွန်ပီအိုက ပြောပါတယ်။ အီရန် နျူကလီးယားစာချုပ်နဲ့ ပတ်သက်လို့ကတော့ "ဒီစာချုပ်ဟာ ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ဘူး၊ ဒါနဲ့ပတ်သက်လို့ သမ္မတထရန့်က ရှင်းလင်းအောင် ပြောပြီးဖြစ်တယ်" လို့ ဖြေကြားခဲ့ပါတယ်။

**အမေရိကန်သံရုံး ဖွင့်တော့မယ်**

လာမယ့်မေလ ၁၄ ရက်မှာဆိုရင် အစ္စရေးနိုင်ငံထူထောင်တာ နှစ် ၇၀ ပြည့်ပြီဖြစ်တယ်။ အမေရိကန်သံရုံးကိုလည်း ဂျေရုဆလင်မှာ ဖွင့်လှစ်တော့မှာဖြစ်တယ်။ သမ္မတထရန့်က သူကိုယ်တိုင်လာနိုင်ရင်လည်း လာမယ်လို့ ပြောထားတာရှိပါတယ်။ အမေရိကန်သံရုံး ဖွင့်တဲ့နေ့မှာပဲ ပါလက်စတိုင်းတွေရဲ့ဆန္ဒပြမှုဟာလည်း အရှိန်အမြင့်ဆုံးဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

ဒီလိုအခြေအနေမျိုးမှာတောင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ ပါလက်စတိုင်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံညှိနှိုင်းမှုမျိုးတွေ မလုပ်ခဲ့ပါဘူး။ သူ့အရင် နိုင်ငံခြားရေးဝန်ကြီးတွေ လုပ်ခဲ့သလို အစ္စရေးနဲ့ ပါလက်စတိုင်းကြား ဝင်ရောက်စေ့စပ်ပေးတာမျိုးတွေလည်း မလုပ်ခဲ့ပါဘူး။ သမ္မတထရန့်လက်ထက်မှာ ပါလက်စတိုင်းတို့အပေါ် ဆက်ဆံရေး ပြောင်းလဲသွားပါပြီ။ မျှော်လင့်ချက်မဲ့နေတဲ့ ဂါဇာဒေသက ပါလက်စတိုင်းတွေကတော့ အိမ်ပြန်မယ်ဆိုတဲ့ မျှော်လင့်ချက်ကို ဆုပ်ကိုင်ထားဆဲပါ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> "လာမယ့်မေလ ၁၄ ရက်မှာဆိုရင် အစ္စရေးနိုင်ငံထူထောင်တာ နှစ် ၇၀ ပြည့်ပြီဖြစ်တယ်။ အမေရိကန်သံရုံးကိုလည်း ဂျေရုဆလင်မှာ ဖွင့်လှစ်တော့မှာဖြစ်တယ်။ သမ္မတထရန့်က သူကိုယ်တိုင်လာနိုင်ရင်လည်း လာမယ်လို့ ပြောထားတာရှိပါတယ်။ အမေရိကန်သံရုံး ဖွင့်တဲ့နေ့မှာပဲ ပါလက်စတိုင်းတွေရဲ့ဆန္ဒပြမှုဟာလည်း အရှိန်အမြင့်ဆုံးဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်"

# နိုင်ငံနှင့်ကိုက်ညီသော အမျိုးသားအဆင့် အရည်အသွေးမူဘောင် ခိုင်မာစွာပေါ်ထွန်းလာစေရေး ဦးတည်ချက် ချမှတ်ဆောင်ရွက်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်သားဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီသော အလုပ်အကိုင် ၁၈ မျိုးတွင် ကျွမ်းကျင်လုပ်သား ၅၀၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့မှုကို အသိအမှတ်ပြုကြောင်း၊ ဝန်ကြီးဌာနမှ Focal Ministry အဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် လုပ်သားများ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသော ကျွမ်းကျင်လုပ်သားများ ရရှိရန်၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော လုပ်ငန်းအခြေပြု အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု 'စံ' နှုန်းများ ပေါ်ထွက်လာစေရန်၊ ကျွမ်းကျင်မှု 'စံ' နှုန်းများ အခြေခံသော သင်ရိုးညွှန်းတမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လုပ်ငန်းရှင်များ သဘောကျလက်ခံနိုင်သော ကျွမ်းကျင်လုပ်သားများ ဖြစ်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသော အမျိုးသားအဆင့် အရည်အသွေးမူဘောင် ခိုင်မာစွာပေါ်ထွန်းလာစေရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ Stake holders များ အပါအဝင် လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်သားထု၏ အားထုတ်ကြိုးပမ်းမှုတို့သည် များစွာအားဖြစ်စေကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ကျွမ်းကျင်လုပ်သား ၅၀၀၀ မွေးထုတ်ပေးနိုင်မှု ဂုဏ်ပြုပွဲနှင့် ၂၀၁၈ ခုနှစ် မြန်မာ့ကျွမ်းကျင်မှုပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို မေ ၂၈ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် Western Park (Polo Club) ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီ နာယက၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံလုပ်သားကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အလုပ်အကိုင် ၁၈ မျိုးတွင် ကျွမ်းကျင်လုပ်သား ၅၁၆၄ ဦးကို အောင်မြင်စွာမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အသွေးမီသော မြန်မာလူငယ်များရရှိရန် မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၈ ကို နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများ ကျွမ်းကျင်မှုအဆင့် အသိအမှတ်ပြုနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပြီး လုပ်သားများ ကျွမ်းကျင်မှုအလိုက် လုပ်ခလစာများ ခံစားရရှိ၍ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ ပူးပေါင်း၍ Public Private Partner-ship ပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲအတွင်း ဒေသတွင်းနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းအလိုက် အသက် ၂၂ နှစ်အောက် လူငယ်များကို မြန်မာကျွမ်းကျင်မှုပြိုင်ပွဲကျင်းပ၍ ဦးစားပေးယှဉ်ပြိုင်စေခြင်းဖြစ်ကာ ထူးချွန်လူငယ်များကို မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်နိုင်ရန် ဆက်လက်စခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။



**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# နှစ်ပေါင်းများစွာ ရေခက်ခဲသည့် တောင်ပေါ်ဒေသ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေး

**သီပေါ မေ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးစီမံချက် (VDP) အတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကို ဝေးလံခေါင်ဖျား တောင်ပေါ်ဒေသဖြစ်သည့် မန်ငူးကျေးရွာသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များက ဧပြီ ၃၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကျေးရွာသည် ရှေးနှစ်ပေါင်းများစွာက သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ခဲ့ရသဖြင့် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဇော်နန်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကြာမီ ကျေးရွာလုံးကျွတ် သန့်ရှင်းသော သောက်သုံးရေများ ရရှိတော့မည်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ဒလမြို့နယ်သို့ သောက်သုံးရေ လာရောက်လှူဒါန်း

**ဒလ မေ ၂**

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရောဝတီရေတပ်စခန်းဌာနချုပ်မှ တပ်မတော်သားများသည် သောက်ရေလိုအပ်မှုနှင့် ကြုံတွေ့နေသော ဒလမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ဧပြီ ၃၀ ရက်က သောက်ရေများ လာရောက်လှူဒါန်းခဲ့သည်။

ရောဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူး တင်ထွဋ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ စစ်သည်များသည် သောက်ရေဂါလန် ၂၄၅၀၀ ကို စစ်ရေယာဉ်မှူး ဗိုလ်ကြီး ခင်ဝမ်း ဦးဆောင်သည့် ရေသယ်စစ်ရေယာဉ်များဖြင့် သယ်ဆောင်လာပြီး ဒလမြို့ လက်မှတ်ရုံအနီးတွင် ကမ္ဘောဇအနာဂတ်အလင်းတန်းရှင်သန်မှု ကူညီရေးအသင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့က ရေသယ်ယာဉ်များဖြင့် တာကြီးရပ်ကွက်၊ အုံကြီးအနောက်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ ဆာပါချောင်ရပ်ကွက်၊ ညောင်ကုန်းရပ်ကွက်၊ မှော်စက်ရပ်ကွက်၊ စက်မြေရပ်ကွက်များသို့ သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းခဲ့သည်။

ယခုနှစ်နွေရာသီ၌ ဒလမြို့နယ်သည် သောက်သုံးရေလိုအပ်ချက်ပမာဏ လျော့နည်းကျဆင်းသွားခဲ့ကြောင်း သိရသည်။ ဒလမြို့နယ်၌ သောက်သုံးရေကန်ပေါင်း ၃၀၀ ကျော်ရှိပြီး ကန်များလက်ရှိ ရေကျန်ပမာဏမှာ မိုးရာသီသို့ မီနိုင်ကြောင်း ဆာပါချောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ပြောသည်။

**မောင်ယဉ်ဦး (ဒလ)**

# ယုဇနဥယျာဉ်မြို့တော်ရှိ အိမ်ရာတိုက်ခန်းများ သောက်သုံးရေပြတ်လပ်၍ ရေဝယ်ယူသုံးစွဲနေရ

**ရန်ကုန် မေ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၆၄ ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် (အေ၊ ဘီ၊ စီ) ဘလောက်အလိုက် အိမ်ရာတိုက်ခန်းပေါင်း ၉၀၀၀ ကျော် ဒေသခံပြည်သူများနေထိုင်လျက်ရှိရာ သောက်သုံးရေပြတ်လပ်လျက်ရှိသည့် အိမ်ရာတိုက်ခန်းတွင် လတ်တလော ရေသုံးစွဲနိုင်ရန်အတွက် ၆၃ ရပ်ကွက်မှ ထွက်ရှိသည့် အဝီစိတွင်းရေကို သုံးဘီးဆိုင်ကယ်ရေသယ်ယာဉ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် မြေညီထပ်ရေတစ်စည်ကို ငွေကျပ် ၁၀၀၀၊ ပထမထပ်ကို ငွေကျပ် ၁၂၀၀၊ (ဒု/တ) ထပ်ကို ငွေကျပ် ၁၅၀၀ နှုန်း၊ အပေါ်ဆုံးထပ်ကို ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိရာ အိမ်ရာတိုက်ခန်းများတွင် နေထိုင်လျက်ရှိကြသည့် ရေပြတ်လပ်လျက်ရှိသည့် ဒေသခံပြည်သူများ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ဖြူဖြူခိုင်၊ ယုဇနအိမ်ရာအဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(ရေနှင့် သန့်ရှင်းမှု) မြို့နယ်တာဝန်ခံ ဦးအန်ထော်နီတို့က ၆၄ ရပ်ကွက်ရှိ ရေဂါလန်ခြောက်သိန်းဆံ့ ရေလှောင်ကန်မှရေကို ယုဇနဥယျာဉ်မြို့တော် အိမ်ရာတိုက်ခန်းများသို့ ရေပြတ်လပ်မှု မရှိစေရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**




# အခြေခံတိုင်းရင်းဆေးပညာ လက်ဆင့်ကမ်းသင်တန်းဆင်း

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဇောတိကမ္ဗောရုံတွင် စတုတ္ထအကြိမ်မြောက် အခြေခံတိုင်းရင်းဆေးပညာ လက်ဆင့်ကမ်းသင်တန်းဆင်းပွဲကို ဧပြီလနောက်ဆုံးပတ်က ကျင်းပရာ မြို့နယ်အသီးသီးမှ တက်ရောက်လာကြသော သင်တန်းဆင်း တိုင်းရင်းဆေးဆရာများအနေဖြင့် မြို့၊ ရွာ၊ ရပ်ကွက်နေလူထုအတွက် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသင်တန်းဆင်းကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် ကော့မှူးမြို့နယ် တိုင်းရင်းဆေးဆရာများအသင်းတို့ ပူးတွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ ဝါရင့်သမားတော်ကြီးများ၊ တိုင်းရင်းဆေးပညာရှင်ကြီးများနှင့် လက်ရှိတိုင်းရင်းဆေးလောကတွင် တိုင်းရင်းဆေးများ ထုတ်လုပ်ဖော်စပ်နေသော သမားတော်ကြီးများက တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ဘာသာရပ်များ၊ အသိပညာဗဟုသုတများ၊ လက်တွေ့ကုထုံးများနှင့် အခြားလေ့လာ မှတ်သားဖွယ်ရာများ သင်ကြားပို့ချနိုင်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့၊ ရွာများမှ တက်ရောက်ကာ တိုင်းရင်းဆေးပညာဆည်းပူးသင်ယူခဲ့သော သင်တန်းဆင်း တိုင်းရင်းဆေးဆရာ ဆရာမ ၉၇ ဦးအား မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း (ရန်ကုန်တိုင်းဒေသကြီး) အသိအမှတ်ပြုသင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# ဝေးလံခေါင်ဖျားကျေးရွာမှ စာသင်ကျောင်းများအတွက် လျှပ်စစ်မီး အဆင်ပြေစေရန် ဆိုလာမီး ထောက်ပံ့ပေး

**နမ့်ဆန် မေ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်အတွင်းရှိ ဝေးလံခေါင်ဖျားကျေးရွာများမှ စာသင်ကျောင်းများအတွက် လျှပ်စစ်မီးအဆင်ပြေစေရန် ဒေသဦးစီးအဖွဲ့များက ဧပြီ ၃၀ ရက်တွင် ဆိုလာမီးတစ်စုံစီ ထောက်ပံ့ပေးခဲ့သည်။

ဝေးလံသောကျေးရွာများအတွက် စာသင်ကျောင်းများတွင် ဆရာ ဆရာမများ သင်ကြားမှု၊ သင်ယူမှုတွင် အဆင်ပြေစေရန်နှင့် ညအိပ်ညနေ ဆရာ ဆရာမများအတွက် အဆင်ပြေစေရန် ရည်ရွယ်၍ ဒေသဦးစီးအဖွဲ့များက ကျေးရွာ ၂၀ မှ စာသင်ကျောင်းများအတွက် ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်း အစုံ ၂၀ တို့ကို သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျောက်ထု၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျောက်ထု မေ ၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကျောက်ထုမြို့ ဓမ္မဗိမာန်ကျောင်းတိုက်၌ ဧပြီလနောက်ဆုံးပတ်က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်လင်းက ရာဇဝတ်ဘေး ပြေးမလွတ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျောက်ထုမြို့မ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ခင်မောင်ရွှေက မသိလျှင် ရဲကိုမေးပါ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**၁၀၁**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၃၁)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

လူတို့၏ ပယောဂကြောင့် ဖြစ်ရသော ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်အဖြစ် သမုဒ္ဒရာအတွင်းရှိ ရေများ၏အပူချိန်မှာ မြင့်တက်လာရသည်။ သမုဒ္ဒရာရေများ ပူနွေးလာခြင်းသည် ရေအောက်အပင်များကို သေကျေပျက်စီးစေသည်။ ရေအောက် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေကာ အောက်ဆီဂျင်ထုတ်လွှတ်ပေးမှုကိုပါ ထိခိုက်စေသည့် ထပ်ဆင့်ဆိုးကျိုးများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့မြေပြင်ပေါ်ရှိ သစ်ပင် သစ်တောများ ပြုန်းတီးနေခြင်းသည် ကာဗွန်သံသရာလည်ခြင်းဖြစ်စဉ်ကို ကစဉ့်ကလျားဖြစ်စေသည့်အပြင် မြေဆီလွှာတိုက်စားမှုကိုပါ ဖြစ်ပေါ်စေပြီး၊ ရေရှည်တွင် ကြီးမားသောအကျိုးဆက်များကို ဖြစ်ပေါ်လာစေသည်။

**ဝတ်မှုတ်ခေါင်းပါးမှု အမြင့်မားဆုံးနိုင်ငံ**

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က လယ်ယာစိုက်ခင်းများ ဖော်ထုတ်ရန်အတွက် သစ်တောများကို ခုတ်ထွင်ရှင်းလင်းခဲ့သော လုပ်ရပ်ကြောင့် အပေါ်ယံမြေဆီလွှာ ကုဗမီတာ ၉၀၀၀၀ ကျော် တိုက်စားပျက်စီးခဲ့ရာမှ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပြီး အငတ်ဘေး အကြီးအကျယ်ဆိုက်ခဲ့ရသော ဟေတီနိုင်ငံ၏ ဖြစ်ရပ်သည် ကမ္ဘာ့နိုင်ငံများအားလုံးကို သင်ခန်းစာရရှိစေသည်။ လက်ရှိအချိန်တွင် ဟေတီသည် ကမ္ဘာပေါ်၌ ဝတ်မှုတ်ခေါင်းပါးမှု အမြင့်မားဆုံးသော နိုင်ငံအဖြစ်သို့ ရောက်ရှိနေသည်။

သစ်ပင်တို့သည် မြေဆီလွှာနှင့်ရေကြောကို ထိန်းသိမ်းပေးနိုင်ရုံမျှသာမက ရေစီးကြောင်းကြီးများကိုပါ ထိန်းထားနိုင်စွမ်းရှိကြသည့်အတွက် ရုတ်တရက် ရေကြီးရေလျှံဖြစ်မှုမျိုးကို တားဆီးပေးနိုင်ကြသည်။ မြစ်ကမ်းဘေးဝဲယာတစ်လျှောက်ရှိ သစ်ပင်သစ်တောများသည် ရေနေသတ္တဝါများကို သေကျေပျက်စီးစေနိုင်သော မြစ်ကြောင်းအတွင်း နုန်းအနည်အနှစ်ကျခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်စွမ်းရှိကြသည်။

သိပ္ပံနည်းကျ စနစ်တကျတွက်ချက်ကာ အကွက်ချပြီး စိုက်ပျိုးထားသော သစ်ပင်ပေါင်းသန်း ၅၀ သည် အရွယ်ရောက်ကြီးထွားလာသည့်အခါ ဖန်လုံအိမ်အာနိသင်ကို တိုးမြင့်စေသော ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့မက်ထရစ်တန်ပေါင်း ၄ ဒသမ ၅ သန်းကို စုပ်ယူနိုင်ကြောင်း သုတေသနပြု တွေ့ရှိရသည်။ သစ်ပင်များသည် ကာဗွန်ကို အပင်၏ဇီဝဒြပ်ထုထဲ၌ သိုလှောင်ထားနိုင်ရုံမျှမက အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်အဖြစ် သိုလှောင်ထားနိုင်စွမ်းရှိသည့်အတွက် ရာသီဥတု ကောင်းမွန်မျှတအောင် အထောက်အပံ့ပြုလျက်ရှိနေကြသည်။

**ယုတ်လျော့ကျဆင်းလာ**

သို့ရာတွင် မျက်မှောက်ကမ္ဘာကြီး၌ သစ်တောပြုန်းတီးမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့်အပြင်၊ သစ်တောပြုန်းတီးမှုနှုန်းကလည်း ကြောက်ခမန်းလိလိ အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်ရခြင်းမှာ ဇီဝမျိုးစုံမျိုးကွဲတို့၏ ရှင်သန်ရပ်တည်မှုအတွက် အစာနှင့်ခိုလှုံစရာအဖြစ် အသုံးပြုမှုကြောင့်မဟုတ်ဘဲ လူတို့၏အကျိုးစီးပွားအတွက် ခုတ်လှဲဖျက်ဆီးမှုများကြောင့် သစ်ပင်သစ်တောများ ယုတ်လျော့ကျဆင်းလာခြင်းသာ ဖြစ်သည်။

ကမ္ဘာ့သစ်တောပြုန်းတီးမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အများဆုံး ဖြစ်ပေါ်လျက်ရှိနေပြီး တစ်ကမ္ဘာလုံး သစ်တောပြုန်းတီးမှု၏ ထက်ဝက်ခန့်မျှပင်ရှိနေသည်။ စီးပွားရေးအတွက် အလွန်အကျွံခုတ်လှဲခြင်း၊ သစ်ထုတ်လုပ်မှုနည်းစနစ် လွဲမှားနေခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ မြို့သစ်နှင့် စက်မှုဇုန်များဖော်ထုတ်ခြင်း၊ သစ်တောများမီးလောင်ခြင်း၊ သစ်တောထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်းနှင့် ဂေဟဗေဒဆိုင်ရာ ကျွမ်းကျင်မှုမရှိခြင်းများသည် သစ်တောပြုန်းတီးမှုကိုဖြစ်စေသော အကြောင်းရင်းများပင် ဖြစ်ကြသည်။

**ဖြန့်ကြက်တည်ရှိနေ**

ကမ္ဘာ့ သစ်တောကြီးများအလိုက် ပြုန်းတီးမှုအများဆုံး ဖြစ်ပေါ်နေသောနေရာမှာ တောင်အမေရိကတိုက် အတွင်းရှိ အမေဇုန်သစ်တောကြီးပင် ဖြစ်သည်။ အမေဇုန်သစ်တောကြီးသည် ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဂိုင်ယာနာနှင့် ပီရူးစသောနိုင်ငံများတွင် ဖြန့်ကြက်တည်ရှိနေသည်။ အကျယ်အဝန်း စတုရန်းမိုင် တစ်သန်းခွဲရှိသော အမေဇုန်သစ်တောအတွင်းရှိ သက်တမ်းရင့်အပင်ကြီးများသည် ၂၀၀၈ ခုနှစ် တစ်နှစ်တည်းအတွင်းမှာပင် စတုရန်းကီလိုမီတာပေါင်း ၁၂၀၀၀ ခုတ်လှဲခံခဲ့ရသည်။

ဘရာဇီးနိုင်ငံ တစ်နိုင်ငံတည်း၌ပင်လျှင် နိုင်ငံပိုင် သစ်တောဧရိယာစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းသည် နှစ်ပေါင်း ၄၀ အတွင်းမှာပင် ခုတ်လှဲခံခဲ့ရသည်။ အာဖရိကတိုက်အတွင်းရှိ ကွန်ဂိုဒေသ၌လည်း သစ်ပင် သစ်တောပြုန်းတီးမှု အကြီးအကျယ် ဖြစ်ပေါ်ကာ၊ ကမ္ဘာ့ဒေသအလိုက် သစ်တောပြုန်းတီးမှုအဆင့်တွင် ဒုတိယနေရာသို့ ရောက်ရှိနေပြီဖြစ်သည်။

ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံးသော သစ်ပင်များသည် အရှေ့တောင်အာရှ ဒေသအတွင်း၌ တည်ရှိနေကြသည်။ ကမ္ဘာ့ မိုးသစ်တောများအားလုံး၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် အာရှ မိုးသစ်တောများသည်လည်း အလွန်လျင်မြန်သော နှုန်းဖြင့် ပြုန်းတီးလျက်ရှိနေကြသည်။ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ပါပူဝါနယူးဂီနီနိုင်ငံများရှိ မိုးသစ်တောများ၏ ၄၀ ရာခိုင်နှုန်းမှာ ပြုန်းတီးသွားခဲ့ပြီ ဖြစ်ပြီး၊ ပြုန်းတီးမှု အများဆုံးဖြစ်ခဲ့သည့်ဒေသမှာ အင်ဒိုနီးရှားနိုင်ငံပင် ဖြစ်သည်။

**မိုးသစ်တောများအားလုံး ပျောက်ကွယ်**

တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် သစ်တောပြုန်းတီးမှုနှုန်းမှာ တစ်နှစ်လျှင် ဧကပေါင်း ၃၂ သန်းနီးပါး ရှိနေသည့်အတွက်၊ အကယ်၍ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိဘဲ တရားမဝင်သစ်ခုတ်ခြင်း၊ ကောက်ပဲသီးနှံများ စိုက်ပျိုးရန်အတွက် သစ်ပင်သစ်တောများကို ခုတ်လှဲဖြိုဖျက်ပြီး လယ်ယာစိုက်ခင်းများ ဖော်ထုတ်ခြင်း၊ စီးပွားရေးအတွက် သစ်ပင်သစ်တောများကို အလွန်အကျွံခုတ်လှဲခြင်း၊ လွဲမှားနေသော သစ်ထုတ်လုပ်နည်းများကို ဆက်လက်စွဲကိုင်ကျင့်သုံးနေခြင်း၊ သစ်တောဂေဟစနစ်ကို နားလည်ကျွမ်းကျင်မှုမရှိဘဲ သစ်တောများကို စီမံခန့်ခွဲနေခြင်းစသည်တို့ ဆက်လက် ဖြစ်ပေါ်နေဦးမည်ဆိုပါက လာမည့်နှစ်ပေါင်း ၁၀၀ အတွင်း တစ်ကမ္ဘာလုံးရှိ မိုးသစ်တောများအားလုံး ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။

သစ်ပင်သစ်တောများသည် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့လည်းဖြစ်၊ အဆိပ်ဓာတ်ငွေ့လည်း ဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပြီး အောက်ဆီဂျင်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးနေသည့်အတွက် လူတို့အပါအဝင် သက်ရှိများအားလုံး ရှင်သန်နေထိုင်နိုင်ကြခြင်း ဖြစ်သည်။ ဤကဲ့သို့ သက်ရှိများ ရှင်သန်နေထိုင်နိုင်ရန်အတွက် သစ်ပင်သစ်တောများက သဘာဝအလျောက် နေ့စဉ် စွမ်းဆောင်ပေးနေကြသော လုပ်ငန်းဆောင်တာများအားလုံးကို စက်မှုနှင့် အီလက်ထရွန်နစ် နည်းပညာရပ်များဖြင့် အစားထိုး လုပ်ဆောင်ရမည်ဆိုပါက နေ့စဉ် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။

**သဘာဝတရားကြီး၏ လက်ဆောင်**

အကယ်၍ စက်မှုနှင့်အီလက်ထရွန်နစ် နည်းပညာများဖြင့် အစားထိုး လုပ်ဆောင်ခဲ့လျှင်သော်မှ ထိုစက်ကိရိယာများ၏ စွမ်းဆောင်မှုများသည် သဘာဝတရားကြီး၏ လက်ဆောင်မွန်ဖြစ်သော သစ်ပင် သစ်တောများ၏ စွမ်းဆောင်ရည်အားလုံးကို အမီလိုက်နိုင်လိမ့်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် သစ်ပင်သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးသည့် လုပ်ငန်းဆောင်တာ တစ်ခုတည်းကိုသာမကဘဲ၊ ကမ္ဘာ့ လေထုထဲရှိ ရေငွေ့ပါဝင်မှုနှုန်းကို အမြဲမပြတ်ချိန်ညှိပေးနေခြင်း၊ ရေသံသရာလည်ခြင်းဖြစ်စဉ်ကို အဓိက အထောက်အပံ့ပြုနေခြင်း၊ မြေဆီလွှာကိုထိန်းသိမ်းပေးထားခြင်း၊ ကမ္ဘာ့မြေမျက်နှာပြင်နှင့် လေထု၏အပူချိန်ကို အမြဲမပြတ် ချိန်ညှိပေးနေခြင်း၊ သက်ရှိအားလုံးတို့၏ ဇီဝယန္တရားလည်ပတ်မှုအတွက် အစာကွင်းဆက် ဖြစ်စဉ်၏ အခြေခံအကျဆုံးအဆင့်က အကျိုးပြုနေခြင်း၊ လူနှင့်တိရစ္ဆာန်တို့၌ စွဲကပ်ကျရောက်သော ရောဂါဘယများကို ဖယ်ရှားကုသရန် ဖော်စပ်စားသုံးရသော ပရဆေးများကို အလျဉ်မပြတ် ထုတ်လုပ်ပေးနေခြင်းစသော တန်ဖိုးဖြတ်၍မရနိုင်သည့် စွမ်းဆောင်ချက်များကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်ပေးနေသောကြောင့် ဖြစ်သည်။

ထို့ကြောင့်ပင် သစ်ပင်သစ်တောများ ပြုန်းတီးလာနေခြင်းသည် ဇီဝမျိုးစုံမျိုးကွဲတို့၏ အနာဂတ်ကမ္ဘာကြီးကို ခြိမ်းခြောက်နေခြင်းပင် ဖြစ်သည်။ သစ်ပင်သစ်တောများ ပြုန်းတီးမှုသည် သက်ရှိတို့၏ အစာကွင်းဆက် ဖြစ်စဉ်ကို ပြတ်တောက်သွားစေသည်။ လူတို့အပါအဝင် ကမ္ဘာ့သက်ရှိ အနည်းစုတို့ကသာလျှင် ဖန်တီး တည်ဆောက်ထားသော အမိုးအကာများအောက်၌ ခိုလှုံနေထိုင်နိုင်ကြသော်လည်း သက်ရှိအများစုတို့ကမူ သဘာဝသစ်ပင် သစ်တောများကိုသာ ခိုလှုံနေထိုင်ပြီး ရှင်သန်နေကြရသည်။

**မျိုးသုဉ်းပျောက်ကွယ်**

သစ်ပင်သစ်တောများ ပြုန်းတီး ပျောက်ကွယ်သွားသည့်အခါ ရွှေ့ပြောင်းသွားလာနိုင်သော မျိုးစိတ်များက စားကျက်ရွှေ့ပြောင်းရင်း ဆက်လက်ရှင်သန်နိုင်ကြသော်လည်း၊ ရွှေ့ပြောင်းနိုင်ခြင်းမရှိကြသည့် မျိုးစိတ်များမှာ သေဆုံးကြရသည်။ ထိုမှတစ်ဆင့် မျိုးသုဉ်းပျောက်ကွယ်သွားသည်အထိ ဖြစ်ကြရသည်။

ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ၏ ၆၅ ရာခိုင်နှုန်းကျော်သည် ဂေဟစနစ်ကောင်းမွန်သော သစ်တောများထဲ၌ ရှင်သန်တည်ရှိနေကြသည်။ ကမ္ဘာ့ရာသီဥတုကို ဇီဝမျိုးစုံမျိုးကွဲတို့က ဟန်ချက်ညီညီ ထိန်းကျောင်း ပေးထားသည့်အတွက် သစ်တောများ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုကို ပြန်လည်ကောင်းမွန် မျှတလာစေလိမ့်မည် ဖြစ်သည်။

လူနေထူထပ်သော မြို့ကြီးပြကြီးများ၌ ကွန်ကရစ်အဆောက်အအုံများ တိုးပွားများပြားလာလေ့ရှိရာ၊ အဆိုပါ ကွန်ကရစ်အဆောက်အအုံများ၏ သိပ်သည်းဆကြောင့် သစ်သားအဆောက်အအုံများပြားသော မြို့ပြများထက် အပူချိန် ၃ ဒီဂရီဆဲလ်စီးယပ် ပိုမိုမြင့်မားလျက်ရှိနေသည်။ ထိုသို့သော လူနေထူထပ်သည့် မြို့ကြီးပြကြီးများတွင် သစ်ပင်များကို အများအပြားစိုက်ပျိုးခြင်းဖြင့် အပူချိန်မြင့်တက်နေမှုကို သိသာစွာ လျှော့ချနိုင်သည်။

**လက်တွေ့ကျသော သာဓကများ**

စက်မှုနှင့်အီလက်ထရွန်နစ် နည်းပညာများ တိုးတက်ထွန်းကားမှု အရှိန်အဟုန် မြင့်မားနေသော ယနေ့ခေတ်ကာလ၌ ပူသောအရပ်ဒေသများအတွက် သစ်ပင်များက အပူချိန်ကို သိသာစွာ လျှော့ချပေးနိုင်သောကြောင့် လေအေးစက်ကဲ့သို့သော အပူဒဏ်ကိုရှောင်လွှဲနိုင်သည့် စက်ပစ္စည်းများ တပ်ဆင်အသုံး ပြုရသည့် စရိတ်စကများကို သိသိသာသာ လျှော့ကျစေခြင်း၊ အေးသောအရပ်ဒေသများ၌ တိုက်ခတ်သော အရှိန်ပြင်းသည့်လေအေးများကို သစ်ပင်များက ဟန့်တား ခုခံပေးထားနိုင်ကြသည့်အတွက် အပူပေးစက်များ တပ်ဆင်အသုံးပြုရသည့် ကုန်ကျစရိတ်ကို ကောင်းစွာ လျှော့ချနိုင်ခြင်းတို့သည်လည်း လက်တွေ့ကျသော သာဓကများ ဖြစ်ကြသည်။

မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် အော်ရန်အူတန်မျောက်ဝံများအပါအဝင် သက်ရှိမျိုးစိတ် ၁၀၀ ကျော်ကိုကယ်တင်ရန် လုပ်ဆောင်နေသော အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောထိန်းသိမ်းရေးစီမံချက်သည် လည်းကောင်း၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (ကာဗွန်ဒိုင်အောက်ဆိုက်) ထွက်စေသော စီးပွားရေးလုပ်ငန်းများကို ဒဏ်တပ်ရိုက်သည့် ကင်ညာနိုင်ငံ၏ ကာဆီဂေါ(Kasigau) ဘေးမဲ့ကြိုးဝိုင်းထိန်းသိမ်းရေး စီမံချက်သည်လည်းကောင်း ကမ္ဘာ့သစ်ပင်သစ်တောများ မပြုန်းတီးရေးလှုပ်ရှားမှု၏ စံပြနမူနာကောင်းများ ဖြစ်ကြသည်။

**အပင်များကို မဖြစ်မနေစိုက်ပျိုး**

အလားတူပင် ဂျာမနီနိုင်ငံ စတူးဂတ်မြို့၌ အရိပ်ရအပင်များကို မည်သည့်အကြောင်းနှင့်မျှ ခုတ်လှဲခြင်း မပြုရန် အမိန့်ထုတ်ပြန်ထားခြင်း၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်ဧရိယာစုစုပေါင်းအကျယ်အဝန်း၏ ၇၀ ရာခိုင်နှုန်းကို သစ်ပင်များ စိုက်ပျိုးရန်နှင့် ရေသိုလှောင်ရာနေရာများအဖြစ် သီးသန့်ထားရှိရန် နှစ်ရှည်စီမံကိန်း ချမှတ်လုပ်ဆောင်နေခြင်း၊ ဂျပန်နိုင်ငံ၊ နာဂိုယာမြို့အနီးရှိ အသစ်ဖော်ထုတ်ထားသော မြေယာစီမံကိန်း၌ အပင်များကို မဖြစ်မနေစိုက်ပျိုးရန် သတ်မှတ်ပေးထားခြင်း စသည်တို့သည် သက်ရှိတို့၏ ကျေးဇူးရှင်ဖြစ်သော သစ်ပင်များ၏ အဖိုးအနဂ္ဃထိုက်တန်မှု ပြယုဂ်များပင်ဖြစ်ကြသည်။

**သစ်တောပြုန်းတီးမှု**

သစ်ပင်သစ်တောများ၏ တန်ဖိုးကိုတွက်ချက်သည့်အခါ သစ်၏ တန်ဖိုးတစ်ခုတည်းကိုသာ တွက်ချက်မည်ဆိုပါက နည်းလမ်းကျမည် မဟုတ်ပေ။ သစ်ပင်တစ်ပင် သို့တည်းမဟုတ် သစ်တောတစ်အုပ် ပြုန်းတီးသည့်အခါ သစ်၏တန်ဖိုးအပြင် ရေဝေရေလဲဒေသ ထိန်းသိမ်းမှုစရိတ်စကများ၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့စုပ်ယူသည့် စွမ်းဆောင်ရည်၊ ရေသံသရာလည်ခြင်းကို အကျိုးပြုမှု၊ အစာကွင်းဆက်၏ အခြေခံစသော တန်ဖိုးများကိုပါ ထည့်သွင်းတွက်ချက်ရမည် ဖြစ်သည်။ ဤနည်းအတိုင်း တွက်ချက်သည့်အခါ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်ရသော ဆုံးရှုံးမှုပမာဏသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ထရီလီယံမှ ၅ ထရီလီယံအထိပင် ရှိနေသည်ကို သတိပြုသင့်ကြသည်။

ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ဆုံးရှုံးရသော ငွေပမာဏသည်ပင်လျှင် သစ်တောပြုန်းတီးမှုများကြောင့် ဖြစ်ရသော ဆုံးရှုံးမှုပမာဏလောက် များပြားခြင်းမရှိသည်ကို ဆင်ခြင်သုံးသပ်ကြလျက် ဤမြေကမ္ဘာကြီး၏ အနာဂတ်ကံကြမ္မာအား မည်သို့မည်ပုံ ဖန်တီးသင့်ကြသည်ကို ရွေးချယ်သတ်မှတ်ကြဖို့ အချိန်အခါ ကျရောက်နေပြီဖြစ်သည်။

**အားထုတ်လုပ်ဆောင်**

ထို့ကြောင့်ပင် တစ်နေ့တခြား ဆိုးရွားလာနေသော ကမ္ဘာ့ရာသီဥတု ဖောက်လွဲဖောက်ပြန်ဖြစ်နေခြင်းကို ပြန်လည်တည့်မတ်စေလိုလျှင် ... သဘာဝဘေးအန္တရာယ် အသွယ်သွယ်တို့မှ ရှောင်လွှဲလိုကြလျှင်... ဂေဟစနစ် ပျက်သုဉ်းလာမှုနှင့်အတူ သတ္တဝါများ မျိုးဗီဇပြောင်းလဲလာနေခြင်း၏ ခြိမ်းခြောက်မှုအန္တရာယ်မှ အကာအကွယ်ရလိုကြလျှင်... ရေအရင်းအမြစ်များ ဆုံးရှုံးနေရမှုကို အဖတ်ဆယ်လိုကြလျှင်... သက်ရှိတို့၏ ကျေးဇူးရှင်ဖြစ်သော သစ်ပင်များ တိုးပွားများပြားလာအောင် မဖြစ်မနေ အားထုတ်လုပ်ဆောင်ကြရမည် ဖြစ်သည်။

အချုပ်ဆိုရသော် လူသားမျိုးနွယ်တို့၏ အနာဂတ်အတွက် လူ့ဘဝ၏ ရှင်သန်ရပ်တည်မှု အတွက်...လူ့လောက၏ မျိုးဆက်သစ်များအတွက်...သက်ရှိတို့၏ ထာဝရကျေးဇူးရှင်ကို ပျိုးထောင်ယုယစိုက်ပျိုးကြရမည်သာ ဖြစ်ပေတော့သည်။ ။

“မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် အော်ရန်အူတန် မျောက်ဝံများအပါအဝင် သက်ရှိမျိုးစိတ် ၁၀၀ ကျော်ကိုကယ်တင်ရန် လုပ်ဆောင်နေသော အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောထိန်းသိမ်းရေး စီမံချက်သည်လည်းကောင်း၊ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ (ကာဗွန်ဒိုင်အောက်ဆိုက်) ထွက်စေသော စီးပွားရေးလုပ်ငန်းများကို ဒဏ်တပ်ရိုက်သည့် ကင်ညာနိုင်ငံ၏ ကာဆီဂေါ (Kasigau) ဘေးမဲ့ကြိုးဝိုင်း ထိန်းသိမ်းရေးစီမံချက်သည်လည်းကောင်း ကမ္ဘာ့သစ်ပင် သစ်တောများ မပြုန်းတီးရေးလှုပ်ရှားမှု၏ စံပြနမူနာကောင်းများ ဖြစ်ကြသည်”



သစ်တောများပြုန်းတီးလာခြင်းကြောင့် မျိုးသုဉ်းလုနီးပါးဖြစ်လာသော အော်ရန်အူတန်မျောက်ဝံများ

# ပျိုးသက်နုကောက်ကွက်ကျဲစိုက်ပျိုးနည်းစနစ်ကို ပြည်ပပညာရှင်များနှင့် ပူးပေါင်း၍ နည်းပညာများဖလှယ်ရန် ဆွေးနွေး



**နေပြည်တော် မေ ၂**

အမေရိကန်ပြည်ထောင်စု ကော်နဲလ်တက္ကသိုလ်မှ စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်မှ တာဝန်ရှိသူများက ပျိုးသက်နု ကောက်ကွက်ကျဲ စိုက်ပျိုးနည်းစနစ် ပညာရပ်နှင့်ပတ်သက်၍ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး နည်းပညာရပ်များ ဖလှယ်ရန်နှင့် ညှိနှိုင်းဆွေးနွေးနိုင်ရန်ရည်ရွယ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ပျိုးသက်နုကောက်ကွက်ကျဲစိုက်ပျိုးနည်းစနစ် (SRI) အလုပ်ရုံဆွေးနွေးပွဲကို ဧပြီလနောက်ဆုံးပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက စပါးသုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးရန်သာမက ဈေးကွက်သတ်မှတ်ချက် စံချိန်စံညွှန်း ပြည့်မီရန်အတွက် ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ SRI စိုက်ပျိုးနည်းစနစ်ကို အသုံးပြုစိုက်ပျိုးပါက အရည်အသွေးကောင်း စပါးမျိုးများရရှိနိုင်မည်ဖြစ်ကြောင်း၊ SRI စနစ်တွင်တွေ့ရှိရသည့် အခက်အခဲများနှင့် လေ့လာတွေ့ရှိချက်များကို တင်ပြဆွေးနွေး၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် အမေရိကန်ပြည်ထောင်စု ကော်နဲလ်တက္ကသိုလ်မှ တွဲဖက်ဒါရိုက်တာ မိစ်လူစီဖစ်ရှာတို့က SRI စိုက်ပျိုးနည်းစနစ်နှင့် ပတ်သက်သည့်အကြောင်းများကို တက်ရောက်လာသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနစုတာဝန်ခံများ၊ စပါးသုတေသနကို အဓိကဆောင်ရွက်ကြသည့် နယ်သုတေသနခြံများမှ ခြံတာဝန်ခံများနှင့် သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကော်နဲလ်တက္ကသိုလ်မှ စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များ၊ မေတ္တာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့ဝင်များသည် ပြည်တော်ရင်စပါးမျိုးကို SRI စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားမှုအခြေအနေကို ကွင်းဆင်းလေ့လာကြည့်ရှုကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက သိလိုသည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# မူးမြစ်ဝှမ်းလွင်ပြင်၌ သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးစိုက်ခင်းများ စိမ်းလန်းနေ

**ကျွန်းလှ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အတွင်း တည်ဆောက်ထားသည့် သဖန်းဆိပ် ရေလှောင်တမံနှင့် ယင်း၏ ရေသောက်စနစ်များသည် မြန်မာနိုင်ငံ၏ တတိယစပါးကျီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွက် မိုးစပါးဧက ငါးသိန်းကျော်၊ နွေစပါးနှင့် နွေသီးနှံဧက သုံးသိန်းကျော် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မူးမြစ်ဝှမ်းလွင်ပြင်ဒေသမှ တောင်သူများ၏ အဓိကအားထားရာ ဆည်တစ်ခုဖြစ်သည်။ သဖန်းဆိပ်ရေလှောင်တမံမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါး လျာထားဧက ၁၀၆၇၄၁ ဧကတွင် စိုက် ၁၀၄၄၇၄ ဧကနှင့် နွေသီးနှံလျာထား ၇၀၁၇၀ ဧကတွင် စိုက် ၇၇၇၂၈ ဧက စိုက်ပျိုးနိုင်ခဲ့၍ စုစုပေါင်း လျာထား၁၇၇၁၁၁ ဧကတွင် ၁၈၂၂၀၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက် ၅၀၉၁ ဧကနှင့် ယခင်နှစ်စိုက်ဧကထက် ၁၉၉၃၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြတ်ထွန်းထံမှ သိရသည်။

ဆည်ရေရရှိမှုအခြေအနေနှင့် နွေစပါးစိုက်ပျိုးမှု အခြေအနေတို့နှင့်ပတ်သက်၍ ရွှေဘိုမြို့နယ် ချီပါတောင်ရွာမှ တောင်သူကြီး ဦးဆန်းထွန်းက "ဒီနှစ် သဖန်းဆိပ်ဆည်အတွင်း ရေပိုမိုသိုလှောင်နိုင်တယ်လို့ ကြားသိရတဲ့အတွက် နွေစပါးနဲ့ နွေသီးနှံနှစ်မျိုး စိုက်ပျိုးဖို့ လျာထားခဲ့ပေမယ့် တောင်သူတွေအနေနဲ့ နွေစပါးကို ပိုမိုစိုက်ပျိုးခဲ့ပါတယ်၊ အခုဆိုရင် နွေစပါး ထွန်တုံးပိတ်ပါပြီ၊ ကျွန်တော်တို့ဒေသမှာ မိုးဦးနောက်ကျတတ်တယ်၊ ဒါ့ကြောင့် မိုးစပါးပျိုးထောင်ရေအတွက် ဆည်ရေကိုပဲ အဓိကအားထားရတယ်၊ ဒီနှစ် နွေစပါးအောင်မြင်တဲ့အထိ ဆည်ရေ အခက်အခဲမရှိ ပြည့်စုံလုံလောက်စွာ ပေးဝေနိုင်တဲ့အပြင် မိုးစပါး ပျိုးထောင်ရေးအတွက်ပါ ဆည်ရေလုံလောက်စွာ ပေးဝေနိုင်လို့ တောင်သူတွေ ဝမ်းသာနေကြပါတယ်" ဟု ပြောသည်။



ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်းမြို့နယ်များ၌ သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးများ စိုက်ပျိုးနိုင်ခဲ့သဖြင့် ရွှေဘိုခရိုင်လွင်ပြင်တွင် မိုးရာသီနှင့်မခြား နွေစပါးစိုက်ခင်းများဖြင့် စိမ်းလန်းစိုပြည်လျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ - အောင်မိုး**

# အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများ ဖွင့်မည်

**နေပြည်တော် မေ ၂**

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်တရားတော်များကို လေ့လာဆည်းပူးကျင့်ကြံလိုသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နှစ်စဉ် ဒီဇင်ဘာတွင် ကျင်းပသော စာမေးပွဲများကို ဝင်ရောက်ဖြေဆိုလိုသူများအတွက် ရည်ရွယ်၍ အဘိဓမ္မာ၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်တရားများကို နေပြည်တော် မြို့မဈေးအနီးရှိ အ.ထ.က(၅)တွင် ယခု မေ ၆ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဒီဇင်ဘာလအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် သင်တန်းမှူးဆရာမကြီး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ သင်နည်းစနစ်နှင့်အညီ ပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်မည့်သူများကိုလည်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သိဒ္ဓိဓမ္မာရုံများတွင် စုရပ်အဖြစ်ပြု၍ ကြို၊ ပို့ယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဒေါ်မြအေးစံ၊ ဖုန်း ၀၉-၄၉၂၂၂၆၇၇ ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

**မလှိုင် မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) တို့ပူးပေါင်း၍ နယူးဇီလန်အစိုးရ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၌ ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံကိန်း ( OIE - LBVD Myanmar FMD Control Project ) အရ စတုတ္ထအကြိမ် အခမဲ့ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲကို ဧပြီလနောက်ဆုံးပတ်က မလှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပေးရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးကိုက ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အသိပေး ရှင်းလင်းပြောကြားခဲ့သည်။ စတုတ္ထအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မေ ၄ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံထားသော ကျွဲ၊ နွားများအားလုံးကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် အခြေခံကျေးလက် ကျန်းမာရေးလုပ်သားများ အဖွဲ့သုံးဖွဲ့ခွဲပြီး ကာကွယ်ဆေးများ ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ငွေး(မလှိုင်)**

# နေရပ်စွန့်ခွာ ရွှေ့ပြောင်းပြည်သူများအတွက် ဆန်အိတ်များလှူဒါန်း

**ပူတာအို မေ ၂**

ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်ရှိ နေရပ်စွန့်ခွာ ရွှေ့ပြောင်းပြည်သူများနေထိုင်သည့် စခန်းသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့က ပေးပို့လှူဒါန်းသော ဆန်အိတ် ၂၀ ကို ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်အစိုးရအဖွဲ့အဖွဲ့ဝင် ဥပဒေချုပ် ဦးဒီဆင်ရမ်နှင့် တာဝန်ရှိသူများက ဧပြီလနောက်ဆုံးပတ်က ပေးအပ်လှူဒါန်းရာ စခန်းတာဝန်ခံ ဆရာဦးတူးဆမ်က လက်ခံရယူသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် ဥပဒေချုပ်က ထောက်ပံ့ဆန်ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စခန်းတာဝန်ခံက စခန်းအတွင်း လိုအပ်လျက်ရှိသော သောက်သုံးရေရရှိရေး၊ ကျောင်းသုံးစာအုပ်ရရှိရေး၊ သက်မွေးပညာစက်ချုပ်သင်တန်းများဖွင့်လှစ်ပေးရေးတို့ကို တင်ပြရာ ဥပဒေချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် ဥပဒေချုပ်နှင့် အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပူတာအိုခရိုင်ပြည်သူ့ဆေးရုံ၌ မြစ်ကြီးနားအထွေထွေရောဂါကု ဆေးရုံကြီးမှ အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု ၊ အရိုးနှင့်ထိခိုက်ဒဏ်ရာအထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် ကုသပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မီးဘေးသင့်အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့

**ပြည် မေ ၂**

ပြည်ခရိုင် ပြည်မြို့ ရွာဘဲရပ်ကွက် သန္ဓေပင်ရပ်၌ ဧပြီ ၂၉ ရက်က နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်ဆုံးရှုံးခဲ့သည့် နေအိမ်နှစ်လုံးနှင့် မီးကူးစက် မလောင်ကျွမ်းအောင် ကြိုတင်ဖြိုဖျက်ခဲ့ရသည့် နေအိမ်တစ်လုံးတို့မှ အိမ်ထောင်စုငါးစု ရှိ အိမ်ထောင်စုဝင် ၂၃ ဦးနှင့် ဆေးရုံတက်၍ ဆေးကုသမှုခံယူသူတစ်ဦးတို့အတွက် ပြည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် ဧပြီ၂၉ ရက်က အဆိုပါမီးဘေးသင့် အိမ်ထောင်စုငါးစုအတွက် ပလတ်စတစ်ပုံးအပါအဝင် ထောက်ပံ့ရေးပစ္စည်း ၁၄ မျိုးကိုလည်းကောင်း၊ အိမ်ဆောက်ပစ္စည်း၊ ဆန်ဖိုးရိက္ခာနှင့် ဆေးရုံတက်ရသူတစ်ဦးအပါအဝင်အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၆၇၈၀၀ ကို ဧပြီ ၃၀ ရက်က လည်းကောင်း၊ ပြည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးကျော်ကြီး**

# ပြည်သူများသိရှိနိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုများ

**တွေ့ဆုံမေးမြန်း - ရဲရဲ(ပျဉ်းမနား)**



**အဂတိလိုက်စားမှုများကို တစ်နိုင်ငံလုံး ထိရောက်စွာဖော်ထုတ်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို ပြည်သူများသို့ တင်ပြနိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ပြန်ကြားရေးလုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင် ဦးဟန်ညွန့်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး ။ ။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းတွေကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးရုံးခွဲတွေကို ဖွင့်လှစ်နိုင်ဖို့ ကြိုတင်စီမံညှိနှိုင်းလျက်ရှိတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး သိလိုပါတယ် ဆရာ။**

ဖြေ ။ ။ ကော်မရှင်အနေနဲ့အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်နယ်နဲ့ တိုင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ရုံးခွဲတွေကို အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့အညီ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ လမ်းညွှန်ချက်နဲ့အညီ ကျွန်တော်တို့အနေနဲ့ ရုံးခွဲတွေဖွင့်လှစ်နိုင်ဖို့ ကြိုတင်ညှိနှိုင်းလျက်ရှိပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၆ ကို ထပ်ဆင့်ပြီးတော့ နိုင်ငံတော်သမ္မတက ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်ဟူသည့် လုပ်ပိုင်ခွင့်အပြင် ထပ်မံပြီးတော့ ပြည်နယ်နဲ့တိုင်းဒေသကြီး ရုံးခွဲတွေကို ဖွင့်လှစ်နိုင်တယ်။ အစိုးရ အဖွဲ့ရဲ့သဘောတူညီချက်နဲ့ ဖွင့်လှစ်နိုင်တယ်ဆိုတဲ့ ပုဒ်မ ၃၆ (ခ) ကို ဥပဒေကြမ်းအဖြစ် လွှတ်တော်ကိုတင်သွင်းထားပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က သဘောတူညီပြီးဖြစ်လို့ ပြည်သူ့လွှတ်တော်က ဆက်ပြီးဆွေးနွေးပါလိမ့်မယ်။ သဘောတူညီမှု အတည်ပြုချက်ရပြီးနောက် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်လာတယ်ဆိုရင် ကော်မရှင်က အစိုးရအဖွဲ့ရဲ့သဘောတူညီချက်အရ ရုံးခွဲတွေကို ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု ကျော်စောသတင်းကို တိုင်ကြားသူက ဖုန်းမက်ဆေ့ပေးခြင်းနဲ့ အရေးယူဆောင်ရွက်ဖို့အတွက် ဥပဒေမူကြမ်းရေးဆွဲပြီး လွှတ်တော်သို့ တင်သွင်းထားတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ရှင်းလင်းပေးစေချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု ကျော်စောသတင်းနဲ့ ပတ်သက်ပြီး တိုင်ကြားသူက ဖုန်းမက်ဆေ့ပေး တိုင်ကြားရင် ကော်မရှင်က လက်ခံသတ်မှတ်ဖို့ ဥပဒေမူကြမ်းရေးဆွဲပြီး လွှတ်တော်ကို တင်သွင်းထားပါတယ်။ ကျော်စောသတင်းကို သိရှိတဲ့အခါ တိုင်ကြားသူက တိကျခိုင်လုံတဲ့ အထောက်အထားနဲ့ ဖုန်းမက်ဆေ့ပေး တိုင်ကြားခဲ့ရင် ပထမသတင်းပေးတိုင်ကြားချက်အဖြစ် ကော်မရှင်က လက်ခံထားပြီးနောက် တိုင်ကြားချက်ကို ခိုင်လုံမှု ရှိမရှိ ဆက်လက်စုံစမ်း စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ကျော်စောသတင်းဆိုတာက ဥပမာအနေနဲ့ပြောရရင် အာဏာရှိသူတစ်ဦး၊ ရာထူးရှိသူတစ်ဦး၊ ခရိုနီတစ်ဦးဆိုပါစို့။ လက်ရှိအနေအထားကနေ လုံးဝပြောင်းလဲသွားပြီး ကြွယ်ဝချမ်းသာလာတာ တွေ့ရတယ်။ အမွေမရဘဲ၊ နိုင်ငံတော်ထီမပေါက်ဘဲ၊ သမ္မာအာဇီဝလုပ်ငန်း လုပ်ဆောင်ခြင်း မရှိဘဲ နေ့ချင်းညချင်း ကြီးပွားချမ်းသာလာတာကို သိရတယ်ဆိုရင် တိုင်ကြားသူက ကော်မရှင်သို့ တိကျခိုင်လုံတဲ့ အထောက်အထားနဲ့ ဖုန်းမက်ဆေ့ ပေးပို့တိုင်ကြားနိုင်ပါတယ်။ ကော်မရှင်အနေနဲ့ကလည်း အဆိုပါတိုင်တန်းချက်ကို ပထမ သတင်းပေးတိုင်ကြားချက်အဖြစ် လက်ခံထားပြီး အဂတိလိုက်စားမှုနဲ့ စပ်လျဉ်းပြီး ကြွယ်ဝချမ်းသာလာခြင်း ရှိ မရှိ ဆက်လက်စုံစမ်းစစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ လူတစ်ဦးတစ်ယောက်ကို အပေါ်ယံကြည့်ပြီး အရေးယူလို့ မရပါဘူး။ တိုင်ကြားသူက ဖုန်းမက်ဆေ့နဲ့ တိုင်ကြားပေမယ့်လည်း တကယ် အဂတိလိုက်စားမှု ဥပဒေဘောင်ထဲဝင်မှသာ ကျော်စောသတင်းကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်တယ်။ ကော်မရှင်အနေနဲ့ ဥပဒေပြဋ္ဌာန်းချက်မှာ ပါရှိတဲ့အတိုင်း တိုင်ကြားသူဘက်က လိုက်လို့မရသလို တိုင်ကြားခံရသူဘက်ကလည်း လိုက်လို့မရပါဘူး။ ဥပဒေနဲ့အညီ (Justice) တရားမျှတမှုရှိစွာ ဆောင်ရွက်ရပါတယ်။ ကျော်စောသတင်း တိုင်ကြားမှုနဲ့ပတ်သက်လို့ ဥပဒေပြင်ဆင်ချက်မှာ ထည့်သွင်းရေးဆွဲပြီး ဥပဒေမူကြမ်းအဖြစ် လွှတ်တော်ကို တင်သွင်းခဲ့တာ အမျိုးသားလွှတ်တော်က ကနဦးသဘောတူညီထားပြီလို့ သိရပါတယ်။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်က ဆွေးနွေးညှိနှိုင်း အတည်ပြုပြီးနောက် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်လာတယ်ဆိုရင် ဥပဒေပြင်ဆင်ချက် အသစ်နဲ့အညီ ကော်မရှင်က ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး ။ ။ **အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး မဟုတ်မမှန် လိမ်လည် တိုင်ကြားသူတွေကို စိစစ်တွေ့ရှိပါက ကော်မရှင်အနေနဲ့ ဘယ်လိုအရေးယူဆောင်ရွက်မှု ရှိပါသလဲဆိုတာရယ်၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလုပ်သူကိုရော ဘယ်လို အရေးယူပါသလဲ သိချင်ပါတယ်။**

ဖြေ ။ ။ တိုင်ကြားစာမှာ တိကျခိုင်လုံတဲ့ အထောက်အထား မရှိဘဲ လူပုဂ္ဂိုလ်တစ်ယောက်အား နစ်နာစေရန်၊ ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ အဂတိလိုက်စားမှုနဲ့ ကြွယ်ဝချမ်းသာလာသည်ဟူ၍ မမှန်မကန် သတင်းပို့ခြင်း၊ တိုင်တန်းခြင်းတွေကို စစ်ဆေးတွေ့ရှိပါက တိုင်ကြားသူကို ကော်မရှင်ဥပဒေပုဒ်မ (၅၉)အရ အနည်းဆုံး ထောင်ဒဏ်ငါးနှစ် ထက်မပိုသော ပြစ်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ပါ ချမှတ်နိုင်သည်ဟု ပါရှိပါတယ်။ ဒီလိုပဲ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီမှု ဆောင်ရွက်ခဲ့လျှင် ကော်မရှင်ဥပဒေပုဒ်မ (၆၃)အရ ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းဖြစ်လို့ အရေးယူခံရမှာ ဖြစ်တယ်။

**မေး ။ ။ ကော်မရှင်အဖွဲ့မှ ဆက်လက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**



ဖြေ ။ ။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ လက်ရှိသက်တမ်း အတွင်းမှာ လုပ်ဆောင်ပြီးလုပ်ငန်းတွေရှိသလို ဆက်လက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်တွေလည်းရှိပါတယ်။ Acc Myanmar အမည်ဖြင့် Facebook Account စာမျက်နှာဖွင့်ထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကို ပြည်သူတွေသိရှိစေရန် ဖော်ပြပေးလျက်ရှိပါတယ်။ သတင်းစာရှင်းလင်းပွဲတွေကိုလည်း တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး ပညာပေးဇာတ်လမ်းတိုတွေကို ရိုက်ကူးပြီး ပြည်သူတွေကို အသိပေးပြသသွားဖို့ အစီအစဉ်ရှိသလို ကျောင်းသား ကျောင်းသူတွေ ငယ်စဉ်ကတည်းက စာရိတ္တခိုင်မာရေးအတွက် ရည်ရွယ်ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်အထိ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး သင်ရိုးညွှန်းတမ်းတစ်ခု ထည့်သွင်းဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းရေးဆွဲဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

**မေး ။ ။ တိုင်ကြားချက်တွေအပေါ် ကော်မရှင်က မှတ်တမ်းတွဲခြင်းနဲ့ တိုင်ကြားသူထံ ပြန်ကြားစာ ပြန်လည်ပေးပို့တဲ့ အကြောင်းအရာတွေကို ရှင်းလင်းပေးပါ။**

ဖြေ ။ ။ တရားဝင်ရောက်ရှိလာတဲ့ တိုင်စာတွေကို မှတ်ပုံတင်ပါတယ်။ ကော်မရှင်မှ ဖွဲ့စည်းထားတဲ့ အဖွဲ့သုံးဖွဲ့က အဆင့်ဆင့်စိစစ်ပြီး နောက်ဆုံးကော်မရှင်ဥက္ကဋ္ဌပါဝင်တဲ့ ၁၂ ဦးအဖွဲ့က သေချာစွာ စိစစ်လေ့လာ၍ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ညီ/မညီ တိုက်ဆိုင်စစ်ဆေးပါတယ်။ လိုအပ်ချက်တွေရှိပါက အရေးယူဆောင်ရွက်၍ မရပါက အဲဒီတိုင်စာတွေအနေနဲ့ မည်သည့်အချက်တွေကြောင့် အရေးယူဆောင်ရွက်၍ မရကြောင်းကို ဥပဒေနဲ့မညီညွတ်၍ ပယ်တယ်၊ ပြန်လည်ပေးပို့ပါတယ် စတဲ့ ဖော်ပြချက်အပြည့်အစုံနဲ့ တိုင်စာတစ်စောင်ချင်းစီကို မတ်လ ၁ ရက်နေ့ကတည်းက ပြန်ကြားစာပေးပို့လျက်ရှိပါတယ်။ တိုင်ကြားလာတဲ့ကိစ္စက အဂတိလိုက်စားမှုနဲ့ သက်ဆိုင်ခြင်းမရှိတဲ့အပြင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လိပ်မူတိုင်ကြားထားတဲ့ကိစ္စဆိုရင် အမှုမှတ်တမ်းတွဲခြင်းနဲ့ တိုင်ကြားသူကို ပြန်ကြားစာပေးပို့မှာ မဟုတ်ပါဘူး။ ကော်မရှင်သို့ တိုက်ရိုက်လိပ်မူရေးသားပြီး တိုင်တန်းသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး၊ပြည်နယ်အစိုးရတွေက ဆောင်ရွက်ပေးရမယ့်ကိစ္စရပ်တွေဖြစ်နေပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေသို့ လွှဲအပ်ပေးရပါတယ်။ အဲ့ဒီလို လွှဲပြောင်းပြီး ရက်ပေါင်း ၆၀ အတွင်း ယင်းအမှုစစ်ဆေးပြီး အခြေအနေကို ကော်မရှင်သို့ ပြန်လည်အကြောင်းကြားရမှာပါ။ အကြောင်းပြန်ကြားမှု မရှိခဲ့ရင် ကော်မရှင်အနေနဲ့ ဥပဒေနဲ့အညီ လိုအပ်သလို အရေးယူသွားမှာ ဖြစ်ပါတယ်။ တရားရင်ဆိုင်ဆဲကိစ္စရပ်တွေ၊ အယူခံဝင်ထားဆဲကိစ္စရပ်တွေ၊ တရားရုံး၏ အမိန့်တစ်စုံတစ်ရာ မချမှတ်ရသေးတဲ့ ကိစ္စရပ်တွေဆိုပါက အမှုမှတ်တမ်းတွဲခြင်းနဲ့ တိုင်ကြားသူကို ပြန်ကြားစာပေးပို့ရပါတယ်။ တိုင်ကြားတဲ့ကိစ္စက စုံစမ်းစစ်ဆေးပြီးသော ကိစ္စဖြစ်နေခြင်း၊ တိုင်ကြားမှုအရေးကြီးတဲ့ သက်သေခံချက်မပါရှိခြင်း၊ ထပ်မံတိုင်ကြားမှုတွင် အရေးကြီးတဲ့ သက်သေခံချက် (အသစ်) မပါရှိခြင်းတို့ကို စုံစမ်းစစ်ဆေးခြင်း မပြုရန် ဥပဒေပုဒ်မ (၂၂)တွင် ပြဋ္ဌာန်းပါရှိတဲ့အတွက် မှတ်တမ်းတွဲခြင်းနဲ့ တိုင်ကြားသူထံ ပြန်ကြားစာပေးပို့ရပါတယ်။ နောက်ပြီး တိုင်ကြားစာပေးပို့သူရဲ့အမည်၊ လက်မှတ်၊ မှတ်ပုံတင်မိတ္တူမပါရှိဘဲ ပစ်စာသဘောမျိုးဖြစ်နေပါက အမှုမှတ်တမ်းသာ တွဲထားပါတယ်။ ကော်မရှင်သို့ လိပ်မူတိုင်ကြားခြင်းမရှိဘဲ မိတ္တူပေးခြင်း ဆောင်ရွက်ပါက မှတ်တမ်းအဖြစ် တွဲထားမှာဖြစ်သလို တိုင်ကြားစာပေးပို့ပြီးနောက် အချင်းချင်းပြန်လည်ညှိနှိုင်းပြေလည်သွားပြီး တိုင်ကြားသူကိုယ်တိုင်က တိုင်ကြားစာကို ပြန်လည်ရုပ်သိမ်းသွားမယ်ဆိုရင် အမှုမှတ်တမ်းအဖြစ် တွဲထားမှာဖြစ်ပါတယ်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စတွေ၊ မိသားစုနဲ့ သက်ဆိုင်တဲ့ကိစ္စတွေဖြစ်ပါက အမှုမှတ်တမ်းတွဲပြီး တင်ပြသူထံ ပြန်ကြားပေးပါတယ်။ မြေယာကိစ္စတွေကို ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း ဗဟိုကောင်စီတွေမှ ဖြေရှင်းရမယ့်ကိစ္စတွေဖြစ်ပါက မှတ်တမ်းတွဲခြင်း၊ သက်ဆိုင်ရာဌာနများသို့ လွှဲအပ်ပေးခြင်းနဲ့ တင်ပြသူထံ မည်သို့ဆောင်ရွက်ထားရှိပါကြောင်း ပြန်ကြားလွှာပေးရပါတယ်။

**မေး ။ ။ တိုင်ကြားသူတွေအနေနဲ့ ကော်မရှင်ထံ မည်သို့ ဆက်သွယ်ပြီး မည်သို့တိုင်ကြားရတယ်ဆိုတာကို ဆရာအနေနဲ့ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ ။ တိုင်ကြားစာကို ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ အုပ်စု (၁) နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူပြီး တိုင်ကြားနိုင်ပါတယ်။ ဆက်သွယ်ရန်ဖုန်းတွေကတော့ ၀၆၇ - ၈၁၀၃၃၄၇၊ ၀၆၇ - ၈၁၀၃၂၇၃ သို့ ဆက်သွယ်နိုင်သလို myanmaracc2014 @gmail.com, website-www.accm.gov.mm, facebook page- accm-myanmar တွေမှာ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်။ နစ်နာသူအနေနဲ့ ကော်မရှင်သို့ တိုင်ကြားရာမှာ ထိရောက်မှုရှိစေဖို့အတွက် တိုင်ကြားစာတွေမှာ မဖြစ်မနေ ပါဝင်ရမယ့်အချက်တွေကတော့ တိုင်ကြားတဲ့အမှုမှာ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ နောက်ပိုင်းကာလတွေမှာဖြစ်ပွားသော အဂတိလိုက်စားမှုဖြစ်ရမယ်၊ လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ရာမှာ အထောက်အကူဖြစ်စေဖို့ အဂတိလိုက်စားကြောင်း ပြင်ပတွင် ကြားသိနေတဲ့ အပြင်သိ၊ ပတ်ဝန်းကျင်အများပြောနေတဲ့ သတင်းကြားတွေနဲ့ တိုင်ကြားခြင်းမပြုဘဲ အရေးကြီးတဲ့ သက်သေခံချက်တွေ ပူးတွဲပြီး အထောက်အထားခိုင်လုံစွာနဲ့ တိုင်ကြားရမှာ ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရမယ့်ကိစ္စဖြစ်ပါက အမှန်တကယ် နစ်နာသူ ဟုတ် မဟုတ် သိရှိနိုင်ရန် လိုအပ်ပါက ဆက်သွယ်ခေါ်ယူမေးမြန်း စုံစမ်းနိုင်ဖို့နဲ့ အခြားသူရဲ့အမည်ကို အလွဲသုံးစားပြုလုပ်ပြီး တိုင်ကြားခြင်းတွေကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် နစ်နာသူရဲ့ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ ဖော်ပြတိုင်ကြားရပါမယ်။ တိုင်ကြားစာအား ကော်မရှင်သို့ မိတ္တူအဖြစ် ပေးပို့တိုင်ကြားပါက ကော်မရှင်က ဆောင်ရွက်ပေးမှာ မဟုတ်လို့ ကော်မရှင်သို့ တိုက်ရိုက်လိပ်မူ ပေးပို့တိုင်ကြားဖို့ လိုပါတယ်။

**မေး ။ ။ ယခုကော်မရှင်ရုံးထံ ရောက်ရှိနေတဲ့ တိုင်ကြားစာတွေ အခြေအနေကို သိချင်ပါတယ် ဆရာ။**

ဖြေ ။ ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့အထိ တိုင်ကြားစာအရေအတွက် ၁၇၈၁ စောင်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက တိုင်ကြားစာ ၅၀၀ ကျော်ရှိပြီး တရားရေးဝန်ထမ်း မှန်ကန်မှုမရှိ၍ တိုင်ကြားလာတဲ့ တိုင်ကြားစာ ၃၀၀ ကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၃၀၀ ကျော်၊ ပညာရေးဝန်ကြီးဌာနက ၄၈ စောင်၊ ပုဂ္ဂလိကကုမ္ပဏီတွေအနေနဲ့ ပတ်သက်ပြီး တိုင်ကြားစာ ၁၀၀ ကျော်နဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနက ၇၇ စောင်ရှိပါတယ်။ တိုင်ကြားသူတွေကို မှန်ကန်မှု ရှိ မရှိ စစ်ဆေးပါတယ်။ ပြီးရင် သက်ဆိုင်ရာဌာနတွေဆီ လွှဲပို့ပါတယ်။ တချို့တိုင်ကြားစာတွေက အရေးယူလို့ မရဘူးဆိုတာ အကျိုးအကြောင်းနှင့် တစ်စောင်ချင်းစီ ပြန်စာ ပြန်ကြားထားတဲ့ အစောင်ရေ ၂၆၁ စောင် ပြန်ထားပြီးဖြစ်ပါတယ်။ ကော်မရှင်ကို ရောက်ရှိလာတဲ့ တိုင်ကြားစာတွေကို တန်ဖိုးရှိတဲ့ တိုင်ကြားစာတွေဖြစ်စေဖို့အတွက် ကော်မရှင် ဥပဒေနဲ့အညီ ပေးပို့ဖို့ လိုအပ်သလို ခိုင်လုံတဲ့အထောက်အထားတွေ ရနိုင်သမျှ စုစည်းတင်ပြပေးဖို့လည်း လိုအပ်ပါတယ်။ ဥပမာပြောရရင် တရားရုံးမှာ စစ်ဆေးတဲ့ပုံစံအတိုင်း တိုင်ကြားစာထဲမှာ အဂတိ ဘယ်လိုလိုက်စားသလဲ၊ ငွေကိုဘယ်လို တောင်းခံသလဲ၊ ဘယ်သူ ရှေ့မှာပေးရသလဲ၊ ဘယ်လောက်ပေးရသလဲ၊ ဘယ်ကိစ္စကို အကြောင်းပြုပြီးပေးရသလဲ အစရှိတဲ့ အကြောင်းအချက်တွေကို အပြည့်အစုံရနိုင်သမျှ မှတ်သားပြီး တင်ပြသင့်ပါတယ်။ ဖုန်းနဲ့ရိုက်ထားတဲ့ ဗီဒီယိုဖိုင်တွေ၊ အသံဖိုင်တွေကိုလည်းတင်ပြနိုင်ပါတယ်။ ကော်မရှင်ကို ရောက်ရှိလာတဲ့ တိုင်စာတွေအနက် ၉၄၉ စောင်က ကော်မရှင်ဥပဒေနဲ့မညီညွတ်လို့ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါ့ကြောင့် ရောက်ရှိလာတဲ့ တိုင်ကြားစာတွေကို တန်ဖိုးရှိတဲ့ တိုင်ကြားစာဖြစ်စေဖို့အတွက် ကော်မရှင် ဥပဒေနဲ့အညီ ပေးပို့ဖို့ လိုအပ်သလို ခိုင်လုံတဲ့အထောက်အထားတွေကို ရနိုင်သမျှ စုဆောင်းတင်ပြပေးဖို့ အရေးကြီးပါတယ်။

ဟုတ်ကဲ့ဆရာ၊ အချိန်ပေးပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောဆိုပေးသွားတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

ဟုတ်ကဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကော်မရှင်ရဲ့ဆောင်ရွက်ချက်တွေကို ပြည်သူတွေ သိရှိနားလည်နိုင်အောင် အခုလို ရှင်းလင်းပြောဆိုရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ။

# သွေးချင်းတို့မြေ ချင်းဌာနေသို့

မောင်သာ(ရှေးဟောင်းသုတေသန)



**(မေ ၁ ရက်မှ အဆက်)**

ဟားခါးမြို့နယ်သည် အရှေ့မှ အနောက်သို့ ၃၆ မိုင်၊ တောင်မှ မြောက်သို့ ၄၅ မိုင်ရှည်လျား၍ ၁၆၀၈ စတုရန်းမိုင် ကျယ်ဝန်းကာ အရှေ့ဘက်တွင် ဂန့်ဂေါမြို့နယ်၊ အနောက်ဘက်တွင် ထန်တလန်မြို့နယ်၊ တောင်ဘက်တွင် မတူပီမြို့နယ်နှင့် မြောက်ဘက်တွင် ဖလမ်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ဆက်နေသည်။

ဟားခါးမြို့နယ်အတွင်း၌ ၈၈၇၃ ပေမြင့်သည့် ဘွေပါးတောင်သည် အမြင့်ဆုံးဖြစ်ကာ ရုန်းတောင်က ၇၅၄၃ ပေ၊ ဇိန်မူတောင်က ပေ ၆၇၀၀ နှင့် ပေါ်ပီးတောင်က ၆၄၀၂ ပေ မြင့်သည်။ မြို့နယ်အတွင်း ရေအရင်းအမြစ်အဖြစ် မြောက်မှတောင်သို့ စီးဆင်းနေသည့် သီမြစ်ခေါ် ဘွေနူးမြစ်နှင့် တောင်ကျချောင်းများ အများအပြားရှိသည်။ ယင်းတို့အနက် ဇဟောချောင်း၊ နွယ်ချောင်းနှင့် ဒေါင်ချောင်းတို့သည် ထင်ရှားကြပြီး တောင်ကျချောင်းများ၊ သဘာဝစိမ့်စမ်းရေထွက်နေရာများမှ ရေများကို သွယ်ယူ၍ သောက်သုံးရေအဖြစ် အသုံးပြုကြသည်။

ဟားခါးမြို့နယ်၏ ရာသီဥတုသည် အအေးလွန်ကဲပြီး အမြင့်ဆုံးအပူချိန်သည် ၂၉ ဒသမ ၄ စင်တီဂရိတ်သာရှိကာ အနိမ့်ဆုံး အပူချိန်သည် ရေခဲမှတ်အောက် ၄ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးရွာရက် ၁၃၁ ရက်ရှိပြီး မိုးရေချိန် ၈၆ ဒသမ ၁ လက်မဖြစ်သည်။

အမြဲစိမ်းသစ်တောများ ပေါက်ရောက်နေသည့် ဟားခါးမြို့နယ်တွင် ထင်းရှူးပင်များ အများအပြားပေါက်ရောက်နေကာ ဝက်သစ်ချ၊ ချယ်ရီ၊ ဆီးဖြူ၊ သဖန်း၊ တောင်ဇလပ်နှင့် ဝါးပင်များကိုလည်း တွေ့ရှိနိုင်သည်။ ဟားခါးမြို့နယ်တွင် သစ်တောဧရိယာ ၃၇၇၆၇၅ ဒသမ ၂၅ ဧကနှင့် ကြိုးပြင်တော ၃၁၂၁၃၇ ဒသမ ၂၅ ဧကရှိသည်။ မြို့နယ်အတွင်း ချင်းလူမျိုးများ အများဆုံးနေထိုင်ရာ မြို့နယ်လူဦးရေသည် ၄၅၆၉၂ ဦး ဖြစ်သည်။

ဟားခါးမြို့နယ်သည် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည့်တိုင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ဒေသထွက်ကုန် အားနည်းမှုတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျသည့် မြို့နယ်တစ်ခုဖြစ်သည်။ ဒေသနေသူအများစုသည် စပါးနှင့် အစေ့ထုတ်ပြောင်းကို စိုက်ပျိုးကြကာ ကျွဲ၊ နွား၊ ဆိတ်၊ဝက်၊ ကြက်၊ ဘဲနှင့် နွားနောက်ကို မွေးမြူကြသည်။

ဒေသနေ ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရန် ဟားခါးကောလိပ်ကို ဖွင့်လှစ်ထားကာ အထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်းနှင့် အလယ်တန်းကျောင်း၊ မူလတန်းကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကလည်း အခြေခံပညာများ သင်ကြားပေးလျက်ရှိသည်။ ပြည်သူများ ကျန်းမာရေးအတွက် ဟားခါးပြည်နယ်ဆေးရုံကြီး၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန လေးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၈ ခု ဖွင့်လှစ်ထားသည်။

### ဖလမ်းသို့

ဖလမ်းမြို့သည် ဟားခါးမြို့မှ မြောက်ဘက် ၄၃ မိုင်အကွာတွင်တည်ရှိကာ တောင်ကမ်းပါးယံတွင်တည်ထားသော မြို့ဖြစ်သဖြင့် မြို့တွင်းလမ်းများသည် ကျဉ်းမြောင်းနေကြသည်။ဖလမ်းမြို့သည် လက်ရှိ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် ရက်ကန်းကျောင်း အောက်ဘက်ရှိ တာရွှန်းရွာဟောင်းအနီးမှ စတင်ခဲ့သည်ဟု ဆိုကြသည်။ သို့သော် ယင်းနေရာသည် စစ်တိုက်ရာတွင် လုံခြုံရေး မကောင်းသဖြင့် ၁၈၉၉ ခုနှစ်တွင် ရွာအရှေ့ဘက်ရှိ ကျောက်ဆောင်ကမ်းပါးများရှိပြီး မဏိပူရမြစ် စီးဆင်းနေသည့် ယခု ဖလမ်းမြို့နေရာသို့ ပြောင်းရွှေ့ပြီး တဲများထိုး၍ ရွာတည်ခဲ့ကြကာ Fa Hlam ဟု အမည်ပေးခဲ့ကြသည်။ Fa သည် သားသမီးများ၊ Hlam သည် ခိုလှုံရာတဲဟု အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် ဖလမ်းသည် သားသမီးများ လုံခြုံစွာ ခိုလှုံသည့်တဲဟု ဆိုလိုပေသည်။

ဖလမ်းသည် ၁၉၆၇ ခုနှစ် မတ် ၂၇ ရက် အထိ ချင်းဝိသေသတိုင်း၏ မြို့တော်ဖြစ်ခဲ့ကာ ၁၉၇၃ ခုနှစ်တွင် ဖလမ်းမြို့နယ်ကို မြို့တစ်ခု၊ ရပ်ကွက် ခြောက်ခု၊ ကျေးရွာအုပ်စု ၈၆ အုပ်စု (ကျေးရွာ ၁၇၉ ရွာ) ဖြင့် ဖွဲ့စည်းခဲ့သည်။ ဖလမ်းမြို့နယ်၏ အရှေ့ဘက်တွင် ကလေးမြို့နယ်၊ အနောက်ဘက်တွင် ထန်တလန်မြို့နယ်နှင့်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ တောင်ဘက်တွင် ဟားခါးမြို့နယ်နှင့် မြောက်ဘက်တွင် တီးတိန်မြို့နယ်တို့ တည်ရှိသည်။

ဖလမ်းမြို့နယ်သည် အရှေ့မှ အနောက်သို့ မိုင် ၄၀၊ တောင်မှမြောက်သို့ ၂၅ မိုင် ရှည်လျားကာ ၉၈၈ ဒသမ ၉၀ စတုရန်းမိုင် ကျယ်ဝန်းသည်။

မဏိပူရမြစ်သည် ဖလမ်းမြို့နယ်မြောက်ပိုင်းမှ စီးဆင်းလာကာ ဖလမ်းမြို့၏ မြောက်ဘက်တွင် အရှေ့ဘက်သို့ကွေ့၍ မြစ်သာမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။ဖလမ်းမြို့နယ်၏ ရာသီဥတုသည် သမပိုင်းဇုန် ရာသီဥတုဖြစ်ကာ ပျမ်းမျှ အပူချိန်သည် ၃၂ ဒီဂရီစင်တီဂရိတ်နှင့် ၂ ဒီဂရီ စင်တီဂရိတ်အကြားဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ၉၆ ရက်အတွင်း မိုးရေချိန် ၆၄ ဒသမ ၇၂ လက်မ မိုးရွာသွန်းခဲ့သည်။

မြို့နယ်အတွင်း ထင်းရှူး၊ တောင်ဇလပ်၊ ကညင်၊ အင်ကြင်းနှင့် ချယ်ရီပင်များ အများဆုံး ပေါက်ရောက်နေကာ တောဝက်၊ တောင်ဆိတ်၊ ဝက်ဝံစသည့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်သည်။ မြို့နယ်၏ ၁၉ ဒသမ ၁၁ ရာခိုင်နှုန်းကို သစ်တောများဖုံးလွှမ်းနေရာ ကြိုးဝိုင်းသစ်တော ၈၆၅၂ ဧကနှင့် ကြိုးပြင်သစ်တော ၂၉၄၈၅ ဧကရှိသည်။

မြို့နယ် လူဦးရေ ၅၃၁၇၉ ဦးအနက် ချင်းလူမျိုးဦးရေသည် ၅၂၈၄၈ ဦးဖြစ်ကာ ခရစ်ယာန်ဘာသာကို အများဆုံးကိုးကွယ်ကြသည်။

ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့တွင် ကမ္ဘာကျော် အသည်းနှလုံးပုံစံ ရိဒ်ရေကန် (RIH) ရှိကာ ခရီးသွားများ အများအပြား လာရောက်လည်ပတ်လေ့ရှိကြသည်။

### ထန်တလန်သို့

ထန်တလန်မြို့သည် ဟားခါးခရိုင်တွင် ပါဝင်ကာ အင်္ဂလိပ်အစိုးရလက်ထက်တွင် ထန်တလန်ကို နယ်စပ်စော်ဘွားများက အုပ်ချုပ်ခဲ့ပြီး လွတ်လပ်ရေးရရှိပြီးနောက် တိုက်သူကြီးများက အုပ်ချုပ်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဟားခါးမြို့နယ် အနောက်ပိုင်းရှိ ကျေးရွာအုပ်စု ၃၈ ခုကို ထန်တလန်မြို့နယ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ထန်တလန်မြို့နယ်ကို ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၃၇ အုပ်စု(ကျေးရွာ ၈၇ ရွာ) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ထန်တလန်မြို့နယ်သည် မြန်မာနိုင်ငံအနောက်မြောက်ပိုင်းတွင် တည်ရှိကာ ဟားခါးမြို့မှ အနောက်ဘက်သို့ ၄၈ မိုင်၊ မတူပီမြို့မှ မြောက်ဘက်သို့ ၄၆ မိုင်နှင့် ဖလမ်းမြို့မှ တောင်ဘက်သို့ ၂၈ မိုင် ကွာဝေးသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၆၂ ပေ မြင့်၍ ထန်တလန်မြို့နယ်ရှိ အမြင့်ဆုံးတောင်သည် ၈၉၇၃ ပေမြင့်သည့် ဘွေပါးတောင်ဖြစ်သည်။

ထန်တလန်မြို့နယ်သည် အရှေ့ဘက်တွင် ဟားခါးမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ တောင်ဘက်တွင် မတူပီမြို့နယ်နှင့် မြောက်ဘက်တွင် ဖလမ်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်နေသည်။

ချင်းပြည်နယ်၏ မြို့တစ်မြို့ဖြစ်သည့်အတိုင်း ထန်တလန်သည်လည်း တောင်တန်းများပေါများကာ ကြိုးပြင်တော ၅၉၁၈၇ ဧက၌ ထင်းရှူးပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။ မြို့နယ်အတွင်း မြစ်ချောင်းများနည်းပါးကာ ဘွေနူးနှင့် တီအိုမြစ်တို့သည် ထန်တလန်နှင့် အိန္ဒိယနိုင်ငံကို ပိုင်းခြားထားသည့် နယ်နိမိတ်များဖြစ်ကြသည်။

ထန်တလန်မြို့နယ်၏ ရာသီဥတုသည် အအေးမလွန်ကဲသော်လည်း အမြင့်ဆုံး အပူချိန်သည် ၃၇ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်သည် ၃ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။အများဆုံး မိုးရွာရက် ၁၄၄ ရက်အထိ ရှိခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် ၁၁၃ ရက် မိုးရွာသွန်းခဲ့ကာ မိုးရေချိန် ၅၈ ဒသမ ၈၅ လက်မဖြစ်သည်။

ထန်တလန်မြို့နယ်အတွင်း ချင်းလူမျိုးများ အများဆုံး နေထိုင်ကြရာတွင် ဗမာလူမျိုးများလည်း အနည်းငယ်ရှိသည်။ လူဦးရေ ၅၁၈၅၇ ဦးရှိသည့်အနက် ခရစ်ယာန်ဘာသာကိုးကွယ်သူဦးရေသည် ၅၁၇၈၂ ဦးဖြစ်သည်။ မြို့နယ်အတွင်း စပါး၊ မြေပဲ၊ ငရုတ်နှင့် နှမ်း စိုက်ပျိုးကြကာ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့် ငုံးတို့ကို မွေးမြူကြသည်။

မြို့နယ်အတွင်း အထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၁ ကျောင်း အပါအဝင် မူလတန်းလွန်ကျောင်းများ၊ မူလတန်းကျောင်းများ ဖွင့်လှစ်ထားသည်။

ဒေသနေပြည်သူများ ကျန်းမာရေးအတွက် ထန်တလန်ပြည်သူ့ဆေးရုံ၊ မောင်တလန်တိုက်နယ်ဆေးရုံ၊ လုံလဲလ်တိုက်နယ်ဆေးရုံ၊ နှာရိန်တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ကိုးခု ဖွင့်လှစ်ထားသည်။

### တီးတိန်သို့

တီးတိန်မြို့နယ်သည် ဖလမ်းခရိုင်အတွင်း ပါရှိကာ ဖလမ်းမြို့မှ ၄၅ မိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ၅၇ မိုင် ကွာဝေးသည်။ တီးတိန်၏ မူရင်းအသံထွက်သည် တဲဒိမ်ဖြစ်ကာ မြို့မရပ်ကွက် ဗန်ဆန်တွင်ရှိသည့် ရေကန်ကြီးသည် အဝေးမှကြည့်လျှင် နေ့ရော ညပါ ရောင်ပြန်ဟပ်နေသဖြင့် တလက်လက် တောက်ပနေသည့် ရေပြည့်အိုင်(တဲဒိမ်)ဟု ခေါ်ဆိုရာမှ ယင်းကန်ကို အစွဲပြုလျက် တီးတိန်ဟု အမည်တွင်ခဲ့သည်။

အင်္ဂလိပ်အစိုးရလက်ထက်တွင် တီးတိန်ကို ကမ်းဟောက်တိုက်နယ်၊ ဆုတ်တဲတိုက်နယ်နှင့် စီယန်တိုက်နယ်ဟု သုံးပိုင်းခွဲ၍ အုပ်ချုပ်ခဲ့သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် တီးတိန်မြို့နယ်ကို ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၅၅ အုပ်စု(ကျေးရွာ ၁၃၀) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ခိုင်ကမ်းမြို့ကို ရပ်ကွက်လေးခုဖြင့် ဖွဲ့စည်းခဲ့သည်။

အရှေ့မှ အနောက်သို့ ၄၂ မိုင်နှင့် တောင်မှ မြောက်သို့ ၃၁ မိုင် ရှည်လျား၍ ဧရိယာ ၉၄၉ ဒသမ ၆၉ စတုရန်းမိုင် ကျယ်ဝန်းသည့် တီးတိန်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၆၆၇ ပေ မြင့်၍ မြို့နယ်အတွင်း အမြင့်ဆုံးတောင်သည် ၈၈၇၁ ပေမြင့်သည့် ထွမ်းဝုမ်းတောင်ဖြစ်သည်။

တီးတိန်မြို့နယ်သည် အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် တမူးမြို့နယ်၊ အနောက်ဘက်တွင် မီဇိုရမ်ပြည်နယ်၊ တောင်ဘက်တွင် ဖလမ်းမြို့နယ်နှင့် မြောက်ဘက်တွင် တွန်းဇံမြို့နယ်တို့နှင့် ထိစပ်နေသည်။ တီးတိန်မြို့နယ်တွင် ပေ ၃၀၀၀ မှ ၈၀၀၀ ကျော်အထိ မြင့်မားသည့် တောင်တန်းတောင်စွယ်များနှင့် မတ်စောက်သော ချိုင့်ဝှမ်းများသာရှိပြီး မြေပြန့်လွင်ပြင် မရှိချေ။ မြစ်ချောင်းများသည် တောင်ကုန်းများအကြား၌ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေကြရာ မဏိပူရမြစ်သည် အထင်ရှားဆုံးဖြစ်ပေသည်။

တီးတိန်မြို့နယ်သည် တောင်တန်းများ ထူထပ်ပြီး စိုစွတ်၍ အအေးပိုသော ရာသီဥတုရှိကာ ပျမ်းမျှ အပူချိန် ၂၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် ၁၄ ဒသမ ၁ ဒီဂရီ စင်တီဂရိတ်အကြားရှိသည်။ ၂၀၁၆ ခုနှစ်တွင် ၁၁၉ ရက် မိုးရွာခဲ့ကာ မိုးရေချိန် ၅၄ ဒသမ ၁၀ လက်မ ရရှိခဲ့သည်။

မြို့နယ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာ၊ အင်ကြင်း၊ ကညင်၊ တောင်တမာ၊ ထင်းရှူးနှင့် တောင်ဇလပ်ပင်များ ပေါက်ရောက်နေသည်။ သစ်ပင်ကြီးများတွင် ကပ်ပါးပင်များအဖြစ် သစ်ခွမျိုးစိတ်မျိုးစုံ ပေါက်ရောက်နေကာ နတ်ဆေးဂမုန်းအပါအဝင် ဆေးဖက်ဝင် ပရဆေးပင်များလည်း ပေါက်ရောက်လျက်ရှိသည်။ တောရိုင်းတိရစ္ဆာန်များအဖြစ် ကြံ့၊ စိုင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံနှင့် တောင်ဆိတ်တို့ ကျက်စားနေထိုင်ကြသည်။

တီးတိန်မြို့နယ်၏ ၄၃ ဒသမ ၄၈ ရာခိုင်နှုန်းသည် သစ်တောများဖုံးလွှမ်းနေသည့်အနက် ကြိုးဝိုင်းသစ်တော ၅၂၃၂၁ ဧကနှင့် ကြိုးပြင်သစ်တော ၃၄၈၂၇ ဧကကို ထိန်းသိမ်းထားသည်။ မြို့နယ်အတွင်း ချင်းလူမျိုးများ အများဆုံး နေထိုင်ကြပြီး ဗမာ၊ ကချင်၊ ရခိုင်၊ ကရင်နှင့် ရှမ်းလူမျိုးများလည်း အနည်းငယ်ရှိကာ ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြပြီး မြို့နယ်လူဦးရေသည် ၁၅၂၄၄ ဦးဖြစ်သည်။

တီးတိန်မြို့သည် ကလေး-တွန်းဇံ-ကျီခါး မော်တော်ကားလမ်းပေါ်တွင်တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ စီးပွားရေးအချက်အချာကျသည့် နေရာတစ်ခုဖြစ်သည်။ ပန်းသီး၊ လိမ္မော်နှင့် လက်ဖက်ကို အများဆုံး စိုက်ပျိုးထုတ်လုပ်၍ ကလေးမြို့သို့ အများဆုံး တင်ပို့ ရောင်းချကြသည်။

တီးတိန်မြို့နယ် ဝေါ့လာကျေးရွာမှ တစ်မိုင်ခွဲအကွာတွင် ရှာလ်လုမ်းခံတပ် တည်ရှိသည်။ ရှာလ်လုမ်းခံတပ်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း ခေါဆကျေးရွာအုပ်စုရှိ ဖို့ဝိုက်နှင့် ဆိုင်ဇန်းကျေးရွာအုပ်စုရှိ ဆိုင်းဇန်စော်ဘွားအိမ်နှင့် လေယာဉ်ကွင်းဟောင်းတို့ကို ထိန်းသိမ်းထားခြင်း မရှိသေးပါချေ။

### တွန်းဇံသို့

ဖလမ်းခရိုင် တွန်းဇံမြို့သည် ချင်းပြည်နယ်၏ မြောက်ပိုင်းအစွန်တွင်တည်ရှိကာ တွန်းဇံမြို့နယ် ကျီခါးမြို့သည် ချင်းပြည်နယ်၏ မြောက်ပိုင်းအစွန်ဆုံးနေရာဖြစ်သည်။ တီးတိန်-ကျီခါးကားလမ်းပေါ်တွင် တည်ရှိသည့် တွန်းဇံသည် ၁၃၆၀ ဒသမ ၃၅၆ စတုရန်းမိုင် ကျယ်ဝန်းလျက် ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၄၀ပေ မြင့်သည်။

တွန်းဇံမြို့ကို ၁၈၇၀ ပြည့်နှစ်က ကမ်းဟောက်နယ်စား ပူခေါ်ကျင့် လက်ထက်တွင် လက်ရှိခေါမွန့် ပိုးစာခြံရှိသော နေရာဖြစ်သည့် ခေါဝုန်အရပ်တွင် အိမ်ခြေ ၃၀ ဖြင့် စတင်ထူထောင်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ကမ်းဟောက်နယ်စား ပူကျင့်ဟောက်ခုပ် လက်ထက်တွင် ခေါဝုန်အရပ်မှ ခွောင်ခန့်သို့ ပြောင်းရွှေ့ကာ တွန်းဇံဟု အမည်ပေးခဲ့သည်။ တွန်းသည် အတူတကွ သွားလာလှုပ်ရှားနေထိုင်ခြင်းဟု အဓိပ္ပာယ်ရှိပြီး ဇံက အခြေစိုက်နေထိုင်ခဲ့သောအရပ်ဟု ဆိုလိုသည်။

၁၉၆၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် တွန်းဇံမြို့ပိုင်ရုံးကို ဖွင့်လှစ်ခဲ့ကာ ၁၉၇၂ တွင် မြို့နယ်အဖြစ် သတ်မှတ်ခဲ့၍ ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စု ၃၁ အုပ်စု(ကျေးရွာ ၉၁ ရွာ)ဖြင့် ဖွဲ့စည်းခဲ့သည်။

တွန်းဇံမြို့နယ်သည်လည်း တောင်ကုန်း တောင်တန်းများဝန်းရံနေကာ မြေပြန့်လွင်ပြင် အနည်းငယ်သာရှိသည်။ အရှေ့ဘက်တွင် ကလေးမြို့နယ်နှင့် တမူးမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ တောင်ဘက်တွင် တီးတိန်မြို့နယ်နှင့် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ မဏိပူရ်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည်။

မဏိပူရမြစ်သည် တွန်းဇံမြို့မှ ငါးမိုင်အကွာတွင် မြောက်မှ တောင်သို့ စီးဆင်းနေကာ မြို့နယ်အတွင်း မြစ်ချောင်းများရှိသည်။ တွန်းဇံမြို့နယ်၏ ရာသီဥတုသည် ပျမ်းမျှ အပူချိန် ၃၂ ဒသမ ၂၂ ဒီဂရီစင်တီဂရိတ်နှင့် ၅ ဒသမ ၈၈ ဒီဂရီ စင်တီဂရိတ်အကြားရှိသည်။ ၂၀၁၆ ခုနှစ်တွင် ၁၀၂ ရက် မိုးရွာခဲ့ကာ မိုးရေချိန် ၄၉ ဒသမ ၅၂ လက်မ ရရှိခဲ့သည်။

တွန်းဇံမြို့နယ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ အင်ကြင်း၊ ကညင်၊ ဝက်သစ်ချ၊ ထင်းရှူးနှင့် တောင်ဇလပ်၊ ချယ်ရီ အစရှိသည့် အပင်များ ပေါက်ရောက်သည်။ တောရိုင်းတိရစ္ဆာန်များအဖြစ် ဆတ်၊ တောင်ဆိတ်၊ တောဆိတ်၊ ဂျီ၊ တောဝက်၊ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ တောခွေး၊ တောကြောင်နှင့် မျောက်များ ကျက်စားနေထိုင်ကြသည်။

တွန်းဇံမြို့နယ်၏ ၃၇ ဒသမ ၃၂ ရာခိုင်နှုန်းသည် သစ်တောများဖုံးလွှမ်းနေသည့်အနက် ကြိုးဝိုင်းသစ်တော ၂၆၀၉ ဧကနှင့် ကြိုးပြင်သစ်တော ၂၂၉၃၂၄ ဧကကို ထိန်းသိမ်းထားသည်။ မြို့နယ်အတွင်း ချင်းလူမျိုးများ အများဆုံးနေထိုင်ကြပြီး ဗမာလူမျိုးများလည်း အနည်းငယ်ရှိကာ ဒေသနေသူများသည် ခရစ်ယာန်ဘာသာ အများဆုံးကိုးကွယ်ကြသည်။ မြို့နယ်လူဦးရေသည် ၃၂၆၅၀ ဖြစ်သည်။

မြို့နယ်အတွင်း ပြည်သူများသည် စိုက်ပျိုးရေးနှင့် ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဝက်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူခြင်းများဖြင့် အသက်မွေးကြပြီး စီးပွားရေးတိုးတက်မှု နည်းပါးသည့် မြို့နယ်တစ်ခုဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ချင်းပြည်နယ်ခရီးတစ်လျှောက် မြို့ရွာများ တစ်ခုနှင့် တစ်ခုအကြားတွင် စက်ယန္တရားများဖြင့် လမ်းများတိုးချဲ့ဖောက်လုပ်နေပုံကို မြင်တွေ့ကြရပေသည်။ လမ်းလုပ်ငန်းခွင်များ၌ မိန်းကလေးများ အလုပ်လုပ်နေကြသည်ကို အများဆုံးတွေ့ရှိရသဖြင့် မေးမြန်းကြည့်ရာတွင် ယောကျ်ားလေး အများစုသည် အရွယ်ရောက်လာကြလျှင် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသဖြင့် ကျေးလက်များတွင် မိန်းကလေးများက အများစုဖြစ်နေကာ ဒေသလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြကြောင်း သိရှိရပေသည်။

သယံဇာတထွက်ရှိမှု မရှိသည့်အပြင် တောတောင်ထူထပ်မှုများပြားသဖြင့် စီးပွားရေး တိုးတက်မှု အတန်ငယ်နှေးကွေးနေသည့် ချင်းတောင်ဒေသ၌ မိမိတို့ သွားခဲ့သည့် လမ်းတစ်လျှောက် မည်သည့်နေရာတွင်မှ လမ်းကြေး၊ တံတားကြေး၊ မြို့ဝင်ကြေးများ ကောက်ခံမှု မရှိခဲ့ပါချေ။ ထို့အတူ လောင်စာဆီ အဆင့်မြင့်အရောင်းဆိုင်ကို ဟားခါးမြို့၌သာ မြင်တွေ့ခဲ့ကြရပေသည်။

ခရီးအသွားအလာများသည့် နေရာများတွင် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခဲ့ကြပုံများကို မြင်ကြရသကဲ့သို့ တောင်ဇလပ်ပန်းများကို မခူးဆွတ်ရန် တားမြစ်ထားသည့်တိုင် စည်းကမ်းလိုက်နာမှု အားနည်းနေသေးသည်ကို ကြုံတွေ့ခဲ့ကြရပေသည်။

သို့သော် အေးမြသော ရာသီဥတုအောက်ဝယ် တောင်စောင်းများတွင် တည်ဆောက်ထားသည့် ချင်းအိမ်များ၊ အိမ်ရှေ့ မျက်နှာစာတွင် ချိတ်ဆွဲထားသည့် တိရစ္ဆာန်ဦးခေါင်းခွံများ၊ မျက်နှာတွင် ပါးရဲများထိုးထားသည့် သက်ကြီးအမျိုးသမီးများ၊ တောတောင်များတွင် ပွင့်လန်းနေသည့် တောင်ဇလပ်ပန်းများ၊ မိုးသို့ မျှော်နေသည့် တောင်စွယ်တောင်တန်းများ၊ သဘာဝချိုင့်ဝှမ်းများ အစရှိသည်တို့သည် ချင်းတောင်တန်းဒေသ၏ အမှတ်လက္ခဏာများအဖြစ် လှပစွာ တည်ရှိနေကြပေသည်။ ။

**ကိုးကား**

(၁) **မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)၊(၄)၊(၇)၊(၈)၊(၉)၊(၁၃)**

(၂) **ချင်းပြည်နယ် ဒေသဆိုင်ရာ အချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

## စလင်းရွှေပြည်အေးဘုရားကြီး ညောင်ရေသွန်းလောင်းပူဇော်

**စလင်း မေ ၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့ ကုသိနာရာမ ရွှေပြည်အေးဘုရားကြီးတွင် ဧပြီ ၂၉ ရက်(ကဆုန်လပြည့်နေ့) က ညောင်ရေသွန်းပွဲကို နှစ်စဉ်ကျင်းပမြဲ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ညောင်ရေသွန်းပွဲတွင် စလင်းမြို့ပေါ်ရပ်ကွက်အသီးသီးနှင့်ကျေးရွာများမှ ဓမ္မစကူးလ် အသင်းများ၊ ဝတ်အသင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက အတီးအမှုတ်အကအခုန်များဖြင့် ညောင်ရေသွန်းလောင်းမည့် ရွှေပြည်အေးဘုရားကြီးသို့ ပျော်ရွှင်စွာ စုဝေးသွားရောက်ကြပြီး ဘုရားကြီးအတွင်းရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းခဲ့ကြကြောင်းသိရသည်။ **စစ်ကြည်(စလင်း)**



## မိုးညှင်းတွင် ကိုယ့်အားကိုယ်ကိုး နန့်ရင်းချောင်းကူးတံတား ဖွင့်

**မိုးညှင်း မေ ၂**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နောင်စွန်းရပ်ကွက်၌ ရပ်ကွက်နေပြည်သူများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော နန့်ရင်းချောင်းကူးတံတားကို ဧပြီ ၃၀ ရက် နံနက်က ဖွင့်ပွဲကျင်းပ၍ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ကန်ဦးကျောင်းတိုက်ဆရာတော် ဦးပညောဘာသ အမှူးပြုသော ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဆိုပေးပြီးနောက် ဆရာတော်ဦးပညောဘာသနှင့် ဦးနန္ဒိယတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ တံတားမှာ အရှည် ပေ ၂၀၀၊ အကျယ် ၆ ပေ၊ အမြင့် ၁၂ ပေရှိ သစ်သားတံတားဖြစ်ပြီး ကုန်ကျငွေ ကျပ်သိန်း ၃၀ခန့်ရှိကာ နောင်စွန်းရပ်ကွက်နှင့် မိုးညှင်းမြို့နေပြည်သူများ၏ ထည့်ဝင်ငွေနှင့် လုပ်အားများဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြောင်း၊ တံတားဖွင့်ပွဲသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ စည်ပင်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နီတိုး**

## မန္တလေး ကျောက်စိမ်းစေတီတော်မြတ်တွင် ညောင်ရေသွန်းပွဲကျင်းပ

**မန္တလေး မေ ၂**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း မြင်းမှူးကျေးရွာအနီးတွင် တည်ထား ကိုးကွယ်သည့် ‘ဝေရောစန’ ကျောက်စိမ်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်ဝန်းကျင် ကျေးရွာပေါင်း ၁၉ ရွာမှ ညောင်ရေသွန်းအဖွဲ့ဝင် ရွာသူရွာသားများ ပူးပေါင်း၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့၌ စည်ကားစွာ ကျင်းပခဲ့သည်။

ညောင်ရေသွန်းပွဲတွင် ကျေးရွာများမှ ပြည်သူများက မြင်းမှူးကျေးရွာစုရပ်မှ ကျောက်စိမ်းစေတီတော် ဗောဓိညောင်ပင်သို့ အဆိုအတီး အစီအစဉ်များဖြင့် စီတန်းလှည့်လည်၍ လာရောက်ကြပြီး စေတီတော်၌ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့တော်ဝန်နှင့်ဧည့်သည်တော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။ ကျောက်စိမ်းစေတီတော်နှင့် ကျောက်စိမ်းလိုဏ်ဂူတော်တို့တွင် ကဆုန်လပြည့်နေ့က ဘုရားဖူးများဖြင့် စည်ကားခဲ့သလို လာရောက်၍ ညောင်ရေသွန်လောင်းသူများ၊ ဘုရားဖူးများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မြန်မာ့သစ်လုပ်ငန်း အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်း

**ငပုတော မေ ၂**
ဧရာဝတီတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့(EERU)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများနှင့်ပြည်သူလူထုထံ ရှင်းလင်းပွဲကို ငပုတောမြို့ သီရိရောမိုးလုံလေလုံအားကစားခန်းမ၌ ဧပြီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။



ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသိမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းတို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာဦးမိုးလွင်က တိုင်းဒေသကြီး၌ အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ စတင်ဖွဲ့စည်းမှု၊ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့တွင် ပါဝင်သော ဝန်ထမ်းအင်အားနှင့် ဆင်ကောင်ရေစာရင်း၊ ၂၀၁၅ ခုနှစ်မှစ၍ ယနေ့အထိ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆင်သတ်မှုဆိုးများအား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပြည်သူများအနေဖြင့် မြန်မာ့သစ်လုပ်ငန်းတာဝန်ရှိသူများထံ ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များ၊ Viber နံပါတ်များ၊ Email လိပ်စာများ စသည်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပုသိမ်သစ်ထုတ်လုပ်ရေးဒေသ မန်နေဂျာ ဦးကျော်စွာဝင်းနှင့် အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ ခေါင်းဆောင် ဒုတိယတိရစ္ဆာန်ဆေးကုသရေးဦးစီးမှူး ဦးလင်းလင်းထွန်းတို့ကအုပ်ချုပ်ရေးအဖွဲ့များ၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ လူနှင့်ဆင် ပဋိပက္ခဖြစ်စဉ်များတွင် ဆောင်ရွက်ခဲ့မှုများနှင့် ဆောင်ရွက်မည့်အခြေအနေများ၊ တောဆင်များအသတ်ခံရပါက စစ်ဆေးအတည်ပြုချက်ပေးခဲ့ရသည့် အခြေအနေများ၊ ကင်းလှည့်ခြင်းနှင့် ဆင်သတ်မှုဆိုးသတင်းရယူခြင်းများ၊ လူနှင့် ဆင် သဟဇာတဖြစ်စေရေးအတွက် အသိပညာပေးဆောင်ရွက်ခဲ့မှုများကို ရှင်းလင်း တင်ပြခဲ့ကြပြီးနောက် ရှင်းလင်းပွဲသို့တက်ရောက်လာသည့် ပြည်သူများက သိလိုသည်များကိုမေးမြန်းခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းအနေဖြင့် တောဆင်နှင့်လူ ပဋိပက္ခဖြစ်စဉ်များတွင် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ကို ဝန်ထမ်း ၁၅ ဦးနှင့် ကွန်ဂျီဆင် ငါးကောင်ဖြင့် ၂၀၁၅ အောက်တိုဘာ ၈ ရက်မှ စတင်ဖွဲ့စည်းခဲ့ပြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ကိုလည်း ယခုနှစ် မေ ၁ ရက်မှစ၍ ပုသိမ်၊ ငပုတောနှင့် သာပေါင်းမြို့နယ်တို့တွင် ဝန်ထမ်း ၂၆ ဦး၊ ကွန်ဂျီဆင် ကိုးကောင်တို့ဖြင့် ထပ်မံဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့သည် တောဆင်များ မကြာခဏဝင်ရောက်တတ်သည့်နေရာများသို့ ကင်းလှည့်ခြင်း၊ သတင်းရယူခြင်း၊ ကျေးရွာများရှိပြည်သူများအား တောဆင်နှင့်ပတ်သက်သည့် သတိပြုရန်အချက်များ အသိပညာပေးဟောပြောခြင်း၊ လူနေရပ်ရွာနှင့် ဥယျာဉ်စိုက်ခင်းများသို့ တောဆင်များဝင်ရောက်ပါက သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ တောဆင်များ၏ မူလနေရာသို့ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ပေးခြင်း၊ တောဆင်များအသတ်ခံရပါက စစ်ဆေးပေးခြင်းနှင့် အတည်ပြုပေးခြင်းများကို လစဉ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် မြန်မာ့သစ်လုပ်ငန်း တာဝန်ရှိသူများနှင့် ဆက်သွယ်လိုပါက အရေးပေါ်ကွန်ဂျီဆင်များအဖွဲ့ တာဝန်ခံ ဖုန်း-၀၉-၄၃၀၁၉၅၇၂ နှင့် အဖွဲ့ခေါင်းဆောင် ဖုန်း-၀၉-၇၆၁၀၃၈၉၇၈ သို့ ဆက်သွယ်နိုင်ကြောင်း တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## မြစ်ကြီးနားသို့ တိမ်းရှောင်လာသော ပြည်သူများအား ဆန်နှင့်ဆေးဝါးများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မေ ၂**
မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်အတွင်း နယ်မြေအခြေအနေများအရ မြစ်ကြီးနားမြို့ပေါ်သို့ ခေတ္တတိမ်းရှောင်လာသော ပြည်သူများအား ၎င်းတို့ ယာယီနေထိုင်ရာ ဘုရားကျောင်းဝင်းများအတွင်း အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်က အဆိုပါအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆန်အိတ်များနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို တိမ်းရှောင်လာသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင် ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက နောင်နန်းရပ်ကွက်ရှိ တြိနတီဘုရားကျောင်းဝင်းအတွင်း၌ ခေတ္တနေထိုင်သည့် အိမ်ထောင်စု ၁၁၂ စု၊ လူဦးရေ ၅၅၂ ဦးတို့အတွက် နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးပြီးနောက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်အိတ် ၇၀ ကို ပြည်နယ်ဝန်ကြီးက လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ ကျပ် ၁၀၇၇၃၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးကလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူးက ဆေးဝါးပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး တိမ်းရှောင်မိသားစုများ ယာယီနေထိုင်ရာအဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။



ထို့နောက် မြစ်ဆုံကျေးရွာအုပ်စု တန်ဖရဲကျေးရွာ မာရီယာကောင်းကင်ဘုံသခင်မဘုရား ကျောင်းဝင်း၌ ယာယီနေထိုင်သည့် အိမ်ထောင်စု ၃၃၇ စု၊ လူဦးရေ ၂၁၅၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၈၅၄၃၀၀ နှင့် ဆေးဝါးပစ္စည်းများကိုလည်း တာဝန်ရှိသူများက သွားရောက်ပေးအပ်ခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက တိမ်းရှောင်နေထိုင်သူစာရင်းများ ကောက်ခံရယူကာ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ကျွန်းလှု၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ယာဉ်၊ ယန္တရားများဖြင့် ဆောင်ရွက်မည်

**ကျွန်းလှု မေ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှုမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယာဉ်၊ ယန္တရားများကို ဧပြီ ၂၆ ရက်က ရရှိခဲ့၍ အဆိုပါ စက်ယန္တရားများ၊ ယာဉ်များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရောက်ရှိလာသော ယာဉ်၊ ယန္တရားများမှာ ငွေကျပ် ၈၀ ဒသမ ဝ၈ သန်းတန်ဖိုးရှိဘက်ဟိုးတစ်စီး၊ ငွေကျပ် ၅၄ ဒသမ ၁၇၉ သန်း တန်ဖိုးရှိ လမ်းကြိတ်စက်တစ်စီးနှင့်ငွေကျပ် ၂၀ ဒသမ ၈ သန်း တန်ဖိုးရှိ မြေသယ်ယာဉ်တစ်စီးတို့ဖြစ်ပြီး ထိုယာဉ်၊ ယန္တရားများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကာ ကျွန်းလှုမြို့နယ်သို့ ဧပြီ ၂၆ ရက်က ရောက်ရှိ လက်ခံရရှိခဲ့ကြောင်း ကျွန်းလှုမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းက ပြောကြားသည်။

အဆိုပါ ယာဉ်နှင့်ယန္တရားများကို ကြီးကြပ်ကွပ်ကဲထိန်းသိမ်းရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ကျွန်းလှုမြို့နယ် ယာဉ်နှင့်ယန္တရားကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ကာ ကျွန်းလှုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယာဉ်နှင့်ယန္တရားများကို ငှားရမ်းအသုံးပြုလျှင် ကော်မတီက သတ်မှတ်ရန်ပုံငွေ ကောက်ခံမည်ဖြစ်ကြောင်း၊ ယာဉ်နှင့်ယန္တရားများ မောင်းနှင်ထိန်းသိမ်းရန်အတွက် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများက ပို့ချသည့် သင်တန်းများကိုလည်း တက်ရောက်ပြီးဖြစ်ကြောင်း မြို့နယ်ယာဉ်နှင့် ယန္တရားကြီးကြပ်ရေး ကော်မတီတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှု)**



# အောက်ချင်းငှက်များ တွေ့ရနည်းလာ၍ ချင်းပြည်နယ် မြို့နယ်သုံးခု၌ ထိန်းသိမ်းရေးဆောင်ရွက်နေ

**မင်းတပ် မေ ၂**

ချင်းပြည်နယ်တွင်နေထိုင်ကျက်စားသော ငှက်တစ်မျိုးဖြစ်ပြီး ချင်းတိုင်းရင်းသားတို့၏ အမှတ်သင်္ကေတတစ်ခုလည်းဖြစ်သည့် အောက်ချင်းငှက်များသည် မြန်မာနိုင်ငံအတွင်း ချင်းပြည်နယ်၌သာ အများဆုံးမြင်တွေ့ရသော ငှက်မျိုးဖြစ်သည်။ ယခင်ဆယ်စုနှစ်ကအထိ ချင်းတောင်ဒေသတွင် နေရာအနှံ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသမှ သစ်တော၊ ဝါးတောများတွင် အောက်ချင်းငှက်များ ကျက်စားနေထိုင်ကြသော်လည်း ယခုအခါ အောက်ချင်းငှက်ကောင်ရေ သိသိသာသာ လျော့နည်းကာ မျိုးပြုန်းပျောက်ကွယ်လုနီးပါးအထိ ဖြစ်လာခဲ့ခြင်းကြောင့် မင်းတပ်၊ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်သုံးခုတွင် အောက်ချင်းငှက်များထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နေကြကြောင်း သိရသည်။

"အရင်က အောက်ချင်းငှက်တစ်အုပ်ဆို အကောင် ၂၀ ကနေ ၃၀ ပါတယ်၊ အခုဆို တစ်အုပ်စုဆို ခြောက်ကောင်လောက်ပဲ တွေ့ရတော့တယ်၊ အောက်ချင်းငှက်တွေ ရှားပါးလာတာက သူတို့နေထိုင်တဲ့ တောတွေ ပြုန်းတီးကုန်တာရယ်၊ အောက်ချင်းငှက်တွေကို သတ်စားကြပြီး သူတို့ အမြီးက အမွေးကို ရိုးရာပွဲတော်တွေမှာ ခေါင်းမှာ အလှဆင်ဖို့အတွက် သတ်ကြတာတွေကြောင့် ရှားပါးလာတာပါ"ဟု မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိတ်ထန်းက ပြောသည်။

ပြည်နယ်ရှိ အောက်ချင်းငှက်များနှင့် တောင်ဇလပ်ပန်းများကို ထိန်းသိမ်းရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသကဲ့သို့ ချင်းပြည်နယ်ရေးရာကော်မတီကလည်း အောက်ချင်းငှက်များ နေထိုင်ကျက်စားရာ မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များနှင့် တောင်ဇလပ်ပန်းများပွင့်ဖူးရာ မင်းတပ်၊ ကန်ပက်လက်မြို့တို့ကို ထိန်းသိမ်းရန်နေရာများအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။

သားငှက်ထိန်းသိမ်းရေးအဖွဲ့က အောက်ချင်းငှက်များနှင့် ပတ်သက်၍ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က လေ့လာခဲ့ရာတွင် အောက်ချင်းငှက်များ ယခင်ကထက် ပိုမိုသိသာစွာ ရှားပါးလာခြင်းကြောင့် ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ထိန်းသိမ်းရေးဆောင်ရွက်နေကြောင်း ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောကြားသည်။ "ချင်းပြည်နယ်ရဲ့ အမှတ်သင်္ကေတဟာ အောက်ချင်းငှက်ဖြစ်ပြီး ချင်းပြည်နယ်ရဲ့သဘာဝအလှဟာ တောင်ဇလပ်နဲ့ ချယ်ရီပန်းဖြစ်တယ်၊ သစ်တောပြုန်းတီးမှုတွေကြောင့် အမှတ်သင်္ကေတဖြစ်တဲ့ အောက်ချင်းငှက်နဲ့ သဘာဝအလှကို ဖော်ကျူးတဲ့ တောင်ဇလပ်နဲ့ ချယ်ရီလည်း ပျောက်ကွယ်လုနီးဖြစ်နေပြီ၊ ဒီလိုမှ ပြန်မထိန်းသိမ်းရင် ချင်းပြည်နယ်ရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့ အောက်ချင်းငှက်တွေ ပျောက်ကွယ်သွားတော့မှာ"ဟု ကနေဒီတောင် စိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွါလ်(ခ)ဦးလှိုင်အောင်က သူ၏အမြင်ကို ပြောပြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ မင်းတပ်၊ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်များတွင် ရှားပါးတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုလုပ်ရန် တားမြစ်ထားခဲ့ပြီး ဖမ်းဆီးသတ်ဖြတ်ပါက ထိရောက်စွာအရေးယူရန်လည်း မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား အကြောင်းကြားထားကာ သားငှက်ထိန်းသိမ်းရေးအဖွဲ့က ပြီးခဲ့သည့် နှစ်အတွင်း ချင်းပြည်နယ်နေရာအချို့တွင် အောက်ချင်းငှက်ကိုသတ်ဖြတ်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဟု ဆိုင်းဘုတ်များကိုလည်း လိုက်လံစိုက်ထူလျက် အောက်ချင်းငှက် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် အောက်ချင်းငှက်များသည် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များထဲတွင် ပါဝင်ပြီး အောက်ချင်းငှက်များကို ဖမ်းဆီးသတ်ဖြတ်ပါက သယံဇာတများစီမံအုပ်ချုပ်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ၁၉၉၄ နှင့် တောရိုင်းတိရစ္ဆာန် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေ ၂၀၁၂ တို့ဖြင့် အရေးယူခံရမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းဆောင်းပါး - နေစု(ချင်းရိုးမ)**



# မြိုင်မြို့၌ ပလတ်စတစ်အိတ်နှင့် အမှိုက်များ စုပေါင်းကောက်ယူရှင်းလင်း

**မြိုင် မေ ၂**

မကွေးတိုင်းဒေသကြီး မြိုင်မြို့သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်သရိုက်များ ကင်းစင်စေရန်အတွက် မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ကင်းထောက်အဖွဲ့မှ အဖွဲ့ဝင်လူငယ် ၅၁ ဦးက စုပေါင်း၍ ပလတ်စတစ်အိတ်ခွံနှင့် အမှိုက်များကို ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် Action Aid Myanmar(အက်ရှင်အေ့ဒ်မြန်မာ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အင်းရောင်းကျေးရွာအုပ်စု ကင်းထောက်အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၈)မှ သင်တန်းသားသင်တန်းသူ ဆယ်ကျော်သက်လူငယ် ၅၁ ဦး အဖွဲ့က ဧပြီ ၃၀ ရက် နံနက်ပိုင်းက မြိုင်မြို့မဈေး၊ မြို့လယ်ပန်းခြံ၊ မြိုင်-မန္တလေးလမ်းနှင့် မြိုင်- ပခုက္ကူ ကားလမ်းဘေးတစ်လျှောက်နေရာများမှ အမှိုက်သရိုက်များကို ကောက်ယူသိမ်းဆည်း ရှင်းလင်းပေးခဲ့ခြင်းဖြစ်ပြီး ကောက်ယူသည့် အမှိုက်များကို မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းယာဉ်ဖြင့် သယ်ဆောင်၍ စွန့်ပစ်ပေးခဲ့ကြောင်း သိရသည်။

စုပေါင်းအမှိုက်ကောက် ရှင်းလင်းပေးရာတွင် ကင်းထောက်သင်တန်းသား လူငယ်များနှင့်အတူ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ အက်ရှင်အေ့ဒ်အဖွဲ့မန်နေဂျာ ဦးအောင်မင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များ၊ မြိုင်မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး တင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးမှူး ဦးကျော်ညွန့်တို့က လိုအပ်သည်များကို ကူညီခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးနှင့် စည်ပင်အမှုဆောင် ဦးစီးအရာရှိ ဦးဟန်မြင့်နှင့် ဝန်ထမ်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# စဥ့်ကိုင်မြို့၌ လေဘေးကာကွယ်ရေး ညှိနှိုင်းဆွေးနွေး

**စဥ့်ကိုင် မေ ၂**

စဥ့်ကိုင်မြို့နယ်အတွင်း၌ သဘာဝဘေးအန္တရာယ်ဖြစ်သည့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နိုင်သည့်အနေအထားများ၊ သဘာဝဘေးဖြစ်ပွားပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ကူညီ ဆောင်ရွက်ရန်၊ ထူးခြားဖြစ်စဉ်များပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီတင်ပြရန် အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာသော ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများက မိမိတို့ရပ်ရွာ၏ လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် လေဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန် အခြေအနေများကို တင်ပြဆွေးနွေးကာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ဝင်းဝင်းသန်း(စဥ့်ကိုင်)**



# နည်းပညာတက္ကသိုလ်(သန်လျင်)၌ စာကြည့်တိုက်အဆင့်မြှင့်တင်နိုင်ရေး အလှူငွေပေးအပ်

**ရန်ကုန် မေ ၂**

နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ ရေနံအင်ဂျင်နီယာဌာနသို့ စာကြည့်တိုက်အဆင့်မြှင့်တင်နိုင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၇ ရက်က ယင်းတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက နှုတ်ခွန်းဆက်စကားပြောကြားပြီး PC Myanmar(Hong Kong) လီမိတက်မှ မြန်မာနိုင်ငံဆိုင်ရာတာဝန်ရှိသူ Mr.Emry Hisham Bin Yusoff က လှူဒါန်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(သန်လျင်) ရေနံအင်ဂျင်နီယာဌာနတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အဆင့်မီမီ အသုံးပြုနိုင်ရေးအတွက် အလှူငွေ ကျပ် ၆၂၄၄၀၀၀ ကို အလှူရှင်က ရေနံအင်ဂျင်နီယာဌာနမှူး ပါမောက္ခ ဒေါက်တာဇော်မင်းဦးထံ ပေးအပ်လှူဒါန်းခဲ့သည်။ နည်းပညာ တက္ကသိုလ် (သန်လျင်)သည် မြန်မာနိုင်ငံတွင် ရေနံအင်ဂျင်နီယာ အများဆုံး မွေးထုတ်ပေးလျက်ရှိသော တက္ကသိုလ်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**




# ရေသတ္တဝါများဖမ်းဆီးခြင်းဆိုင်ရာ ပညာပေးဆိုင်းဘုတ်စိုက်ထူ

**ဟိုင်းကြီးကျွန်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အမှတ်(၁)ရပ်ကွက် ဆိပ်ကမ်း၌ ရေသတ္တဝါများဖမ်းဆီးခြင်းနှင့်ပတ်သက်၍ အသိပညာပေး ဆိုင်းဘုတ်များကို ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဧပြီ ၂၉ ရက် နံနက်ပိုင်းက စိုက်ထူခဲ့သည်။

ပညာပေးဆိုင်းဘုတ်များ စိုက်ထူရာသို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံ ရေလုပ်ငန်းရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အသိပညာပေးဆိုင်းဘုတ်တွင် တားမြစ်ထားသော ရှားပါးရေသတ္တဝါများနှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေစုဆောင်းခြင်း၊ သိုလှောင်သိမ်းဆည်းခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း မပြုလုပ်ရန်၊ ရေနေသတ္တဝါများအား အန္တရာယ်ဖြစ်စေတတ်သော အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ၊ ပေါက်ကွဲနိုင်သောပစ္စည်းများ အသုံးပြု၍ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ရန်၊ ဥနှင့် ငါးရစ်များကို မဖမ်းကြရန် စသည်တို့ကို ထည့်သွင်းဖော်ပြထားသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းချွန်သူက ရေသယံဇာတများ မျိုးပြုန်းမှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် ရေရှည်စားသုံးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ပညာပေး ဆိုင်းဘုတ်များ စိုက်ထူခြင်းအပြင် ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် တားမြစ်ငါးဖမ်းရာသီ သတ်မှတ်ခြင်း၊ ငါးဖမ်းဧရိယာ သတ်မှတ်ခြင်း စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## သုံးခွမြို့နယ်တွင် လယ်ယာမြေဆီလွှာများ ဓာတ်ခွဲစစ်ဆေးပေး

**သုံးခွ မေ ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ တောင်သူများ စိုက်ပျိုးလျက်ရှိသော လယ်ယာမြေများ၌ မြေဆီလွှာအခြေအနေကို သိရှိကာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်စေရေးအတွက် မြေနမူနာယူ၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးတင်မြင့်အောင်နှင့် ဝန်ထမ်းများအဖွဲ့သည် ဧပြီ ၃၀ ရက်က ကတုံးပေါ်အထက်ကျေးရွာ စနစ်ကျ အဆင့်မြင့်လယ်ယာမြေသို့ လာရောက်၍ မြေဆီလွှာစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ပြီး ဦးစီးမှူးက ယခုလို လယ်ယာမြေများကို စမ်းသပ်စစ်ဆေးပေးသည့်အတွက် တောင်သူများအနေဖြင့် ၎င်းတို့၏ လယ်မြေတွင် လိုအပ်မည့် မြေအချဉ်ဓာတ်၊ အငန်ဓာတ်နှင့်အခြားလိုအပ်မည့်ဓာတ်များကိုသိရှိကာ လိုအပ်သည့်အာဟာရဓာတ်များကို ဖြည့်သွင်းပေးခြင်းဖြင့် သီးနှံများအထွက်တိုးစေသလို သီးနှံအရည်အသွေး မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သုံးခွမြို့နယ်သည် လယ်ယာမြေများတွင် စပါးကို အဓိကစိုက်ပျိုးပြီး အခြားသီးနှံအမျိုးမျိုးကိုလည်း စိုက်ပျိုးကြရာ ၂၀၁၇-၂၀၁၈ စိုက်ပျိုးရာသီအတွင်း မိုးစပါး ၁၅၀၆၁၂ ဧကနှင့် ဆောင်းသီးနှံ ပဲတီစိမ်း ၁၃၀၁၀၁ ဧကတို့ကို စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော် (သုံးခွ)**

## လှိုင်းဘွဲ့မြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**လှိုင်းဘွဲ့ မေ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေအဆင်ပြေစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေများဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ရေခက်ခဲသောကျေးရွာများတွင် တွင်းနက် တူးဖော်ခြင်းလုပ်ငန်း ခြောက်ခု၊ မြေသားရေကန် တစ်ခု၊ အမြင့်တင်ရေကန် နှစ်ခု၊ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းသုံးခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၂၂ ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းက ရန်ပုံငွေကျပ် ၁၅၃ ဒသမ ၄၃၃ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်ကာလအတွင်း၌လည်း အင်းနို့ သိပ္ပံကျေးရွာ၊ အောက်ရေပူကျေးရွာ၊ ဝါးခုတ်တောကျေးရွာ၊ နောင်ဘုကြီးကျေးရွာ၊ ရွာကိုင်းကောင်းကျေးရွာနှင့် ချမ်းသာကျေးရွာတို့ အပါအဝင် ကျေးရွာ ၁၀ ရွာတွင် လက်တူးတွင်း ငါးတွင်းနှင့် တွင်းတိမ် ငါးတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ဧပြီလ တတိယပတ်အတွင်းမှ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကျေးရွာနေပြည်သူများ ရေရရှိအသုံးပြုနိုင်မှု အခြေအနေများနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ရေရှည်အကျိုးရှိနိုင်ရေးအတွက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစောအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာများသို့ ကွင်းဆင်းပြီး စစ်ဆေးကြီးကြပ်လျက်ရှိကြောင်းလည်း သိရသည်။

**နေမျိုးလွင် (ဘားအံ)**

## စဉ့်ကူးမြို့နယ်တွင် မူခင်းကျဆင်းရေး ပညာပေးဟောပြော

**စဉ့်ကူး မေ ၂**

စဉ့်ကူးမြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ သိရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောမှုများကို ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းပြခန်းယာဉ်သည် စဉ့်ကူးမြို့နယ် မင်းကြီးကုန်းကျေးရွာနှင့် ခူလယ်ကျေးရွာများသို့ ဧပြီ ၂၈ ရက်က လည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် ရွှေပြည်ကျေးရွာနှင့် လက်ပန်လှကျေးရွာ သို့လည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် ကျည်တောက်ပေါက်ကျေးရွာသို့လည်းကောင်း သွားရောက်၍ ယာဉ်ပေါ်တွင်ပါသည့် စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စန်းနိုင်ထွန်း၊ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိန်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**



## ညောင်ဦးမြို့နယ်တွင် ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ခွေးရူးကာကွယ်ဆေးများ အခမဲ့ထိုးနှံခြင်း ဆောင်ရွက်ပေးသွားရန် ဧပြီ ၃၀ ရက်က ညောင်ဦးမြို့ Umber Hotel ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးခြင်းဆောင်ရွက်ပေးရန် ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ခွေးရူးရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် Four Paws International အဖွဲ့ဥက္ကဋ္ဌ Mr.Helmut Dungler က ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မင်္ဂလာမြန်မာအဖွဲ့အစည်းမှ ဒေါ်ယုဇာမော်ထွန်းက အခမဲ့ ကာကွယ်ဆေးထိုးပေးခြင်း လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက် ခွေးရူးရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံခဲ့မှု မှတ်တမ်းဗီဒီယိုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုကြပြီး ညောင်ဦးမြို့မှ အိမ်မွေးခွေးများအား ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။



ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဩစတြီးယားအခြေစိုက် တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့ဖြစ်သော Four Paws International အဖွဲ့နှင့် မင်္ဂလာမြန်မာ NGO အဖွဲ့အစည်းတို့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ခွေးရောဂါကင်းစင်ရေးနယ်မြေ ဖြစ်စေရမည်ဟု အာဆီယံသဘောတူညီချက်အရ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ်မှ စတင်ကာ လယ်ဝေးမြို့နယ်၌ အကောင်အထည်ဖော်ခဲ့ပြီးနောက် လက်ရှိအချိန်အထိ မြို့နယ်များတွင် အခမဲ့ ကာကွယ်ဆေးထိုးပေးခြင်းများ လိုက်လံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်မှ စပါးခင်းများကို လုပ်သားများဖြင့်သာ ရိတ်သိမ်းနေရ

**ရေတာရှည် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ပြီးခဲ့သည့်ရက်များအတွင်းက မိုးသက်လေပြင်း တိုက်ခတ်ခဲ့မှုကြောင့် ရင့်မှည့်လျက်ရှိသော နွေစပါးစိုက်ခင်းများ လဲကျကုန်သည့်အတွက် ရိတ်ခြွေစက်ဖြင့် ရိတ်သိမ်းပါက အလေအလွင့်များနိုင်သောကြောင့် ထိုလယ်ကွက်များတွင် ရိတ်ခြွေစက်မသုံးနိုင်ကြဘဲ လယ်ယာလုပ်သားများငှားရမ်း၍သာ ရိတ်သိမ်းနေကြရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"အစကတော့ စက်နဲ့ ရိတ်ဖို့ပဲ၊ မိုးလေတွေက ညနေတိုင်းလိုလိုတိုက်နေတော့ စပါးခင်းတွေက ပြားကုန်တာ၊ အနှံတွေက ရေသောက်နေတော့ အပင်ပေါက်မှာစိုးလို့ စက်နဲ့ဆိုရင် အလေအလွင့်လည်းများနိုင်လို့ လူနဲ့ပဲ ငှားရိတ်လိုက်ရတယ်" ဟု သပြေတန်းကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်၌ အချိန်တိုအတွင်းပြီးစီးနိုင်သည့် စက်ကိရိယာများကို ငှားရမ်းသုံးစွဲမှုမှာ တွင်ကျယ်လာလျက်ရှိရာ စပါးအငှားရိတ်သူ လယ်ယာလုပ်သားတို့အနေဖြင့် အများအားဖြင့် အလုပ်လက်မဲ့ဖြစ်ကာ နေ့စဉ်ဝင်ငွေကျဆင်းလျက်ရှိနေသော်လည်း ယခုရက်ပိုင်းတွင် ဝင်ငွေရရှိနေကြကြောင်း သိရသည်။



စပါးအငှားလိုက်ရိတ်သူ လုပ်သားတစ်ဦးက "အခုရက်ပိုင်းတော့ ကျွန်တော်တို့အဖွဲ့ တစ်ရက်မှ မနားရသေးဘူး၊ နေ့တိုင်းထွက်ရတယ်၊ အပင်တွေကပြားကုန်တော့ စက်နဲ့ရိတ်ရင် အဆင်မပြေဘူး၊ လူနဲ့ပဲ ကေပြတ် ရိတ်ရတော့ ကျွန်တော်တို့အတွက်လည်း ဈေးသုံးလေးဘာလေးရတာပေါ့" ဟု ပြောသည်။

လယ်ယာများတွင် လုပ်သားဖြင့် ငှားရိတ်ပါက ကောက်လှိုင်းသယ်ယူစရိတ်၊ ခြွေလှေ့ခများ ထပ်မံကုန်ကျသည့်အတွက် တောင်သူများအနေဖြင့် စက်ဖြင့် ငှားရမ်းရိတ်သည့် အခကြေးငွေထက် တစ်ဧကလျှင် ငွေကျပ်သုံးသောင်းကျော် ပိုမိုကုန်ကျမှုများရှိနေသည်။ ယခုနှစ်တွင် စပါးဈေးနှုန်းကောင်းမွန်နေ၍ တောင်သူများအနေဖြင့် စပါးပေါ်ချိန်တွင် အဆင်ပြေမည်ဟု မျှော်လင့်ခဲ့ကြသော်လည်း လက်ရှိဖြစ်ပေါ်နေသော ရာသီအပြောင်းအလဲ လေပြင်းများ တိုက်ခတ်ခြင်းကြောင့် စပါးအနှံချင်းပွတ်တိုက်မိပြီး အစေ့များပြုတ်ထွက်ကုန်သည့်အတွက် အထွက်နှုန်းကျဆင်းမှုများလည်း ရှိနေကြောင်း လက်ရှိရိတ်သိမ်းပြီးစီးသည့် တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**ကိုလွင်(ဆွာ)**

## ဖျာပုံမြို့၌ ကုန်တင်ကုန်ချကားဝင်းသစ် တည်ဆောက်

**ဖျာပုံ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေစေရေးအတွက် ကုန်ကားကြီးများ ခေတ္တရပ်နား ကုန်တင်ကုန်ချပြုလုပ်နိုင်ရန် ကုန်တင်ကုန်ချကားဝင်းသစ်ကို မြို့မြောက်ပိုင်းရပ်တွင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"မြို့ထဲကို ကုန်ကားကြီးတွေဝင်တဲ့အခါ ခရီးသွားပြည်သူတွေ ယာဉ်အန္တရာယ်တွေ စိုးရိမ်ရတယ်၊ နောက် ကားကြီးတွေဝင်တဲ့အတွက် မြို့ပေါ်ရပ်ကွက်က လမ်းတွေပျက်တယ်၊ ဒီလို ယာဉ်အန္တရာယ်၊ လမ်းပျက်စီးမှုတွေ စိုးရိမ်နေရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေကတစ်ဆင့် သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြပြီး ယခုလို ကုန်တင်ကားကြီးများ ခေတ္တရပ်နားနိုင်တဲ့ ကားကြီးဝင်း တည်ဆောက်နေခြင်းဖြစ်တယ်၊ ဒီလို ကုန်တင်ကုန်ချကားကြီးဝင်း တည်ဆောက်လိုက်တဲ့အတွက် ပြည်သူတွေလည်း ယာဉ်အန္တရာယ်ကင်းပြီး ကုန်စည်စီးဆင်းမှုတွေလည်း ပိုမိုလွယ်ကူမယ်လို့ မျှော်လင့်ပါတယ်" ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

အဆိုပါ ကုန်တင်ကုန်ချ ကားကြီးဝင်းကို ဖျာပုံမြို့ချောင်းတွင်းလမ်းမကြီးနှင့် ဖျာပုံတံတားချဉ်းကပ်လမ်းကြား မိုးလုံလေလုံအားကစားရုံနောက်ကျောဘက် မြေနေရာတွင်တည်ဆောက်နေခြင်းဖြစ်ကာ ကုန်တင်ကားကြီးအစီး ၂၀ တစ်ပြိုင်တည်းရပ်နားနိုင်မည့် အရှည် ၃၇၅ ပေ၊ အကျယ် ပေ ၅၀ ရှိသော ကုန်ကားကြီးဝင်းအဖြစ် ဖျာပုံမြို့လမ်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။



**ကားကြီးဝင်းဆောက်လုပ်နေမှုကို တာဝန်ရှိသူများ သွားရောက်စစ်ဆေးကြည့်ရှုစဉ်။**

အဆိုပါ ကုန်တင်ကုန်ချ ကားကြီးဝင်းကို ဖျာပုံကားကြီးဝင်း ပြုပြင်မွမ်းမံပြီးစီးသည့်အချိန်အထိ အသုံးပြုမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၁၀ အကုန်အကျခံ၍ ဆောက်လုပ်နေကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## သမိုင်းဝင် ဖောင်တော်ချက်မစေတီတော်မြတ်ကြီး (၈၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**နေပြည်တော် မေ ၂**

လယ်ဝေးမြို့သမိုင်းဝင် ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ (၈၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယနှင့် ကဆုန်ညောင်ရေ သွန်းပွဲတော်ကြီးကို ဧပြီ ၂၉ ရက်မှစတင်ကာ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ စည်ကားစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ ရှေးဦးစွာ ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ စွယ်တော်တိုက်တွင် ပူဇော်ထားသည့် ဗုဒ္ဓမြတ်စွယ်တော်အားလယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် ဂေါပက အဖွဲ့ဝင်များက မြို့တွင်းသို့ လှည့်လည်ပူဇော်မည့်မော်တော်ယာဉ်သို့ ပင့်ဆောင်သည်။ ထို့နောက် ယောဂီအဖွဲ့များ ဟိန္ဒူညောင်ရေသွန်းအဖွဲ့ ပအိုဝ်းအိုးစည်အဖွဲ့၊ ဂေါပကအဖွဲ့၊ ဌာနဆိုင်ရာများ၊ သစ္စာ-မေတ္တာ ရွှေမန်းသဘင်မှ မင်းသား၊ မင်းသမီးနှင့်အဖွဲ့သူ အဖွဲ့သားများ၊ ရုပ်ရှင်သရုပ်ဆောင် ထူးခြားနှင့် ဖျော်ဖြေရေးယာဉ်များဖြင့် မြို့တွင်းသို့လှည့်လည်သည်။

လယ်ဝေးမြို့သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ကဆုန်လဆန်း ၁၃ ရက်မှ နယုန်လဆန်း ၄ ရက်အထိ ၂၂ ရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

# ရဲနွယ်သစ်တောကြိုးဝိုင်းအတွင်း ဆင်ရေကန်တည်ထောင်မည်

**ရန်ကုန် မေ ၂**

မြန်မာ့သစ်လုပ်ငန်းနှင့် Four Paws International တို့ ပူးပေါင်းဆောင်ရွက်မည့် ဆင်ရေကန် (Elephant Lake) စီမံကိန်းအတွက် မြေတူးဆွခြင်း အခမ်းအနားကို မေ ၁ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရဲနွယ်သစ်တောကြိုးဝိုင်းအတွင်း၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနား၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပဲခူးတိုင်း မြန်မာ့ သစ်လုပ်ငန်း၏ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ထိုက်က စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ Four Paws International မှ စီအီးအိုဖြစ်သူ Mr. Heimut Dungier နှင့် မင်္ဂလာမြန်မာ၏ စီအီးအို ဒေါက်တာ ဖုန်းဝင်းတို့က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်မည့် မြေနေရာအား ပထမဦးဆုံးမြေတူးဆွပေးခဲ့ကြသည်။ ရဲနွယ်ဆည်တမံ၏ ဘေးတစ်လျှောက်တွင် တည်ရှိနေသော ဆင်ရေကန် (Elephant Lake) သည် ရန်ကုန်-မန္တလေးအမြန်လမ်း၏ ၈၃ မိုင်တိုင်မှ အနောက်ဘက်သို့ ဖောက်လုပ်ထားသည့် မြို့ချောင်း-စိန်ကန့်လန့်- မင်းလှ လမ်း၏ မိုင်ဝက်ခန့်အကွာ မိုင်တိုင် (၆၉/၄) နေရာတွင် တည်ရှိသော ရဲနွယ်သစ်တောကြိုးဝိုင်းအတွင်း တည်ထောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆင်စခန်းတွင် ဒဏ်ရာရဆင်များနှင့် အခြားသော တိရစ္ဆာန်များကို ဆေးကုသရန် ရွေ့လျားတိရစ္ဆာန် ဆေးကုသယာဉ်ဖြင့် ဆေးကုသခြင်းလုပ်ငန်းများကိုလည်း ဆောက်ရွက်သွားမည်ဖြစ်ပြီး ခေတ်မီဆင်ဆေးရုံတစ်ခုကိုလည်း တည်ထောင်ကာ ကမ္ဘာ့အဆင့်မီ ဆင်ဆေးကုသခြင်းနှင့် ကယ်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာ အင်ဂျီအိုတစ်ခုဖြစ်သည့် Four Paws က စတင်မည့် ပထမနှစ်လုပ်ငန်းများအတွက် မြန်မာ့သစ်လုပ်ငန်းမှ မိဘမဲ့ဆင် (၆-၇) ကောင်အား ဆင်ရေကန်၏ မိဘမဲ့စောင့်ရှောက်ရေးစင်တာသို့ ပထမအသုတ်အဖြစ် ပေးပို့မည်ဖြစ်ပြီး သစ်တောဦးစီးဌာနက မြေနေရာ အသုံးပြုခွင့်၊ ငှားရမ်းခွင့်များကို ဆောင်ရွက်ပေးမည်ဖြစ်ကာ မင်္ဂလာမြန်မာက ဒေသခံများ၊ ဆင်ဦးစီးများ၏ လူမှုဘဝ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။




ရဲနွယ်သစ်တောကြိုးဝိုင်း၏ ဟက်တာ ၁၇၀၀၀ အတွင်း တည်ထောင်မည့် အဆိုပါ ဆင်စခန်းသည် အရှေ့တောင်အာရှ၏ အကြီးဆုံးဆင်စခန်းတစ်ခုအဖြစ် ပေါ်ထွက်လာမည်ဖြစ်ပြီး အာရှဆင်ထိန်းသိမ်းရေးလုပ်ငန်းတွင် စံနှုန်းအမြင့်မားဆုံး ဆင်စခန်းတစ်ခုအဖြစ် တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကာလတွင် ပြုစုပျိုးထောင် စောင့်ရှောက်ရန်ရည်ရွယ်ထားသော ဆင်အကောင်အရေအတွက်မှာ ၃၀၀ ခန့်ဖြစ်ကြောင်း သိရသည်။ **သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

## တောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပညာပေးဟောပြော

**မိုင်းရယ် မေ ၂**

တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများ တရားမဝင်ရောင်းချနေမှုများကို ဖော်ထုတ်အရေးယူနိုင်ရေးနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မိုင်းရယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မိုင်းရယ်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးပွားအောင်က ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ (၁၅-က)အရ ထိန်းသိမ်းထားသော လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ၊ သာမန်ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက်ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ စသည့်အကြောင်းအရာများကို ဒေသခံများအား ရှင်းလင်းဟောပြောပြီး ဒေသခံပြည်သူများကလည်း တောရိုင်းတိရစ္ဆာန်များအား ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေးရန်နှင့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများ တရားမဝင်ရောင်းချနေမှုများကို ဖော်ထုတ်အရေးယူနိုင်ရန် စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စိတ်ပါဝင်စားသော ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မာလာ (မကွေး)**

## မှုခင်းသတင်းတိုများ

### မန်စီမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်တွင် ဧပြီ ၂၉ ရက် ညနေပိုင်းက ဆိုင်ကယ်စီးနင်းလာသူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု (၁)ဗန်းမော်မှ ရဲအုပ်ခါးလီနှင့်အဖွဲ့က မန်စီ-ဟန်ထက် ကားလမ်းပေါ် မန်ဝိန်းလေးကျေးရွာတံတားအနီး၌ စောင့်ဆိုင်းရှာဖွေစဉ် ဇော်မိုးသူ (၁၈ နှစ်) မောင်းနှင်ပြီး ကျော်ဇင်မိုး (၁၈ နှစ်) နောက်မှလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ကျော်ဇင်မိုးထံမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၅၇၀ ကို ဖမ်းမိခဲ့ခြင်း ဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်မိုးသူနှင့် ကျော်ဇင်မိုးတို့ နှစ်ဦး အား မန်စီမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### ဆိုင်ကယ်ခိုးယူလာသူတစ်ဦးအား လိုက်လံဖမ်းဆီးခဲ့ရ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် ဧပြီ ၂၈ ရက် ညပိုင်းက ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦးအား မသင်္ကာဖွယ်တွေ့၍ စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ပေါင်းတည်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အေးစိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ဘုရားငါးဆူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ပျဉ်းပင်ကန်ရပ်ကွက်အတွင်း မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးကို မသင်္ကာ၍ စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရပြီး ဖမ်းမိသူအား စစ်ဆေးရာ အောင်ပိုင်ကျော် (၂၂ နှစ်) ဖြစ်ပြီး ၎င်းစီးနင်းလာသော နံပါတ်မပါ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာ ပြောပြနိုင်ခြင်းမရှိဘဲ တစ်နေရာမှ ခိုးယူလာဖွယ်ရှိကြောင်း ယူဆရသဖြင့် ဆိုင်ကယ်ကို သက်သေများရှေ့တွင် သိမ်းဆည်းကာ အောင်ပိုင်ကျော်အား ပေါင်းတည်မြို့မရဲစခန်းတွင် အမှုဖွင့်၍ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်မင်းသားကြီး**

### အရှိန်ပြင်းမောင်းနှင်သောမော်တော်ယာဉ် လမ်းဘေးထိုးကျ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မကျီးကုန်းကြီးကျေးရွာအုပ်စုအတွင်း လည်ကျေးရွာအနီးတွင် ဧပြီ ၃၀ ရက်က မော်တော်ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးထိုးကျခဲ့ကာ လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။ မကွေးမြို့နေ ဦးဟန်စိန်(၄၇ နှစ်) မောင်းနှင်လာသည့် ပြည်ကျော်ဟိန်း ခရီးသည်တင်ယာဉ်သည် မြို့သစ်-နတ်မောက် ကားလမ်းပေါ် ရထားသံလမ်းကူးကွေ့အနီး၌ အရှိန်လွန်ပြီး လမ်းဘေးသို့ထိုးကျခဲ့ခြင်းဖြစ်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးဟန်စိန်အား မြို့သစ်မြို့မရဲစခန်း၌ အမှု ဖွင့်ထားကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**


### အများသိစေရန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အောင်သာယာရပ်ကွက်၊ အင်ကြင်းတောင်ဘုရားလမ်း၊ အမှတ် ၂၃နေ ဒေါ်ယုယုအောင် ၁၀/သဖရ(နိုင်)၀၀၂၃၃၈၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ ဇော်ဂျီ ၃ လမ်း၊ အမှတ် ၁၃၆၅ဟု ခေါ်တွင်သော တစ်ထပ်တိုက်အိမ်တစ်ဆောင်နှင့် အိမ်တည်ရာ အလျား ပေ၆၀×အနံပေ ၄၀ အတိုင်းအတာရှိ မြေကွက်တို့သည် မူလပိုင်ရှင်ဖြစ်သူ ဦးသိန်းအောင်ထံမှ ဒေါ်ယုယုအောင်က(၁၂-၁၀-၂၀၀၆) ရက်တွင် စာချုပ်ချုပ်ဆိုကာ ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ခဲ့သော ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများကို ဒေါ်ယုယုအောင်၏ ခွင့်ပြုချက်မရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း စသည်တို့ကို မပြုလုပ်ရန် ကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ဒေါ်ယုယုအောင်မှ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်ပေးသူ
ဒေါ်ယုယုအောင်

ညွှန်ကြားချက်အရ
ဦးသိန်းဌေး(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(၅၅၃၁)
အမှတ် (၁၀)၊ ကံ့ကော်လမ်း၊
မြို့မဈေးရပ်ကွက်၊ ကျိုက္ကမီမြို့
ဖုန်း-၀၉-၇၉၃၃၂၉၆၂၁၊ ၀၉-၄၅၄၅၃၅၂၆၀
Email;utheinhtay59@gmail. com

### အမည်ပြောင်း

ဦးမြင့်ဌေး ၉/ကပတ(နိုင်)၀၂၈၃၄၃၏သမီး မြို့သစ်မြို့ အထက (၁) နဝမတန်း(အောင်)မှ မနှင်းဝေလင်းအား မနုနုဝေဟု ပြောင်းလဲခေါ်ပါရန်။

**မနုနုဝေ**

### ပျောက်ဆုံးကြောင်း

ဦးစောနိုင်လင်း(၁၂/မဂဒ(နိုင်)၁၁၈၄၄၆) CDC 57992 ၏ DMA မှထုတ်ပေးထားသော Tanker Familization လက်မှတ် TF-09318/04 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၅၀၀၆၀၆၅၁

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/7661 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3068 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ယ) ရပ်ကွက်၊ နွယ်နီ (၆) လမ်း၊ အမှတ် (၃၆၁) တွင် ဆောက်လုပ်ထားသော ကန်ထရိုက် (၅) ထပ်၊ ၄-လွှာဟုခေါ်တွင်သော အလျား (၁၈) ပေ × အနံ (၅၄) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေမီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ရှင်ဖြစ်သူ ဦးတင်အုန်း [၁၂/ဥကမ (နိုင်) ၁၀၆၁၄၁] ကိုင်ဆောင်သူထံမှ ကျွန်တော် ဦးကျော်မြင့်လင်း [၅/တဆန (နိုင်) ၁၀၃၁၈၀] က ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်မြင့်လင်း (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၄၈၄၉၂)
အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မနေ (ဦးချစ်ထွေး)-ဒေါ်မြအေး ၉/မသန(နိုင်)၀၃၁၃၃၃ တို့၏သား မောင်မင်းလွင်ထွန်း ၉/ပဘန(နိုင်)၁၃၆၉၄၁ သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲ၊ စိတ်ဒုက္ခရောက်အောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်မြအေး**

### Automatic Compressor Controller
(ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)

Auto
ELECTRICAL & ELECTRONIC PRODUCTS



ဤစက်ကို တပ်ဆင်ထားခြင်းအားဖြင့်
၁။ မီးပျက်သည့်အခါ မီးပြန်လာသည့်အချိန်တွင် လူမှစောင့်ဆိုင်း၍ရေတင်ရန် မလိုအပ်ခြင်း။
၂။ ရေလျော့လျှင် ကွန်ပရက်ဆာအား အလိုအလျောက်မောင်းနှင်ပေးပြီး ရေပြည့်သည့်အခါ အလိုအလျောက် ရပ်တန့်စေခြင်း။
၃။ လျှပ်စစ်မီးအား ၁၆၀ V နှင့် ၂၄၀ V အကြားရှိမှသာ ကွန်ပရက်ဆာအား မောင်းနှင်ခြင်း။
၄။ လေဘားအား အလိုအလျောက်အဖွင့်/အပိတ်ပြုလုပ်ပေးသော စနစ်ပါရှိခြင်း။
၅။ အချက်ပြမီးအမျိုးမျိုးနှင့် အခြေအနေပြ အသံစနစ်အမျိုးမျိုးတို့ပါရှိခြင်း။

အမှတ်(၁) စက်မှုဝန်ကြီးဌာနလျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုမိန့်ရရှိပြီး

ဂေဒအတွက်ဆို Auto ရှိတယ်၊

အာမခံ (တစ်နှစ်)

ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single / Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/ Three Phase)

အမှတ်(၂၇၄)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၅၁၇၈၃၄၆၊ ၀၁ ၂၅၀၉၃၃
ရဲထွန်းကို(နေပြည်တော်)
၀၉၄ ၂၀၇၄၅၉၅၇၊ ၀၉၄ ၂၀၇၁၅၀၇၅
web : autoproductmm.com ; autoelectronicproducts.com

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၅၉၈^ခ/ငန်းတေး-ခ)၊ ဦးပိုင်အမှတ်(၇၅)၊ မြေချိန်ဧရိယာ ၀ဒသမ၀၅၅၈ကေရှိမြေကို နှစ်ရှည်မြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် ဦးကျော်စိုးမှ လျှောက်ထားရာတွင် မော်လမြိုင်ခရိုင်အမှုတွဲအမှတ်(V)၃၈/၂၀၀၅-၂၀၀၆ဖြင့် ဗိုလ်မှူးကြီးအောင်စောဝင်းအမည်ဖြင့် ထုတ်ပေးထားသော (၁၀)နှစ်မြေငှားစာချုပ်သည် (၂၈-၁၂-၂၀၁၅)ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါသည်။ ဗိုလ်မှူးကြီး အောင်စောဝင်းထံမှ ဦးကျော်စိုး၊ ဦးကျော်စိုးမှ ဒေါ်နှင်းရွှေသက်၊ ဒေါ်နှင်းရွှေသက်မှ ဦးဟန်စိန်၊ ဦးဟန်စိန်မှ ဦးကျော်စိုးတို့သည် အောက်ခြေစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ကြပြီး ဦးကျော်စိုးမှ ဦးဟန်စိန်အား တရားဝင်စာချုပ်ချုပ်ဆိုပေးရန် တောင်းဆိုရာ ဦးဟန်စိန်မှ လက်မခံသဖြင့် မော်လမြိုင်မြို့နယ်တရားရုံး၌ တရားမကြီးမှုအမှတ် ၂၄/၂၀၁၆ဖြင့် မြွက်ဟကြေညာခဲ့ရာ ဦးကျော်စိုးမှ လက်ရောက်ဖြစ်ကြောင်း အနိုင်ဒီကရီ ချမှတ်ပေးခဲ့သဖြင့် ဦးကျော်စိုးမှ နှစ်ရှည်မြေငှားဂရန် အမည်ပြောင်းထုတ်ပေးရန် လျှောက်ထားလာမှုအပေါ် ဂရန်စာချုပ်မူရင်းတင်ပြနိုင်မှုမရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
## ရုံးအမှတ်(၃၁)၊ နေပြည်တော်

# လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာ ၄၀ အတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (အမျိုးသား)ဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ၃၀-၄-၂၀၁၈ ရက်တွင်-
  (၁) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)ထက် မကျော်လွန်ရ။
  (၂) အစိုးရဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထိ လျှောက်ထားနိုင်သည်။
(ဂ) ကျန်းမာရေးကောင်းမွန်ရမည်။
(ဃ) ဤဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
(င) ပြည်တွင်းတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့မဟုတ်) သာသနာ့ဓမ္မာစရိယ(သို့မဟုတ်)သကျသီဟဓမ္မာစရိယ(သို့မဟုတ်)စေတိယင်္ဂဏဓမ္မာစရိယ (သို့မဟုတ်) သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism) အောင်မြင်သူများ လျှောက်ထားနိုင်သည်။
(စ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြပါရှိရမည်-
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့် အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း
(င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(စ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ (ပူးတွဲ)ပါရှိရမည်-
(က) နှစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)
(ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာနခွင့်ပြုမိန့်မူရင်း
(စ) စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း (တစ်လအတွင်း ထောက်ခံချက်)

၄။ စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀/-(တစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်း အမှတ် MD-၀၁၀၆၄၆သို့ ပေးသွင်းရမည်။
၅။ လျှောက်လွှာများကို ၃၀-၅-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်သို့ လျှောက်ထားရမည်။
၆။ အရည်အချင်းမကိုက်ညီသူများ၊ စာရွက်စာတမ်းမပြည့်စုံသူများ၊ နောက်ကျလျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၇။ လူတွေ့စစ်ဆေးအောင်မြင်သူများကိုသာ ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပါသည်။
၈။ ၁၈-၆-၂၀၁၈ရက် လူတွေ့စစ်ဆေးရာသို့ ၁၀ တန်းအောင်လက်မှတ်မူရင်း၊ ဓမ္မာစရိယ အောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့ ယူဆောင်လာရမည်။
၉။ လူတွေ့အောင်မြင်သူများသည် (အင်္ဂလိပ်စာ၊ မြန်မာစာ၊ အထွေထွေဗဟုသုတ) ဘာသာရပ်များကို ထပ်မံဖြေဆိုရမည်။
၁၀။ လူတွေ့အောင်မြင်သူများစာရင်းနှင့် ရေးဖြေ ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ရုံးအမှတ်(၃၁) ကြော်ငြာသင်ပုန်းတွင် ကြေညာထားမည်။
၁၁။ အသေးစိတ်သိရှိလိုပါက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၆၀၄၅၊ ၀၆၇-၃၄၀၆၀၁၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## လုပ်ငန်းပိတ်သိမ်းကြောင်းကြေညာခြင်း

အနာဂတ်ရောင်ခြည် အသေးစားငွေကြေး လုပ်ငန်းကုမ္ပဏီလီမိတက်သည် (၁၇.၁၂.၂၀၁၄) ရက်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားပြီး အပ်ငွေလက်ခံသည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ယခုအခါ လုပ်ကိုင်ခွင့်ရရှိထားသော တိုင်းနှင့်ပြည်နယ် (၃) ခုအနက် ကယားပြည်နယ်ရှိ ဘောလခဲမြို့နယ်မှ လုပ်ငန်းများကို (၃၁.၃.၂၀၁၈) နေ့မှစ၍ ပိတ်သိမ်းပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လုပ်ငန်းနှင့်ပတ်သက်သည့်ကိစ္စများ ရှင်းလင်းရန်ရှိပါက အနာဂတ်ရောင်ခြည်ကုမ္ပဏီ (ရုံးချုပ်) သို့ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အနာဂတ်ရောင်ခြည်**
**အသေးစားငွေကြေးလုပ်ငန်းကုမ္ပဏီလီမိတက်**
အမှတ်(၂၉၈)၊ ဝါးတန်းလမ်းနှင့်အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ အေ)၊ ချမ်းသာရွှေပြည်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(3.B)အားပါမစ်အမည်ပေါက် ဦးကျင်တီ ၁၂/လမတ(နိုင်)၀၁၇၈၃၃ ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဦးတင်ထူး ၁၂/ဒဂန(နိုင်)၀၂၅၅၁၀ မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

### ရေကြောင်းရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၇-၅-၂၀၁၈ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၆-၆-၂၀၁၈ ရက်
၄။ **ကုမ္ပဏီ၏အချက်အလက်တင်ပြရန် နောက်ဆုံးရက်** - ၈-၆-၂၀၁၈ ရက်
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၆-၂၀၁၈ရက် (၁၀း၀၀)နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၁၅၇၄၊ ၀၉-၄၅၁၂၀၇၇၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရေးအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အလုံ၊ အင်းစိန်၊ ဒဂုံ)တို့တွင် ရေနံဓာတ်ငွေ့ရည်ဝယ်ယူခွင့် ရရှိထားသူများသို့ ရေနံဓာတ်ငွေ့ရည်အိုးများပြန်လည်အပ်နှံရန်
## အသိပေးကြေညာခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အလုံ၊ အင်းစိန်၊ ဒဂုံ)တို့ကို ရတနာစုကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းခဲ့ပါသည်။ ၁-၁၁-၂၀၁၇ရက်မှစ၍ စာအုပ်စနစ်ဖြင့် ဝယ်ယူခွင့်ရရှိပြီးသူများကို ကုမ္ပဏီမှ ဆက်လက်ရောင်းချပေးလျက်ရှိရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ထုတ်ပေးထားသော ရေနံဓာတ်ငွေ့ရည်အိုးများကို ဆက်လက်အသုံးပြုခွင့်ပေးခဲ့ပါသည်။ ယင်းထုတ်ပေးထားသော ရေနံဓာတ်ငွေ့ရည်အိုးများကို သက်တမ်းကြာမြင့်နေပြီဖြစ်သဖြင့် မိမိထုတ်ယူနေသောဆိုင်များတွင် ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။ ထိုသို့ပြန်လည်အပ်နှံရာတွင် ရေနံဓာတ်ငွေ့ရည်ဝယ်ယူခွင့်ရရှိခဲ့စဉ်က မိမိတို့ပေးသွင်းခဲ့သော အိုးစပေါ်အတွက် ငွေသွင်းပြေစာကို တင်ပြနိုင်ပါက စပေါ်ငွေကို ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို ၁-၅-၂၀၁၈ရက်မှစတင်၍ ၃၁-၇-၂၀၁၈ရက်အထိ ပြန်လည်အပ်နှံရန်နှင့် ယင်းကာလထက်ကျော်လွန်၍ လာရောက်အပ်နှံခြင်းကို လက်ခံမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန
ဖုန်း-၀၁-၃၉၇၈၁၅ (ရန်ကုန်ရုံး)၊ ၀၆၇-၃၄၁၁၁၉၄ (နေပြည်တော်)

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

### တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
### လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ အခြေခံပညာကျောင်းများ၏ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လခွင့်ပြု ရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်အရ ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) တိုင်းဒေသကြီးပညာရေးမှူးရုံး၏ တည်ဆောက်ရေးလုပ်ငန်း (၁၃၄)ခု
(ခ) ထားဝယ်တက္ကသိုလ်တွင် (၄)ခန်းတွဲ (၄)ထပ် ဆရာ/ဆရာမ နေအိမ် (၁၀၀×၃၀)ပေ (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း
(ဂ) မြိတ်တက္ကသိုလ်၏ တည်ဆောက်ရေးလုပ်ငန်း (၃)ခု
(ဃ) ထားဝယ်ကွန်ပျူတာတက္ကသိုလ်၏ တည်ဆောက်ရေးလုပ်ငန်း (၃)ခု
(င) ထားဝယ်ပညာရေးကောလိပ်၏ တည်ဆောက်ရေးလုပ်ငန်း (၁)ခု
(စ) အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)၏ တည်ဆောက်ရေးလုပ်ငန်း (၂)ခု

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာအား ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဌာနခွဲ(၄)၊ ဌာနစု(၈)၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၃-၅-၂၀၁၈ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၁၈-၅-၂၀၁၈ ရက် (သောကြာနေ့)၊ ညနေ ၁၆း၀၀ နာရီ
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း ၀၅၉-၂၀၂၃၅၆၄၊ ၂၀၂၃၆၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ထားဝယ်မြို့**

### တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အခြေခံပညာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့်သင် ကျောင်းသား/သူများအတွက် (၂၀၁၈-၂၀၁၉) ပညာသင်နှစ်တွင် ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေနိုင်ရန်အတွက် ကျောင်းသုံးဗလာစာအုပ် ရိုက်နှိပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **ဝယ်ယူမည့်ဒါဇင်အရေအတွက်** - (၈၄၅၃၈)ဒါဇင်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၅-၂၀၁၈ ရက် (ကြာသပတေးနေ့)၊ နံနက် ၉း၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်** - ၁၆-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)၊ ညနေ ၄း၃၀ နာရီ
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ထားဝယ်မြို့
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၉၆၁၊ ၀၅၉-၂၃၉၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ဝန်ထမ်းအလိုရှိသည်

၁။ Engineer(BE-Civil) ကျား/မ(၃)ဦး
၂။ Engineer(BE-EP) ကျား/မ(၁)ဦး
၃။ Engineer(BE-EC) ကျား/မ(၅)ဦး
၄။ Account/Staff ကျား/မ(၅)ဦး
စာရင်းဇယား/ကွန်ပျူတာကျွမ်းကျင်
၅။ Driver
အိမ်ကား/ရုံးကား ကျွမ်းကျင်စွာမောင်းနိုင်သူ ကျား(၄)ဦး
၆။ လုံခြုံရေး ကျား(၅)ဦး

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**တိုက်(၃၁)၊ အခန်း(၀၀၂)၊ မြေညီထပ်၊ ခရေ(၄)လမ်း၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၉၉၃၇၁၄၅၀၊ ၀၉-၇၇၆၁၀၀၁၀၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၃၇

ဦးမြအောင် **နှင့်** ဒေါ်မြသီတာဦး ပါ-၂
(၎င်းအထွေထွေ ကိုယ်စားလှယ်စာရသူ-ဦးစိုးဝင်း)
**တရားလို** **တရားပြိုင်များ**

မခိုင်ဇာဝင်း၊ ရဲတပ်ရင်း(၄)နေ ဦးထွန်းထွန်း၏ဇနီး ရွှေစာရံ၊ ပုသိမ်ကြီးမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၁၈ရက် (၁၃၈၀ ပြည့်နှစ် နယုန်ဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လှကြည်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)အရ
### အမရပူရမြို့နယ်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

| | | |
|---|---|---|
| ဦးနေစိုးမောင်(ဘ)ဦးသိန်းကြည် | **နှင့်** | ဒေါ်မိုးစန္ဒာဝင်း |
| ၉/အမရ(နိုင်)၁၀၇၈၄၆ | | (ဘ) ဦးခင်မောင်သိန်း |
| အိမ်အမှတ်(၂၆)၊တိုးချဲ့(၃)ရပ်ကွက်၊ | | ၁၂/လမရ(နိုင်)၁၅၂၅၄၃ |
| အမရပူရမြို့နယ်၊ မန္တလေးမြို့။ | | အမှတ်(၆၁)၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဒေါ်မိုးစန္ဒာဝင်း အမှတ်(၆၁)၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနေစိုးမောင်က ကတိစာချုပ်ပါ ပေးဆပ်ရန် ငွေကျပ် ၅၈ သိန်းနှင့် နစ်နာကြေး ကျပ်(၁၀)သိန်း၊ စုစုပေါင်း ကျပ်(၆၈)သိန်းရလိုမှု လျှောက်ထားစွဲသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၁၅ရက် (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ နံနက် ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်ကိုယ်တိုင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဧပြီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ဝေဖြိုးနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**အမရပူရမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက(၁)မှ နဝမတန်းအောင် မောင်ဟိန်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းဦး ၈/မကန(နိုင်)၁၅၀၁၅၆ ဖြစ်ပါကြောင်း။ **ဦးစိုင်းထွန်းဦး**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ နဝမတန်း($F_7$) မှ ဖြေဆိုအောင်မြင်ပြီးသော မမီမီကျော်၏ အမည်မှန်မှာ မမိမိကျော်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၄-၁၂-၁၉၉၈) ဖြစ်ပြီး၊ ၎င်း၏ဖခင်အမည်မှန်မှာ ဦးကြူခွေရှန် ၁/မကန(ဧည့်)၀၀၀၄၇၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားသို့ ပညာဘဏ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်း(A1)မှ ဖြေဆိုအောင်မြင်ပြီးသော မောင်ပြည့်စုံဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၅/ကဘလ(နိုင်)၁၁၆၆၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လင်းစားကျက်ကျေးရွာ အလက(ခွဲ) နဝမတန်းမှ မခင်ဆွေဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၈/မမန(နိုင်)၁၂၁၉၁၆ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းဦး**

## အမည်ပြောင်း

ဦးညိုဝင်း၏သမီး မုံရွာမြို့ မိုးဦးပန်းကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မယုသီရိမြတ်မွန်အား မဆုသဒ္ဒါမိုလ်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ မကေခိုင်ဇင်၊ မောင်ဝင်းသန့်၊ မောင်ဝင်းမင်းအေးတို့၏ဖခင်အမည်မှန်မှာ ဦးမြကို(ခ)ဦးမြတ်ကို ၅/ကလဝ(နိုင်)၀၂၆၂၄၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြကို(ခ)ဦးမြတ်ကို**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၇၀၀၈၂ China Luojia 110 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးဖေယျာစိုး ၇/တငန(နိုင်)၁၁၀၃၁၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6561 Suzuki Swift ZC71S Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည်လင်း ၅/မကန(နိုင်)၀၃၄၀၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ထွန်းလင်း ၁/မညန(နိုင်)၁၃၁၄၂၂ သည် မိဘဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးယီခမ်း**
**၁/မညန(နိုင်)၀၀၆၄၁၉**

## သက်ဆိုင်သူများသိရှိနိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ မောရဝတီလမ်း၊ အမှတ်(၁၂၇/အက်ဖ်)နေ ဦးစံမင်း ၁၂/ကမရ(နိုင်)၀၁၄၉၈၀၊ ဒေါ်အေးခိုင်ဇံ ၁၂/စတန(နိုင်)၀၄၁၅၁၄၊ ဒေါ်မကျော့သာ ၁၁/စတန(နိုင်)၀၄၈၄၄၉ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဉာဏ်မင်းအောင် ၁၁/စတန(နိုင်)၀၅၃၃၉၁ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ တရားသီးစုအကွက်၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ ၀ ဒသမ ၁၈၂၉ဧကရှိ ယခုအခေါ် စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ ဦးအောင်ဇံဝေလမ်းနှင့် လမ်းမကြီးလမ်းထောင့် မပွင့်တိုက်ဟုခေါ်တွင်သော ဘိုးဘွားပိုင်မြေနှင့် မြေပေါ်ရှိနေအိမ် အဆောက်အအုံတို့မှာ စစ်တွေမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှတ်တမ်းအရ ဦးသာဇံလှနှင့် ဒေါ်မပွင့်တို့ မောင်နှမ(၂)ဦး အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ ဦးသာဇံလှနှင့် ဒေါ်မပွင့်တို့ကွယ်လွန်ပြီးနောက် အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော အိမ်ခြံမြေကို ဦးသာဇံလှ၏ သားသမီးများဖြစ်သော ၁။ဒေါ်ဦးခင်လှ၊ ၂။ဒေါ်နုလှ၊ ၃။ဦးကျော်လှ၊ ၄။ဒေါ်မြလှ၊ ၅။ဒေါ်ခင်ထွေးလှတို့ မောင်နှမ(၅)ဦးနှင့်ဒေါ်မပွင့်၏သားသမီးများဖြစ်သော ၁။ ဦးစံမင်း၊ ၂။ဒေါ်အေးခိုင်ဇံ၊ ၃။ဦးရွှေမင်း(ကွယ်လွန်)၏ ဇနီးဒေါ်မကျော့သာတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါသည်။

၃။ ယခုအခါ အထက်အပိုဒ်(၁)ပါ အိမ်ခြံမြေတွင် ဦးသာဇံလှ၏သမီးများဖြစ်သော ဒေါ်မြလှနှင့် ဒေါ်ခင်ထွေးလှတို့ လက်ဝယ်ထားနေထိုင်လျက်ရှိပါသည်။

၄။ သို့ပါ၍ အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော အိမ်ခြံမြေအကျိုးခံစားခွင့်များအား ဒေါ်မပွင့်၏ သားသမီးဆက်ခံသူများဖြစ်သော ၁။ဦးစံမင်း၊ ၂။ဒေါ်အေးခိုင်ဇံ၊ ၃။ဦးရွှေမင်း(ကွယ်လွန်)၏ဇနီး ဒေါ်မကျော့သာတို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ မြေကွက်အမည်ပေါက်ပြောင်းလဲခြင်း၊ မြေကွက်ခွဲစိတ်ခြင်း၊ တစ်နည်းနည်းဖြင့် အကျိုးစီးပွားယုတ်လျော့ထိခိုက် ပျက်စီးနစ်နာစေသည့်စီမံမှုများ လုံးဝမပြုလုပ်ရန်သတိပေးတားမြစ်ပါသည်။

၅။ အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော အိမ်ခြံမြေအား အမွေဆိုင်များအေးချမ်းစွာ အမွေခွဲဝေရယူခံစားနိုင်ရန်အတွက် ကွယ်လွန်သူ ဦးသာဇံလှ၏သားသမီးများ၊ ၎င်းတို့အား ဆက်ခံကြသူများအနေဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကွယ်လွန်သူ ဒေါ်မပွင့်၏ ဆက်ခံသူသားသမီးများဖြစ်သော ဦးစံမင်း၊ ဒေါ်အေးခိုင်ဇံ၊ ဒေါ်မကျော့သာတို့ထံသို့ဖြစ်စေ၊ ၎င်းတို့၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဉာဏ်မင်းအောင် ဖုန်း-၀၉-၇၇၃၃၆၉၈၁၁ ထံသို့ဖြစ်စေ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ကျော်လွန်သည်အထိ တစ်စုံတစ်ရာဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်ရန် ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ကွယ်လွန်သူ ဦးသာဇံလှ၏ သားသမီးများ ၎င်းတို့အား ဆက်ခံကြသူများနှင့် အများသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဉာဏ်မင်းအောင်**
**(၁။ဦးစံမင်း၊**
**၂။ဒေါ်အေးခိုင်ဇံ**
**၃။ဒေါ်မကျော့သာတို့၏**
**အထွေထွေကိုယ်စားလှယ်**
**လွှဲစာရရှိသူ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**၁။ဦးသက်စိုးအောင် (စဥ်-၆၆၆၂)**
**၂။ဦးမြသိန်း (စဥ်-၉၈၅၃)**
**၃။ဦးနိုင်လင်းထွန်း (စဥ်-၁၁၃၈၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၂၅၊မြေညီထပ်၊(၃၅)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၅၉၆၁၇၊၀၉-၂၅၀၁၈၇၁၉၆**

## ၁၄-၄-၂၀၁၈ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၆ပါ KMA Shipping Company Limited အပေါ် ဒေါ်နှင်းအေးစမ်းဆိုသူ၏ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးချစ်ကိုကို၊ ဦးသန်းဌေး၊ ဦးအောင်မြင့်ထွန်းတို့၏အသိပေးအကြောင်းကြား တောင်းဆိုခြင်းကြော်ငြာစာနှင့် စပ်လျဉ်း၍

## ပြန်လည်ရှင်းလင်း ကြေညာခြင်း

ဤကိစ္စနှင့် ဆက်စပ်ဖြစ်ပွားလာနိုင်သည့် မှုခင်းများနှင့် အခြားမှုခင်းများ၏အမှုသွား(Merit of the case)ကို မထိခိုက်စေဘဲ အထက်ပါအသိပေးအကြောင်းကြားတောင်းဆိုခြင်းကြော်ငြာစာနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၄၊ မြေကွက်အမှတ် ၁၊ မြေချိန်ဧရိယာ ၁၄ဒသမ၁၇၂ဧကရှိ၊ နှစ် ၆၀ မြေငှားဂရန်မြေအမျိုးအစား မြေကွက်အပါအဝင်ဆက်စပ်လျက်ရှိသော စုစုပေါင်းမြေချိန်ဧရိယာ ၅၀ဒသမ၀၀ရှိသော မြေကွက်များပေါ်တွင် KMA Shipping Company Limited(ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီလီမိတက်)သည် ကုန်သေတ္တာလွင်ပြင်တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက နှစ်၆၀ မြေငှားဂရန်စာချုပ်ကို ၁၃-၅-၂၀၁၃ရက်က ထုတ်ပေးခဲ့ပါသည်။ သို့ရာတွင် ယင်းမြေကွက်ပေါ်တွင် ဦးတင်ဦးဆိုသူက ဆိုင်ရေးပိုင်ခွင့်မရှိဘဲ၊ နေထိုင်အသုံးပြုလျက်ရှိနေ၍ ၎င်းအပေါ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၃၉၃၌ လက်ရောက်ရရှိရန် ကုမ္ပဏီကတရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပြီးနောက် ယင်းအနိုင်ဒီကရီကိုအတည်ပြုသည့် ဇာရီမှုတွင် တရားရုံး၏အပ်ဝါရမ်းအမိန့် ဖြင့် ၂၆-၁၂-၂၀၁၆ရက်တွင် ယင်းမြေကွက်အား ကုမ္ပဏီက လက်ထိလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

ယင်းမြေကွက်ကို KMA Shipping Company Limited (ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီလီမိတက်)က ပိုင်ဆိုင်အကျိုးခံစားနေသည့်အပြင် တရားရုံးအပ်ဝါရမ်းအရလည်း လက်ထိလက်ရောက်ရရှိပြီးဖြစ်သဖြင့် ယင်းမြေကွက်အား ခြံစည်းရိုးခတ်ခြင်းပေါ် မည်သူကမျှတားမြစ်ကန့်ကွက်ပိုင်ခွင့်မရှိပါကြောင်းနှင့် ကာရံထားပြီးသည်များကိုလည်း ဖျက်သိမ်းရန်မရှိကြောင်း အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ဒေါ်နှင်းအေးစမ်းဆိုသူ၏ သတင်းစာကြေညာချက်၌ ဖော်ပြထားသော ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၇၄)ရပ်ကွက်၊ ကွင်းအမှတ် ၄၄၂၊ ဦးပိုင်အမှတ် ၃၄၊ တာပသွန်ကွေ့မကျေးရွာရှိ ၃ဒသမ၉၂ဧကသည် KMA Shipping Company Limited (ကောင်းမြန်မာအောင်သင်္ဘော ကုမ္ပဏီလီမိတက်)က နှစ် ၆၀မြေငှားဂရန်စာချုပ်အရ ပိုင်ဆိုင်လျက်ရှိသော မြေကွက်များနှင့် သက်ဆိုင်ခြင်းမရှိပါ။ KMA Shipping Company Limited (ကောင်းမြန်မာ အောင်သင်္ဘောကုမ္ပဏီလီမိတက်)က ခြံကာရံနေသော မြေကွက်တွင် အဆိုပါမြေကွက်အမှတ် မပါရှိပါ။

ဒေါ်နှင်းအေးစမ်း၏ သတင်းစာကြေညာချက်ပါ မြေကွက်သည် KMA Shipping Company Limited(ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီလီမိတက်)က တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော မြေကွက်အတွင်းကျရောက်သည်ဆိုလျှင်လည်း ကုမ္ပဏီပိုင်မြေကွက်အတွင်း ပိုင်ရေးပိုင်ခွင့်မရှိဘဲ ကျူးကျော်နေခြင်းသာဖြစ်ပါသည်။ ယင်းအသိပေးအကြောင်းကြား တောင်းဆိုခြင်းကြော်ငြာပါ ဦးအောင် (ISN -396226) ဆိုသူသည် လည်းကောင်း၊ ဦးအောင်အားဆက်ခံသည်ဆိုသူများသည် လည်းကောင်း၊ ယင်းမြေကွက်ကို တရားဝင်ပိုင်ဆိုင်ခြင်း မရှိသကဲ့သို့ တရားဝင်လက်ရောက်ရရှိခွင့်လည်းမရှိသဖြင့်ဒေါ်နှင်းအေးစမ်းသည် မပိုင်ဆိုင်သူများထံမှ ဝယ်ယူခဲ့သည်ဆိုရုံမျှဖြင့် မည်သည့်အခါမျှ ပိုင်ဆိုင်ခွင့်မရှိသကဲ့သို့ တရားဝင်လက်ရောက် ရထိုက်ခွင့်လည်းမရှိပါ။

သို့ဖြစ်ပါ၍ ဆိုခဲ့သည့် ဒေါ်နှင်းအေးစမ်း၏ အသိပေးအကြောင်းကြားတောင်းဆိုခြင်း ကြော်ငြာစာအပေါ် KMA Shipping Company Limited က လိုက်နာဆောင်ရွက်ရန်အကြောင်း မရှိသည့်အပြင် ကုမ္ပဏီအပေါ်တရားစွဲဆိုဆောင်ရွက်လာခဲ့လျှင်လည်း ရင်ဆိုင်ထုချေရှင်းလင်းဆောင်ရွက်သွားမည်သာဖြစ်ပါကြောင်း ဒေါ်နှင်းအေးစမ်းနှင့်အများသိစေရန် ပြန်လည်ရှင်းလင်း ကြော်ငြာအပ်ပါသည်။

**ကောင်းမြန်မာအောင်သင်္ဘောကုမ္ပဏီလီမိတက် (KMA Shipping Company Limited)၏**
**ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်နှင့်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၃၄၇၃)**

**ဦးသော်တာထွန်း**
**အထက်တန်းရှေ့နေ**
**(စဥ်-၂၅၀၀၂)**

**ဦးကောင်းသက်ကြိုင်**
**အထက်တန်းရှေ့နေ**
**(စဥ်-၄၈၁၅၈)**

**ရုံးအမှတ် ၁၄၂/၁၄၄၊ သုံးလွှာ(ယာ)၊ လမ်း၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇)၊ ကလေးဝမြို့မှ ၂၀၁၈ (ကာလတို)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **လျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** - ၇-၅-၂၀၁၈ရက် ၉း၃၀နာရီ
**လျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၈-၅-၂၀၁၈ရက် ၁၆း၀၀နာရီ
**စိစစ်ရွေးချယ်မည့်ရက်/အချိန်** - ၃၁-၅-၂၀၁၈ရက် နံနက် ၁၀ နာရီ
**စိစစ်ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာနညွှန့်ရိုပ်သာ၊ ကလေးဝမြို့

၃။ လျှောက်လွှာပုံစံနှင့် အချက်အလက်များကို လမ်းအထူးအဖွဲ့(၇)ရုံး၊ ကလေးဝမြို့ (ဖုန်း- ၀၇၃-၄၄၀၀၅)တွင် ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

## ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်(၅)ရက် ၂၀၁၈ ခုနှစ်၊ မေလ(၄)ရက်

၁။ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ခုဧပြီလမှ စက်တင်ဘာလအထိ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်း(၁၄)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာ ရောင်းချမည့်ရက်** - ၄-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀ နာရီ
**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၁၈-၅-၂၀၁၈ရက် (သောကြာနေ့)ညနေ ၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၈-၅-၂၀၁၈ရက် (သောကြာနေ့)ညနေ ၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊နေရာ** - ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့ နံနက် ၉ နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ညောင်လေးပင်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၄-၅-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၅၂-၂၇၅၀၀၆၄၊ ၀၉-၄၅၈၀၀၁၄၂၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/4552 Toyota Ipsum S/W ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစောထားလုံ ၃/ဘအန(နိုင်)၀၁၃၆၄၇၈ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး/ပျက်စီး၍ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/2712 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5150 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3634 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်များတွင် နေထိုင်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား မြေငှားဂရန်/လိုင်စင်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဥ် | အမည်/အမှတ်ပုံတင်အမှတ် | ရပ်ကွက် နယ်မြေ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | ပိုင်ဆိုင်မှု |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ဖြိုးသူ ၁၃/လရန(နိုင်)၁၃၀၅၉၅ | ၁၀/၈ | ၄/ဂ စစ်ဆေးရုံ အနောက် | ၂၈/ဃ | ၀.၀၅၁ | မြေခွန်ပြေစာဖြင့် |
| ၂ | ဦးဇော်ဝင်းညွန့် ၁၃/လရန(နိုင်)၀၉၇၈၀၅ | ၁၀/၈ | ၄/ဂ စစ်ဆေးရုံ အနောက် | ၂၈/က | ၀.၁၅၉ | မြေခွန်ပြေစာဖြင့် |
| ၃ | ဦးလှမျိုးသိန်း ၁၃/လရန(နိုင်)၀၉၇၈၀၃ | ၁၀/၈ | ၄/ဂ စစ်ဆေးရုံ အနောက် | ၂၈/ခ | ၀.၀၅၅ | မြေခွန်ပြေစာဖြင့် |
| ၄ | ဦးထွန်းလှ ၁၃/လရန(နိုင်)၀၃၈၈၂၆ | ၁၂/၃ | ၅/ကောင်းခါးရပ် | ၂/၁ | ၀.၂၆၄ | မြေခွန်ပြေစာဖြင့် |
| ၅ | ဦးဝင်းစိုး ၉/မထလ(နိုင်)၂၀၉၇၁၂ | ၁/၉ | နမ့်ခိုက်တိုးချဲ့ | ၁၃၁၁ | ၀.၀၉၆ | မြေပေးမိန့်ဖြင့် |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ဝင်း

## (အထပြ-ငြိမ်း)(B.Ed 1968-1973) (ကျောက်ပန်းတောင်း/ပခုက္ကူ) အသက်(၆၈)နှစ်

ကျောက်ပန်းတောင်းမြို့၊ အမှတ်(၅)ရပ်နေ (ဦးတင်ကြီး-ဒေါ်ထွားခြံ)တို့၏ သမီး၊ ဦးစိန်ဝင်း၏ညီမ၊ ဒေါက်တာစိုးဝင်းအောင်-ဒေါက်တာ ခင်နှင်းဝေ (စေတနာ အထူးကုဆေးခန်း၊ မန္တလေး)၊ ဦးဆန်းဝင်းအောင်-ဒေါ်လှလှဝင်း (ဇမ္ဗူအေးဆီစက်၊ ရေသန့်နှင့်ပွဲရုံလုပ်ငန်း၊ ကျောက်ပန်းတောင်းမြို့)၊ ဦးလှိုင်ဝဏ္ဏ-ဒေါ်မာမာဝင်း (ရွှေစင်နန်းတော် ကုမ္ပဏီ၊ မန္တလေး)တို့၏အစ်မ၊ တူ၊တူမ ကိုးယောက်တို့၏ ကြီးကြီးသည် ၃၀-၄-၂၀၁၈ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက်တွင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၉၈၅၂၃ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီအောင် ၃/ဘအန(နိုင်)၂၃၁၇၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၄၃၃ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနောင် ၃/လဘန(နိုင်)၀၀၃၃၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၅၉၇၁၀ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောကိုကိုနိုင် ၃/ဘအန(နိုင်)၁၃၉၈၈၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၁၂၃၄ Honda CBR 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောအဲဆိုဖောင် ၃/ဘအန(နိုင်)၂၉၅၄၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

## အမည်ပြောင်း

ဦးဇုန်းခေါ် - ဒေါ်ခင်သန်းထွေးတို့၏သား၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(၄) အဋ္ဌမတန်းမှ အောင်မြင်သူ မောင်ခေါ်ချမ်းအား မောင်ဟန်မင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟန်မင်းမြတ်**

## အမည်ပြောင်း

ဦးကိုကိုဌေး ၁၂/တမန(နိုင်)၀၆၉၄၁၅ ၏သား အထက(၁)မှော်ဘီ ပဉ္စမတန်းအောင်ပြီးသူ မောင်ဟိန်းထက်အောင်မှ မောင်ဟိန်းဇော်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းဇော်ဦး**

ပင်လယ်ကမ်းခြေမြို့ရှိ
(Karaoke Entertainment, Restaurant, Salon) တွင်
**အမျိုးသမီးဝန်ထမ်းများ အမြန်အလိုရှိသည်။**
**09 952225350**

## မွေးသက္ကရာဇ်အမှန်

မန်ဝိန်းကြီးကျေးရွာနေ ဦးတင်အောင်၏သမီး အထက(မန်ဝိန်းကြီး) နဝမတန်းမှ နန်းခမ်းလောဝ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၈-၂၀၀၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/8155 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊(၁)ရပ်ကွက်၊ယက္ကန်းကွက်သစ်(၁)လမ်း၊ အကွက်အမှတ်(၃၁)၊ ကံသုံးဆင့်အကွက်၊ မြေကွက်အမှတ်(၄၆)၊ ဧရိယာ၀ဒသမ ၀၇၃ဧကရှိ မြေကို ဒေါ်လှဲ့လှဲ့ချို အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၂၁၇ခ)၊ တာကျိုးကွင်း၊ ဦးပိုင်အမှတ်(၃၂က)၊ မြေကွက်အမှတ် (၁၃၆၀)၊ ဧရိယာ ၀ဒသမ ၀၅၀ဧကခန့်ရှိသော မြေကို ဦးသောင်းထွန်း အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ညောင်လေးပင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရုံးဝင်း၊ (၇)ရပ်ကွက်၊ တိုက် ၂၈၊ အခန်း ၃၀နေ ဒေါ်စန်းစန်းလှ ၁၂/သဃက(နိုင်)၀၀၈၈၉၇၏သား မောင်ဇော်ပိုင်ထူး ၁၂/ဗဟန(နိုင်) ၁၀၈၄၂၄သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသောကြောင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါ။ သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းလှ**
**၁၂/သဃက(နိုင်)၀၀၈၈၉၇**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
**အသက်(၉၂)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)နှင့် ဇနီး ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ) ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း) (ညွှန်ကြားရေးမှူး/စီမံ)-ဒေါ်ခင်နန်းဦး**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ငွေးလွင်(ခ) Margret Lwin
**ဟိုတယ်/ခရီး (Strand Hotel) (ငြိမ်း)**
**အသက်(၉၀)**

ကလောမြို့နေ(ဦးဘလွင်-ဒေါ်စိန်ပွင့်)တို့၏သမီး၊ ရန်ကုန်မြို့နေ (စည်သူဦးဘကြာ-ဒေါ်ခင်ခင်)တို့၏သမီးချွေးမ၊ (ဦးစိုးညွှန့်၊ စား/ဖျော်၊ ငြိမ်း)၏ဇနီး၊ (ဒေါ်တင်ဇာလွင်)၊ (ဦးသိန်းထွန်း)၊ ဦးအေးလွင်(စက်မှုဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်သန္တာလွင်(စက်မှုဝန်ကြီးဌာန၊ ငြိမ်း)၊ ဦးမျိုးမင်းသိန်း၊ ဦးအောင်မြတ်စံ-ဒေါ်မူမူလွင်တို့၏မိခင်၊ မယဉ်မင်းသူလွင်(ဓေတ္တ-ကမ္ဘောဒီးယား)၊ မပြုံးမြတ်သူအောင်(Grand Hantha Hospital)၊ မောင်လှိုင်မင်းထွန်း-မယဉ်မင်းဖြူလွင်(ခေတ္တ-စင်ကာပူ)၊ ဗိုလ်ကြီးသုတအောင်(အောင်ပန်းမြို့)၊ မောင်အောင်မိုးပြည့်လျှံ(Kinden Corp)တို့၏အဘွားသည် ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အမှတ် ၁၃၅၊ အခန်း ၂၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးကြည်အေး
**အသက်(၇၃)နှစ်**

ဦးမျိုးမြင့်အောင် (ယာဉ်မောင်း-၅၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်)-ဒေါ်မူယာ၏ ဖခင်ဖြစ်သူ ဦးကြည်အေး အသက်(၇၃)နှစ်သည် ၂၈-၄-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်**
**ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို (မောင်ဂျင်းရဲ-ပန်းတောင်း)
**အသက်(၇၂)နှစ်**

မင်္ဂလာဒုံမြို့နယ်၊ ခမ်းကြီးဝရပ်ကွက်၊ချောဘူတာလမ်း၊ အမှတ်(၁/ခ)နေ ဒေါ်အေးအေးရီ၏ခင်ပွန်း ဦးအေးကိုသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပန်းတောင်းမြို့နယ်(ရန်ကုန်)**
**နာယကကြီးများနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီးကျော်ဆန်းထွန်း(ငြိမ်း)
**ကြည်း-၁၄၇၉၅၊ B.Sc. (D.S.A)**
**အသက်(၆၃)နှစ်**

လှည်းကူးမြို့၊ တန်းမကြီးလမ်းနေ ဒေါ်အေးအေးသန်း (အထပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မအိမွန်ကျော်၊ မမြမွန်ကျော်၊ ကိုရဲဝင့်အောင်-မဖြိုးမွန်ကျော်တို့၏မွေးသဖခင်၊ မောင်ရွှေရောင်လင်းလင်းခန့်၏ အဘိုး ဦးကျော်ဆန်းထွန်းသည် ၂၉-၄-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသန်းဝင်း
**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**
**အသက်(၅၅)နှစ်**

မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ ရက် (စနေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြိတ်တက္ကသိုလ်မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသန်းဝင်း
**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**
**အသက်(၅၅)နှစ်**

မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ ရက် (စနေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရူပဗေဒဌာနမိသားစု၊ မြိတ်တက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း

အမှတ်(၅၀)၊ ဝတ်ကျောင်းလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးစီဝင်းဟန် အင်ဂျင်နီယာမှူး(သယ်ပို့စက်ပြင်)၊ သယ်ပို့စက်ပြင်ဌာန၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၁-၅-၂၀၁၈ရက် နံနက် ၀၇း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထွေထွေမန်နေဂျာ**
**ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)နှင့်**
**ဝန်ထမ်းများ**

---

## ဒေါ်ငြိမ်းကျင် (မော်လမြိုင်)
**ဆရာမ(ငြိမ်း)၊ အထက(၆)ဗိုလ်တထောင်**
**ယခင်စိန်ပေါလ်ကျောင်း**
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၉၃လမ်း၊ အမှတ် ၁၂၃၊ ပထမထပ်(ဝဲ)နေ (ဦးဉာဏ်ခို-ဒေါ်နှင်းရင်)တို့၏သမီး၊ (ဦးရွှေသွင်)၏ဇနီး၊ ဦးသန်းဝင်း၊ ဒေါ်ခင်မျိုးရည်(ဒုတိယမန်နေဂျာ၊ CB Bank)၊ ဦးမျိုးဝင်း(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ NAUNG YOE TECHNOLOGIES Co.,Ltd)၊ ဒေါ်တင်ချိုဦး(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စီးပွားကူးသန်း)၊ ဦးညွှန့်ဦး(ကစလ-၃၊ ငြိမ်း၊ ဆင်တဲ)၊ ဒေါ်ကျင်ငွေ(ကစလ-၃၊ ငြိမ်း၊ ဆင်တဲ)၊ (ဦးတင်ရွှေဦး)၊ ဦးလှဦးရွှေ(TARGET Engineering Group Co.,Ltd)၊ ဒေါ်ချိုမာဝင်းတို့၏ချစ်လှစွာသောမိခင်၊(ကိုသက်မျိုးဦး)၊ကိုကျော်မျိုးသွင်-မမီမီထွေး၊ ကိုတင့်ကျော်-မထက်ထက်လင်း၊ ဒေါက်တာဝင်းသန်းဦး(ခန္တီးပြည်သူ့ဆေးရုံ)၊ မအိသီဂီဆွေ၊ ကိုဝင်းမြတ်ထူး-မလင်းလင်းမြင့်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြရွှေ
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ နှယ်သာကီလမ်း၊ အမှတ် ၂၁နေ (ဦးဖိုးကျော့-ဒေါ်သိန်းမြ)တို့၏သမီး၊ (ဦးဖိုးချင်-ဒေါ်အေးမျှင်)တို့၏သမီးချွေးမ၊ (ဦးကျော်အေး)၏ဇနီး၊ (ဦးသိန်းလွင်)၊ (ဦးနန်းအောင်)-ဒေါ်ခင်မာရီ၊ ဦးခင်မြင့်၊ ဦးနေလင်း-ဒေါ်သူဇာလွင်တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁-၅-၂၀၁၈ရက် ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်အေး
**(ဦးတင်အေးနှင့်သားများ အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး)**
**ဒေါပုံမြို့နယ်**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၅၉နေ (ဦးကြွက်-ဒေါ်သန်းခင်)တို့၏သား၊ (ဦးသိန်းအောင်-ဒေါ်ချစ်စိန်)တို့၏သားသမက်၊ ဦးကျော်ထွန်းလင်း-ဒေါ်ခင်မာဆွေ၊ ဦးလှိုင်ဦး-ဒေါ်ခင်မိုးလွင်၊ ဦးဇော်ထွန်းမင်း-ဒေါ်ဆုမြတ်သန်း၊ ဦးအောင်ထွန်းမင်း-ဒေါ်ခင်သီတာဆိုင်တို့၏ဖခင်၊ ဒေါ်သန်းစိန်၏ခင်ပွန်းသည် ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်တင်ထူး(ကျောက်ဖြူမြို့) အသက်(၇၄)နှစ်
**လ/ထမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**

ကျောက်ဖြူမြို့၊ အစိုးရရပ်ကွက်နေ [ဦးဖိုးဆင် (သစ်တောအုပ်)-ဒေါ်ကျေးယဉ်(အထက်တန်းပြ)]တို့၏သမီး၊ ဦးတင်ဖေ(လ·ဝ·က၊ ဦးစီးအရာရှိ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးတင်မောင်ချစ်-ဒေါ်ယုသ(သူနာပြုဦးစီးအရာရှိ၊ ငြိမ်း)၏အစ်မ၊ ဆရာကြီးဦးစောအေး(ငြိမ်း) - ဒေါ်တင်မာဝေ(အလက-၃၊ အင်းစိန်)၊ Rev: ဦးမြသိန်း-ဒေါ်တင်မိုးဝေ(အထက-၃၊ ကျောက်ဖြူ)၊ ဦးတင်မြင့်နိုင်၊ ဒေါ်တင်စိုးစိုးအေး၊ ဦးတင်အောင်နိုင်(ဒု-လဝကမှူး၊ ရေးမြို့)၊ ဒေါ်နှင်းသီတာ(ကြီး/မှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ ဇလွန်)၊ ဦးအေးကျော်ဖြူ(တပ်မတော်-ရေ၊ ဇာဒက်ကြီး)-ဒေါ်သင်းသီတာတို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁-၅-၂၀၁၈ရက် နံနက် ၉း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ်(ဟိုက်ပတ်) အရှိုနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယုမြင့်ဦး(ခ)ဒေါ်ခင်ယုလွင် အသက်(၆၀)
**(ဌာနခွဲမှူး၊ စီမံရေးရာဌာန၊ မကွေးတက္ကသိုလ်)**

မကွေးမြို့၊ ပြည်တော်သာ၊ တိုက်(၁၆)၊ အခန်း(၇)နေ (ဦးစိန်လွင်၊ သ/မဦးစီးဌာနမှူး၊ ငြိမ်း)-ဒေါ်ခင်မြတ်လှတို့၏သမီး၊ ဦးမြတ်လွင်ဦး-ဒေါ်တင်စန်းကြည်၊ ဦးလှစိုး(အား/ကာ၊ ငြိမ်း)-ဒေါ်ခင်မြလွင်(ဦးစီး၊ ဆေးဘက်၊ ငြိမ်း)၊ ဦးနီဝင်း-ဒေါ်ခင်ငွေးလွင်(အထက-၁၊ ငြိမ်း)တို့၏ညီမ၊ ဦးမျိုးဝင်း(ဒု-အင်/ယာချုပ်၊ ဆသရ၊ ရန်ကုန်)-ဒေါ်ခင်စိုးလွင်(လ/ထညွှန်ကြားရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ထွေ/အုပ်)၊ ဦးခင်မောင်လွင်(Livestock Specialist, UNDP-ပုသိမ်ကြီး)-ဒေါ်ဖြူဖြူချို၊ ဦးခင်ဇော် (သူရဦး၊ သံပရိဘောဂ)-ဒေါ်ခင်ဆန်းလွင်(ဘဏ်-၁၊ ငြိမ်း)၊ ဦးမြတ်လွင်ထွေး(ကထိက၊ မန္တလေးတက္ကသိုလ်)-ဒေါ်ယဉ်လဲ့ဝင်း၊ ဦးသိန်းနိုင်(National Rollout Manager-Ooredoo-YGN)-ဒေါ်မိုးမြတ်မြတ်လွင်တို့၏အစ်မ၊ ဦးကျော်စိုးနိုင် (တွဲဖက်ပါမောက္ခ၊ ကျောက်ဆည် G.T.I)-ဒေါ်အိသန္တာဝင်း(ကထိက၊ ရေနံချောင်းဒီဂရီကောလိပ်)၊ ဦးအောင်ဇော်လင်း (လ/ထကထိက၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)-ဒေါ်အေးသန္တာဝင်း(ကထိက၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ ဦးတင့်မောင်လွင်ဦး(Physiotherapist-MTH)-ဒေါ်နွယ်နွယ်ခိုင်၊ ဦးကျော်ခိုင်ဖြိုးဦး(ထွေ/အုပ်၊ မကွေး)-ဒေါ်လတ်လတ်ထွန်း(လ/ထမန်နေဂျာ၊ KBZ Bank၊ နတ်မောက်)၊ ဦးဇာနည်-ဒေါ်သင်းသန္တာဝင်း(Lighton၊ ကွန်ပျူတာစာရင်းကိုင်သင်တန်း)၊ ကိုပြည်စိုးနိုင်၊ မအေးအေးကျော်တို့၏အဒေါ်သည် ၃၀-၄-၂၀၁၈ရက် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် ညနေ ၅နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးစီဝင်းဟန်
**အင်ဂျင်နီယာမှူး(သယ်ပို့စက်ပြင်)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက်(၅၇)နှစ်**

ဦးစီဝင်းဟန်(အင်ဂျင်နီယာမှူး၊ သယ်ပို့စက်ပြင်) သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်းသည် ၁-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(သယ်ပို့စက်ပြင်)နှင့်သယ်ပို့စက်ပြင်ဌာနမိသားစု**

---

## ဦးကျော်မြင့်
**(ညောင်လေးပင်မြို့)**
**ကြယ်ငါးပွင့်ကော်ပိုရေးရှင်း**
**အသက်(၈၄)နှစ်**

ညောင်လေးပင်မြို့၊ ဘုရားကြီးလမ်းနေ(ဦးလှတင်-ဒေါ်ကျင်မွေး)တို့၏သား၊ (ဦးကျော်သန်း - ဒေါ်ကျင်အေး)တို့၏သားသမက်၊ ဒေါ်တင်ကြည်(ခ)ဒေါ်ပုတုး၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်မှုံ၊ ဒေါ်သန်းနွဲ့)၊ ဦးအုံးလွင်(ခ)ဦးမောင်မောင်-ဒေါ်အေးအေးခိုင်၊ ဦးသန်းဝင်း-ဒေါ်မိုမိုလွင်၊ဒေါ်လှလှဝင်းတို့၏အစ်ကို၊ ဦးသန့်ဇင်၊ ဒေါ်မြမြစိမ်း၊ ဦးကျော်စိုးမိုး-ဒေါ်ယဉ်မင်းသိန်းတို့၏ဖခင်၊မောင်သာလင်းထက်၏ ဘိုးဘိုးကြီးသည် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၄) နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညွန့်ရီ (မုဒုံ)
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကဲညွန့်ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း၊ အမှတ် (၁၅၀/က)နေ (ဦးသာဖုန်း-ဒေါ်ငွေမေ)တို့၏သမီး၊ (ဦးတိန်ကွီ-ဒေါ်အေးကြည်)တို့၏ချွေးမ၊ ဦးလှထွန်း၊ (ဦးရွှေသောင်း)တို့၏အစ်မ၊ ဦးမြတ်ဦး-ဒေါ်အေးအေးမူ၊ ဦးကျော်ဆင့်-ဒေါ်ညွန့်ညွန့်ဝေတို့၏မိခင်၊ မမြတ်ပြည့်ဖြိုး၊ မဆုရတနာတင်၊ မဆုရတနာတိုးတို့၏ အဘွား၊ (ဦးမြဟန်)၏ ချစ်လှစွာသောဇနီးသည် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီမဒေါ်ခင်လှမြင့်(ခ) ဂိုရီးဘူ
**မြန်မာ့သစ်လုပ်ငန်း၊ စီမံ/ဘဏ္ဍာ မန်နေဂျာ(ငြိမ်း)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၉၃(ခြောက်လွှာ)နေ(ဦးမာမက်-ဒေါ်မြရွှေ)တို့၏သမီး၊ (ဦးဂဖူး-ဒေါ်နု)တို့၏သမီးချွေးမ၊ (ဟာဂျီ ဦးနိုးတူး)၏ ဇနီး၊ ထူးအောင်လွင်(ခ)မာမက်ဇာဟစ်၊ သန်းတိုးအောင်(ခ)မာမက်ဆာဒစ်-မဇင်ဝေထက်(ခ)ဇီနက်ဘီတို့၏မိခင်၊ မဆုဝေတိုး(ခ)ဆွာဟေးမားဘီတို့၏အဘွားသည် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်လာသ်အပြီး ရေဝေးဗွန်နီကဘာရ်စတန်၌ ဒါဖနပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ခိုင်သန်း(တာချီ)
**ဒုလဝကမှူး**
**(ကိုယ်ပိုင်အမှတ်-၁၃၁၁၁)**
**အသက် (၄၅)နှစ်**

တောင်ကုတ်မြို့၊ အမှတ် ၂၀၅၊ ဆေးရိုးတန်းလမ်း၊ ကံပိုင်ရပ်ကွက် (ဦးသန်းမောင်၊ လဝက)-ဒေါ်မြရီ(မမလေး)တို့၏သား၊ မောင်တောမြို့နေ (ဦးဘသိန်း၊ သ/မဦးစီးမှူး)-ဒေါ်စောယဉ်မြတို့၏သားသမက်၊ ဦးခင်မောင်ထွန်း-ဒေါ်ခင်သီတာသန်းတို့၏ မောင်၊ ဒေါ်ယဉ်မြတ်ဦး(ပပ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကောင်းမြတ်၊ မောင်စစ်ထွန်းတောက်အောင်၏ ချစ်လှစွာသောဖခင်သည် ၁-၅-၂၀၁၈ရက် ည ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် မောင်တောသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးဂွမ်ဟိန်း အသက်(၉၈)နှစ်
**တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ မြန်မာ့မီးရထား(ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၆-C)နေ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးတင်ဝင်း (ဆေး-၁၊ မျက်စိရောဂါပညာဌာန၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး)၏ကျေးဇူးရှင်မွေးသဖခင်ကြီးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိအထူးကုဆေးရုံကြီး**
**ရန်ကုန်မြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးဂွမ်ဟိန်း
**တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ မြန်မာ့မီးရထား(ငြိမ်း)**
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၆-C)နေ ဒေါ်ထွေး၏ခင်ပွန်း၊ ဒေါ်ရီရီ၊ ဒေါ်ခင်ခင်မြင့်၊ ပါမောက္ခဌာနမှူး ဒေါက်တာဦးတင်ဝင်း(ဆေး-၁၊ မျက်စိရောဂါပညာဌာန၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး)၊ ဒေါ်ချိုချိုမြင့်၊ ဦးသိန်းဝင်းတို့၏ဖခင်သည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ASHFORD LABORATORIES LTD.**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးအေးတင် (ရေကြည်)
**အသက်(၉၃)နှစ်**

ရေကြည်မြို့နယ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်လှမြင့်သိန်း(အောင်ဝိဇ္ဇာ ဆန်စက်ပိုင်ရှင်)၏ကျေးဇူးရှင်မွေးသဖခင် ဦးအေးတင် အသက်(၉၃)နှစ်သည် ၂-၅-၂၀၁၈ရက် နံနက် ၁၁း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးရပါကြောင်း။

**ဧရာဝတီတိုင်းဒေသကြီး ဆန်စက်**
**လုပ်ငန်းရှင်များအသင်း-ပုသိမ်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးသန်း (မအူပင်မြို့)
**အသက်(၉၃)နှစ်**

မအူပင်မြို့၊ (၁၃)ရပ်ကွက်၊ ဘုရားလမ်းနေ (ဦးစွိလင်း-ဒေါ်ပုလေး)တို့၏သမီး၊ (ဦးခွန်းနား)၏ဇနီး၊ ဦးအကီး-ဒေါ်ချူ၊ ဒေါ်တင်တင်၊ ဦးဝမ်စိမ်း-ဒေါ်ခင်ခင်(လပြည့်လင်းစတိုး)၊ (ဦးဝမ်ကြည်)-ဒေါ်အေးအေးကြိုင်၊ ဦးအောင်သန်း-ဒေါ်ခင်မူ(ဒေါ်အေးသန်း-ရောင်းဝယ်ရေး)တို့၏မိခင်၊ မစမ်းစမ်းနွယ်၊ ကိုနေလင်း-မအိအိမော်(ကထိက၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်)၊ ကိုအောင်မျိုးမင်း၊ မနှင်းဝေလွင်၊ မယုယုခိုင်၊ မမေဖြူဟန်၊ မဆုဆုကျော်၊ မောင်ရဲဝင့်အောင်၊ မောင်ထက်မြတ်ဦးတို့၏အဘွား၊ မလင်းလက်ဖြိုး၊ မမေသံသာချိုတို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၈ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မြင့်(ကျားတက်) အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျားတက်ကျေးရွာနေ (ဦးထွန်းဖေ-ဒေါ်ပေါ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် ၁၁လမ်း၊ အမှတ် ၄၃၁နေ (ဦးတင်ငွေ၊ တက်နေဝင်း သံရည်ကျိုစက်မှုလက်မှုလုပ်ငန်း)၏ဇနီး၊ ဦးသန့်ဇင်-ဒေါ်ငွေးငွေး၊ ဦးခင်မောင်ဝင်း-ဒေါ်လှလှဝင်း၊ ဦးမင်းမောင်မောင်သိန်း-ဒေါ်နုနုဝင်း၊ ဦးရွှေဝင်း၊ ဦးသန်းထိုက်-ဒေါ်ခင်ညိုညိုဝင်းတို့၏မိခင်၊ မြေးငါးယောက်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးထွန်းထွန်း(ငြိမ်း)
**O.T.S (69)**
**အသက်(၆၄)နှစ်**

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်နေ ဗိုလ်ကြီးထွန်းထွန်း(ငြိမ်း)သည် ၂-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ကျောက်ဆည်မြို့ မင်းမွေးတောင်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဇော်ဝင်းအောင်
**ကျောင်းအုပ်ဆရာကြီး**
**အထက၊ ဝက္ကမူကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ စက်မှုဆီခဲအိမ်ရာ၊ တိုက် ၂၄/ခ၊ အခန်း ၃နေ (ဦးအုန်းကြိုင်-ဒေါ်သန်းနွဲ့)တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့၊ (၄)ရပ်ကွက်နေ (ဦးဘိုးရှိန်-ဒေါ်တင်နု)တို့၏သားသမက်၊ တောင်သာမြို့၊ (၂)ရပ်ကွက်နေ ဦးမြမောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးမြသောင်း-ဒေါ်မြမြတို့၏တူ၊ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ ဦးငွေးမြင့်-ဒေါ်ခင်သန်းမြင့်၊ တောင်သာမြို့နေ ဦးမျိုးမြင့်စန်း-ဒေါ်အောင်ကြည်တို့၏မောင်၊ (ဦးဇော်မြင့်အောင်)-ဒေါ်သန်းသန်းဆင့်၊ ဦးဇော်တင့်အောင်-ဒေါ်ရီရီချိုတို့၏ညီ၊ ဒေါ်စိမ်း(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဒေါ်ငြိမ်းငြိမ်း(မြန်မာ့မီးရထား)၊ မရှင်ဇဝန(ဒက္ခိဏာရုံကျောင်းတိုက်)၊ ဒေါ်ထွေးထွေးကြိုင်(ဆေးဝါးလုပ်ငန်းစက်ရုံ၊ အင်းစိန်)တို့၏အစ်ကို၊ ဦးဇော်မျိုးလွင်-ဒေါ်သန္တာအောင်၊ ဗိုလ်ကြီးသန့်ဇင်အောင်-ဒေါ်နီနီဖြိုး၊ မဖြိုးငယ်ငယ်အောင်တို့၏ဦးလေး၊ မောင်မျိုးမြတ်ထွန်းအောင်၊ မစုနဒီဖြိုးတို့၏အဘိုးလေး၊ ဒေါ်တင်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၁-၅-၂၀၁၈ရက် ညနေ ၅း၃၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ရက်တွင် တောင်သာမြို့ မြောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# ထိန်ပင်အမှိုက်ပုံ မီးလောင်မှုအား ၁၂ ရက်အကြာတွင် အပြီးငြှိမ်းသတ်နိုင်ခဲ့



ထိန်ပင်အမှိုက်ပုံမီးလောင်နေမှု ကျန်ရှိသည့် (D) ဇုန်အား မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပူးပေါင်း၍ မီးငြှိမ်းသတ်နေစဉ်။ (သတင်းစဉ်)

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို ဇုန်အလိုက် သတ်မှတ်၍ ငြှိမ်းသတ်လျက်ရှိရာ ယနေ့တွင် မူလသတ်မှတ်ထားသည့်အတိုင်း နောက်ဆုံးကျန်ရှိသည့် (D) ဇုန်ကို ငြှိမ်းသတ်နိုင်ခဲ့သဖြင့် မီးလောင်မှု စတင်ဖြစ်ပွားပြီး ၁၂ ရက်အကြာ (ယနေ့ညပိုင်း) တွင် အပြီးသတ်ငြှိမ်းသတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

"ဒီနေ့မှာတော့ မူလစီမံချက်အတိုင်း မီးငြှိမ်းသတ်မှု နောက်ဆုံးဇုန်ဖြစ်တဲ့ (D) ဇုန်ကို အပြီးသတ်ငြှိမ်းသတ်နိုင်ခဲ့ပါတယ်၊ စတင်မီးလောင်ကျွမ်းတဲ့နေ့ကတည်းကစပြီး လူအင်အား၊ စက်ပစ္စည်းအင်အားတွေနဲ့ ကြိုးစားငြှိမ်းသတ်ခဲ့တာကြောင့် ၁၂ ရက်အကြာမှာ ဒီနေ့ညပိုင်းမှာတော့ မီးလုံးဝငြိမ်းသွားပါပြီ၊ ၁၂ ရက်တာကာလမှာတော့ ခရီးလည်းရှည်တယ်၊ လူတွေလည်း ပင်ပန်းကြပါတယ်၊ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေ

*စာမျက်နှာ ၉ ကော်လံ ၁* ❏

## လေဖိအားနည်းရပ်ဝန်း မုတ္တမကွေ့အနီးတွင် အားလျော့သွား

**နေပြည်တော် မေ ၂**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ မုတ္တမကွေ့အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီဖြစ်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားသော်လည်း ၎င်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မိုး/ဇလ

## ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု (က) တွင် ကျရောက်

**ရန်ကုန် မေ ၂**

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (က) တွင် ကျရောက်နေသည်။ မြန်မာအသင်းသည် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့နှင့် ကျရောက်နေခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် အသင်း ၁၀ သင်းကို နှစ်အုပ်စုခွဲ၍ ကျင်းပမည် ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မလေးရှား၊

*စာမျက်နှာ ၁၃ ကော်လံ ၃* ✳



၂၀၁၆ ဆူဇူကီး ဖလား ပြိုင်ပွဲတွင်မြန်မာနှင့်မလေးရှားအသင်းတွေ့ဆုံခဲ့စဉ်။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ်မြန်မာ့အလင်း သတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။




# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း

ကြာသပတေး၊ မေ ၃၊ ၂၀၁၈


ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့က နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စာသင်ကျောင်း ၃၀၀ ပြည့်အထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားစေရေးတို့ ပါဝင်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ(၁)နှစ်တာ



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်း


ရှင်မင်း


ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးကို ရည်မှန်းကာ အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ထိုသို့ ဆောင်ရွက်မှုနှင့်အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားလာရေးကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒုတိယ (၁) နှစ်တာကာလအတွင်း ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

"အမျိုးသား ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်လာရေး၊ ပြည်သူတွေရဲ့ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးစတာတွေကို မူဝါဒတွေ၊ ရည်မှန်းချက်တွေ ချမှတ်အကောင်အထည်ဖော်နေတယ်၊ ဒီလို ရည်မှန်းချက်တွေ အောင်မြင်အောင် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်းက ပြောကြားသည်။

**ငြိမ်းချမ်းမှုရရှိရေး ဆောင်ရွက်ပေး**

"တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်ကြပြီးတော့ သေကျေပျက်စီးကြမယ့်အစား ဒီအင်အားတွေနဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်ဆောင်ရွက်ရင် နိုင်ငံက များစွာဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်၊ ဒါကြောင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းမှုရရှိရေးကို ပိုမိုပြီးတော့ ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးဖြစ်သည့် သနပ်ဖက်လုပ်ငန်းရှင် ဦးမောင်မောင်မြင့်က ပြောသည်။

**တစိုက်မတ်မတ် အားမြှင့်လုပ်ကိုင်**

အလားတူ ဒေသခံ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးညိုလုံးကလည်း "ပြည်နယ်အစိုးရအနေနဲ့ ပြည်သူ့အသံတွေကိုနားစွင့်၊ ပြည်သူ့ဘဝထဲကို ကွင်းဆင်း၊ ပြည်သူတွေနဲ့ တစ်သားတည်းနေရင်းနဲ့ ပြည်သူတွေရဲ့လိုအပ်ချက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဆိုတဲ့ ကိစ္စရပ်တွေကို တစိုက်မတ်မတ်နဲ့ အားမြှင့်လုပ်ကိုင်ဆောင်ရွက်ဖို့ အကြံပြုချင်ပါတယ်"ဟု ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုပ်ငန်းရှင်များ၊ NGO အဖွဲ့များနှင့် ပုဂ္ဂလိကအလှူရှင်များ ပူးပေါင်းကာ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူများအတွက် ငွေသားနှင့် ပစ္စည်းတန်ဖိုးငွေကျပ် သိန်းခုနစ်ထောင့်ကိုးရာကျော်ကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေး**

"ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S)ကို အစိုးရကိုယ်စားလှယ် ငါးဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ငါးဦး၊ အရပ်သားကိုယ်စားလှယ်လေးဦး စုစုပေါင်း ၁၄ ဦးနဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်၊ ဒီကော်မတီကနေ ၂၀၁၆ ခုနှစ်မှာ (၃)ကြိမ်၊ ၂၀၁၇ ခုနှစ်မှာ (၉)ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ (၂) ကြိမ် တွေ့ဆုံပြီးတော့ တပ်မတော်နဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကြား အပစ်အခတ်ရပ်စဲရေး၊ ပဋိပက္ခများ ချုပ်ငြိမ်းရေးတို့အတွက် ညှိနှိုင်းဆွေးနွေးတာကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"ယခင်က ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည် တပ်မတော် (RCSS/SSA)အဖွဲ့၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)တို့နဲ့ NCA စာချုပ်သဘောတူလက်မှတ်ရေးထိုးထားရှိပါတယ်၊ ၁၃-၂-၂၀၁၈ ရက်နေ့မှာ လားဟူဒီမိုကရက်တစ်ပါတီ (LDU) နဲ့ ပြည်ထောင်စုအဆင့်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် ရှမ်းပြည်နယ်အတွင်း NCA သဘောတူ


*အချပ်ပို(ခ)သို့*


**အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေး၊ ပြည်သူတွေရဲ့ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးစတာတွေကို မူဝါဒတွေ၊ ရည်မှန်းချက်တွေ ချမှတ်အကောင်အထည်ဖော်နေတယ်၊ ဒီလို ရည်မှန်းချက်တွေ အောင်မြင်အောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကလော ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။




( ၆၉)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ တောင်ကြီးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

*အချပ်ပို(က)မှ*

လက်မှတ်ရေးထိုးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ရှိခဲ့ပြီ ဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်မှုကို ပြောကြားသည်။

**ငြိမ်းချမ်းရေးစကားဝိုင်း ပြုလုပ်**

ဆက်လက်ပြီး ၎င်းက "ပြီးတော့ ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဓိကအရေးပါတဲ့၊ ပင်လုံစာချုပ်ချုပ်ဆိုခဲ့တဲ့ ပင်လုံမြေမှာ နှစ် (၇၀) ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံတော်၏ အတိုင်အပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ပြီး ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ အမှာစကား ပြောကြားခဲ့ပါတယ်၊ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ ကိုယ်စားလှယ်တွေနဲ့ ငြိမ်းချမ်းရေးစကားဝိုင်း Peace Talk ကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်"ဟု ပြောကြားသည်။

ရှမ်းပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေးခု၊ ခရိုင် ၁၃ ခု၊ မြို့နယ်ပေါင်း ၅၅ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကြီးဆုံးပြည်နယ်တစ်ခု ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုများ စီးဝင်နိုင်အောင် ဆောင်ရွက်**

ထိုကဲ့သို့ ဖွဲ့စည်းတည်ရှိနေသည့် ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တွင်းသို့ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်နိုင်အောင် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်။

"၃၁-၃-၂၀၁၈ ရက်နေ့အထိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၁၈ ခုကနေ အမေရိကန်ဒေါ်လာ ၇၅၆ သန်းကျော်နဲ့ နိုင်ငံသားတွေရဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၆၄ ခုကနေ အမေရိကန်ဒေါ်လာအပါအဝင် မြန်မာကျပ်ငွေ ၇၂၄ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုတွေကို ရရှိခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။

**အကောင်အထည်ဖော်**

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေကို နှစ်အလိုက် ဈေးနှုန်းတွေအရ ငွေကျပ် ၄၀၉၈ ဘီလီယံကျော် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ၇ ရာခိုင်နှုန်း တိုးတက်ဖို့ ရည်မှန်းခဲ့ပါတယ်၊ ဒီလိုရည်မှန်းရာမှာ ဧပြီလကုန်မှ မတ်လကုန်အထိ ငွေကျပ် ၄၇၆၈ ဘီလီယံကျော် ရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက် ၉၇ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့တယ်။

"၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက် စုစုပေါင်း ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေကို နှစ်အလိုက် ဈေးနှုန်းတွေအရ ငွေကျပ် ၅ ဒသမ ၄၂၂ဘီလီယံကျော်နဲ့ အကောင်အထည်ဖော်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ဖို့ ရည်မှန်းခဲ့ပါတယ်၊ ဒီနေရာမှာ ဧပြီလကုန်ကနေ မတ်လကုန်အထိ နှစ်ကုန် ခန့်မှန်းခြေ ယာယီစာရင်းအရ ငွေကျပ် ၅၃၄၂ ဘီလီယံကျော်ရရှိဖို့ ခန့်မှန်းထားပါတယ်၊ စီမံကိန်း ရည်မှန်းချက်အပေါ် ၉၈ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ပုံမှန်ဈေးနှုန်းတွေအရ ၆ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ဖို့ ရည်မှန်းထားပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ပြောသည်။

**တိုးတက်မှုရှိအောင် စွမ်းဆောင်နိုင်ခဲ့**

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းလျက်ရှိရာ ၎င်းတို့တာဝန်ယူသည့် နှစ်နှစ်တာကာလအတွင်း တိုးတက်မှုရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ပြည်နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၈၄၄ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်အတွင်း စာတတ်မြောက်မှုရာခိုင်နှုန်း တိုးတက်လာစေရန် စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် မြို့နယ် ၁၅ မြို့နယ်ရှိ စာကျက်ဝိုင်း ၂၇၇၁ ဝိုင်း၊ စာသင်သား ၂၆၉၇၂ ဦးတို့အတွက် ဆရာ ဆရာမ ၂၆၈၅ ဦးတို့က သင်ကြားပြသပေးနိုင်ရန် စီစဉ်ပေးခဲ့သည်။

"နှစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်မှာ ငွေကျပ်သန်း ၂၄၆၅၁ သန်းကျော်နဲ့ ကျောင်းဆောင်သစ် ၆၀၄ ကျောင်းကို အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်၊ ဒါ့အပြင် ကျောင်းပေါင်း ၃၅၀၀ ကျော် ပြုပြင်ထိန်းသိမ်းခြင်းနဲ့ လမ်းခင်းကျင်းခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ နိပ္ပွန်ဖောင်ဒေးရှင်းကလည်း ငွေကျပ် သန်းပေါင်း ၁၀၃ သန်းကျော်နဲ့ ကျောင်းပေါင်း ၂၀ ကို ဆောက်လုပ်လှူဒါန်း ပေးထားပါတယ်"ဟု ပြည်နယ်ပညာရေးအတွက် ဆောင်ရွက်မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**ဆေးလူမှုဆက်ဆံရေးမှူးတွေ ခန့်ထား**

အလားတူ ပြည်နယ်၏ ကျန်းမာရေးကဏ္ဍ တိုးတက်ရန် ဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြောကြားရာတွင် "ဆေးရုံတက်လူနာတွေ ကုသမှုချောမွေ့လွယ်ကူစေရေးအတွက် ခုတင် ၂၀၀ နဲ့ အထက် ဆေးရုံကြီးတွေမှာ လူနာတွေကို လက်ခံပြီး ကူညီဆောင်ရွက်ပေးတဲ့ ဌာနတွေဖွင့်လှစ်ပြီးတော့ ဆေးလူမှုဆက်ဆံရေးအရာရှိ၊ ဆေးလူမှု ဆက်ဆံရေးမှူးတွေ ခန့်ထားပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ၂၀၁၈ အတွက် ရှမ်းပြည်နယ်ရဲ့ကျန်းမာရေးသံတမန်အဖြစ် Miss Golden Land Myanmar နန်းမွေခမ်းကိုလည်း ကျန်းမာရေးသံတမန်အဖြစ် ပူးပေါင်းဆောင်ရွက်ပေးနိုင်ဖို့ ခန့်အပ်ပေးနိုင်ခဲ့ပါတယ်"ဟု ၎င်းက ဆိုသည်။

ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က စပါးတစ်ဧကအတွက် ငွေကျပ် တစ်သိန်း ချေးပေးရာမှ ယခုအခါ ငွေကျပ် တစ်သိန်းငါးသောင်းအထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုးမြှင့်ထုတ်ချေးပေးနိုင်ခဲ့ပြီး တောင်သူ ၄၅၈၈၄ ဦးအား ချေးငွေကျပ်သန်း လေးသောင်းကိုးထောင်ကျော် ထုတ်ချေးပေးနိုင်ခဲ့သည်။

လယ်ယာကဏ္ဍအတွက် JICA ချေးငွေအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေဖြင့် လယ်ယာသုံးစက်ကိရိယာစီးရေ ၃၀၊ ချေးငွေပမာဏ ငွေကျပ်သန်း ၁၃၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

*အချပ်ပို(ဂ)သို့*



တာချီလိတ်ခရိုင် ကုသရေးဦးစီးဌာန ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာရွှေဝင်း ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့သည် တာချီလိတ်မြို့နယ်အတွင်း အခမဲ့ကွင်းဆင်းကုသပေးစဉ်။



လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်တို့အတွင်းရှိ ညောင်ရွှေ၊ တောင်ကြီး၊ ဟိုပုံး၊ လွိုင်လင်နှင့် ပင်လုံမြို့များ၌ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးစဉ်။

*အချပ်ပို(ခ)မှ*

ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုတစ်ခုအနေဖြင့် ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူ ၂၉၈၁၆၀ ၏ ဦးပိုင်လုပ်ကွက်ပေါင်း ၃၈၃၈၄၂ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များ ထုတ်ပေးနိုင်ခဲ့သည်။

**မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံ**

ပြည်နယ်အတွင်း သိမ်းဆည်းခံလယ်ယာမြေများ မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံနိုင်ရေးကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အမှုပေါင်း ၂၃၂၆ မှုကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။ “ပြည်နယ်လယ်ယာမြေနဲ့ အခြားမြေတွေသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ အရင်အစိုးရလက်ထက်မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ အစီရင်ခံစာ အပိုင်း (၁) မှ (၁၈) အထိ အမှုကိစ္စပေါင်း ၂၃၃၃ မှုရှိတဲ့အနက် ၂၃၂၆ မှုကို ဖြေရှင်းပေးနိုင်ခဲ့တယ်၊ အမှုခုနစ်မှုသာ ကျန်ရှိပါတယ်။

**ဖြေရှင်းပေးနိုင်ခဲ့**

“အရင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ တိုက်ရိုက်တိုင်ကြားစာတွေအပေါ် စိစစ်ပေးရန်အမှုကိစ္စပေါင်း ၂၂၅ မှုရှိပြီးတော့ ၁၃၇ မှုကို ဖြေရှင်းပေးနိုင်ခဲ့တယ်၊ ၈၈ မှုသာ ကျန်ရှိပါတယ်။

**အမြန်ဆုံးပြီးပြတ်စေရေးဆောင်ရွက်**

“ယခုလယ်ယာမြေနဲ့ အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကာလမှာ တင်ပြတိုင်ကြားထားတဲ့ အမှုကိစ္စပေါင်း ၄၅၉ မှုရှိပြီးတော့ ၁၀၆ မှု ဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် ၃၅၃ မှု ကျန်ရှိနေပါတယ်၊ စိစစ်ပြီးအမှုပေါင်း ၂၅၆၉ မှုအနက်မှ အမှုပေါင်း ၂၅၀ ကို နှစ်နှစ်တာကာလအတွင်းမှာ စိစစ်ဖြေရှင်းပေးနိုင်ခဲ့ပြီးတော့ ကျန်ရှိအမှုပေါင်း ၄၄၈ မှုကိုလည်း အမြန်ဆုံးပြီးပြတ်စေရေး ဆောင်ရွက်နေပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေဧရိယာပေါင်း ၃၀၂၇၃ ဒသမ ၉၄၆ ဧကရှိကြောင်း သိရပြီး ဆက်လက်၍ တောင်သူ ၂၅၃၄ ဦးထံ စွန့်လွှတ်မြေ ၁၀၈၈ ဒသမ ၄၇၉ ဧက အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူးယစ်ဆေးဝါးပြဿနာ**

“ရှမ်းပြည်နယ်မှာ အဓိကပြဿနာကတော့ မြေယာပြဿနာဖြစ်ပြီးတော့ ဒုတိယအကြီးမားဆုံးပြဿနာက မူးယစ်ဆေးဝါးပြဿနာဖြစ်ပါတယ်၊ ပြည်သူတွေကို ကူညီဖြေရှင်းပေးတဲ့အနေနဲ့ မူးယစ်ဆေးဝါး ဆေးဖြတ်စခန်းနဲ့ ပြန်လည်ထူထောင်ရေးစခန်းတစ်ခုကို ရှမ်းပြည်နယ်အစိုးရအနေနဲ့ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးစေချင်ပါတယ်”ဟု ရှမ်းပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်မှ ဒေါ်နန်းမိုမိုသီတာက အကြံပြုပြောကြားသည်။

**ဘိန်းခင်းဧရိယာများဖျက်ဆီး**

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နှစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်တွင် ဘိန်းခင်းဧရိယာ ၈၄၃၆ ဒသမ ၃၇ ဧကဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ဘိန်းစိုက်ပျိုးမှု လျော့နည်း**

“ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကြိုးစားပမ်းစားလုပ်ကိုင် ဆောင်ရွက်နေတယ်လို့ ကျွန်တော်တို့အနေနဲ့ သုံးသပ်လိုပါတယ်၊ အစိုးရအနေနဲ့ မြေသားလမ်း၊ မြေသားလမ်းကနေပြီးတော့မှ ကျောက်ချောလမ်း၊ တစ်ဆင့်တက်ပြီး ကတ္တရာလမ်း၊ အဲဒီလို လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးပွင့်သွားပြီး ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်သွားမယ်လို့ ယုံကြည်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းချင်ပါတယ်” ဟု တောင်ကြီးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းက အကြံပြုပြောကြားသည်။

နှစ်နှစ်တာကာလအတွင်း ငွေလုံးငွေရင်း/သာမန်အသုံးစရိတ်ပေါင်းငွေကျပ်သန်း ၁၄၀၀၀ ကျော်ဖြင့်မြို့ပြလမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**ရေပေးရေးလုပ်ငန်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်းနှင့် မြေသားလမ်းများအဖြစ် မြို့ပြလမ်း ၈၂၃လမ်း၊ လမ်းအရှည် ၁၃၈ မိုင် ၇ ဒသမ ၁၆ ဖာလုံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် မြို့နယ်ပေါင်း ၄၂ မြို့နယ်တွင် တံတား ၅၃၈ စင်းနှင့် ရေပေးရေးလုပ်ငန်း ၁၉၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေ ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ နှစ်နှစ်တာကာလအတွင်း ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေလမ်းစုစုပေါင်း ၁၁၁ လမ်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၈၀၀ ကျော်ဖြင့် ပြည်နယ်အတွင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်းရှိ လမ်းအားလုံးကို ASEAN Class III ၁၈ ပေ အကျယ်ကတ္တရာလမ်း/ကွန်ကရစ်လမ်းအဆင့်ထိ ရောက်ရှိရေးကို ပြည်နယ်အစိုးရအနေဖြင့် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*အချပ်ပို(ဃ) သို့*



ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဆီဆိုင်မြို့ မြို့ပေါ်ခြောက်ရပ်ကွက်နှင့် မြို့နှင့်ဆက်စပ်လျက်ရှိသည့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ သောက်သုံးရေရရှိရေးအတွက် တစ်ဖက်ပိတ်ဆည် တည်ဆောက်ထားမှုကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၃၊ ၂၀၁၈



တောင်ကြီးမြို့တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဒေါက်တာ အောင်သန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*အချပ်ပို(ဂ)မှ*

ကွန်ကရစ်တံတား၊ သစ်သားတံတားနှင့် အခြားတံတား စုစုပေါင်းတံတား ၁၆၄ စင်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၀၀ ကျော်ဖြင့် လည်းကောင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းများအဖြစ် တွင်းတိမ် ၁၀ တွင်း၊ တွင်းနက် ၂၇ တွင်း၊ လက်တူးတွင်း ခြောက်တွင်း၊ မြေသားရေကန် ၁၉ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၂၀၄ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၅၈ ခုတို့ကို ခွင့်ပြုငွေကျပ်သန်း ၅၀၀၀ ကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ကျေးရွာဂရန် ၄၃၆၄ ခုထုတ်ပေးနိုင်**

ကျေးလက်နေပြည်သူများအတွက် ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုတစ်ခုအနေဖြင့် နှစ်နှစ်တာကာလအတွင်း ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်၊ ကျေးရွာပေါင်း ၄၇ ရွာတွင် ကျေးရွာဂရန် ၄၃၆၄ ခုထုတ်ပေးနိုင်ခဲ့သည်။

**ရေဝေရေလဲစိုက်ခင်း**

ရှမ်းပြည်နယ်အတွင်း သစ်တောများ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စီးပွားရေးစိုက်ခင်းဧက ၃၀၀၊ ရေဝေရေလဲစိုက်ခင်းဧက ၄၀၀ တို့ကို စိုက်ပျိုးခဲ့ပြီး ၉၁ ဒသမ ၉၄ ရာခိုင်နှုန်း ရှင်သန်အောင်မြင်အောင် ဆောင်ရွက်ခဲ့သည်။

၂၀၁၇-၂၀၁၈ ခုနှစ် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ စီးပွားရေးစိုက်ခင်းဧက ၄၇၅ ဧက၊ ရေဝေရေလဲ စိုက်ခင်းဧက ၃၂၀၊ ထင်းစိုက်ခင်းဧက ၁၀၅ ဧကတို့ကို စိုက်ပျိုးခဲ့ပြီး ၉၃ ဒသမ ၁၁ ရာခိုင်နှုန်းရှင်သန်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

**တန်ဖိုးနည်းအိမ်ရာများဖော်ဆောင်**

ပြည်နယ်အတွင်းရှိ ဝင်ငွေနည်းပြည်သူများအတွက် ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ တန်ဖိုးနည်းအိမ်ရာများကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ဝင်ငွေအလယ်အလတ် ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာ၊ အငှားအိမ်ရာများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုအကြောင်းကို ပြည်နယ်ဝန်ကြီးချုပ်က "ဝင်ငွေနည်းပြည်သူတွေအတွက် (Low Cost Housing) တွေ ဆောက်လုပ်ပေးလျက်ရှိပါတယ်၊ ဝင်ငွေအလယ်အလတ် ပြည်သူတွေအတွက် တန်ဖိုးသင့်အိမ်ရာတွေ၊ အငှားအိမ်ရာတွေ၊ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**နေထိုင်မှုအဆင်ပြေစေဖို့**

"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၃၆ လုံးကို မြို့နယ် ၁၄ မြို့နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ နိုင်ငံ့ဝန်ထမ်းတွေ နေထိုင်မှုအဆင်ပြေစေဖို့ အိမ်ခန်းပေါင်း ၅၅၂ ခန်းကိုလည်း အငှားနေရာချထားပေးနိုင်ခဲ့ပါတယ်" ဟု ရှင်းပြသည်။

ပြည်နယ်၏ ပို့ကုန်၊ သွင်းကုန်ကုန်သွယ်မှုအနေဖြင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ဇုန်မှ အမေရိကန် ဒေါ်လာသန်း ၄၂၀၀ ကျော်၊ တာချီလိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာသန်း ၇၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာသန်း ၁၁၀၀ ကျော်ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**နေ့ချင်းပြန်လည်ပတ်**

ရှမ်းပြည်နယ်သို့ ပြည်တွင်းပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့်တစ်နှစ်လျှင် ပြည်တွင်းဧည့်သည်ပေါင်း ခြောက်သိန်းကျော်၊ ပြည်ပဧည့်သည်ပေါင်းလေးသိန်းကျော် စုစုပေါင်း တစ်သန်းကျော်လာရောက်လည်ပတ်လျက်ရှိပြီး နယ်စပ်ဝင်ပေါက်များမှလည်း နေ့ချင်းပြန် ဝင်ရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် ၁ ဒသမ ၅သန်းကျော်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်နယ်အတွင်း ခရီးသွားကဏ္ဍမြှင့်တင်မှုအနေဖြင့် နှစ်နှစ်တာကာလအတွင်း ဟိုတယ်အလုံးပေါင်း ၇၆ လုံး တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၅၇ ဘီလီယံကျော်ရရှိခဲ့ကြောင်း သိရသည်။

**အဓိကစိန်ခေါ်မှုဖြစ်**

ပြည်နယ်အစိုးရအနေဖြင့် ၎င်းတို့ တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်နှစ်တာကာလ ဆောင်ရွက်မှုအပေါ် ဝန်ကြီးချုပ်က "နှစ်နှစ်တာ ကာလအတွင်းမှာ လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ အပြည့်အဝ အားရကျေနပ်မှုတော့မရှိပါဘူး၊ လုပ်ငန်းဆောင်ရွက်ခဲ့ရမှုတွေအပေါ်မှာ မမျှော်လင့်ဘဲကြုံတွေ့ရတဲ့ပြဿနာတွေလည်း ရှိခဲ့ပါတယ်၊ ဒါပေမယ့် အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုအင်အားတွေကြောင့်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်၊ ပြည်နယ်ငြိမ်းချမ်းရေးနဲ့ ပြည်နယ်တစ်ခုလုံး တည်ငြိမ်မှုရရှိရေးဟာ ကျွန်တော်တို့ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကအကျဆုံး စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေတယ်" ဟု ပြောသည်။

**တတ်အားသမျှဆောင်ရွက်**

ပြည်နယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးကို ပြည်သူများက လိုလားကြသလို ပြည်နယ်အစိုးရအနေဖြင့် တတ်အားသမျှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်သူ၊ ပြည်နယ်သားများ မလိုလားသည့် ပဋိပက္ခများ ချုပ်ငြိမ်းကာ မျှော်မှန်းသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်လာစေရန် ပြည်နယ်အစိုးရအနေဖြင့် ကျန်ရှိသည့် သုံးနှစ်တာ အစိုးရကာလအတွင်း တတ်အားသမျှ ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

◆ **ပြည်နယ်၏ ပို့ကုန်၊ သွင်းကုန်ကုန်သွယ်မှုအနေဖြင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ဇုန်မှ အမေရိကန် ဒေါ်လာသန်း ၄၂၀၀ ကျော်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသန်း ၇၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ကျော်ရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့**

◆ **အားလုံးရဲ့ပူးပေါင်းဆောင်ရွက်မှု အင်အားတွေကြောင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်၊ ပြည်နယ်ငြိမ်းချမ်းရေးနဲ့ ပြည်နယ် တစ်ခုလုံး တည်ငြိမ်မှုရရှိရေးဟာ ကျွန်တော်တို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံး စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေ**



မဲဟောင်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။